# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ ဝါခေါင်လဆန်း (၁) ရက် ၊ တနင်္လာနေ့ ၊ (5-8-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၀၉၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အသည်းအစားထိုးခွဲစိတ်ကုသမှုလုပ်ငန်း(ဒုတိယနေ့) ဆက်လက်ဆောင်ရွက်



အသည်းအစားထိုးခွဲစိတ်ကုသမှုလုပ်ငန်း(ဒုတိယနေ့) ဆက်လက်ဆောင်ရွက်စဉ်။

**နေပြည်တော် ဩဂုတ် ၄**

တပ်မတော်တွင် သတ္တမအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှု ဒုတိယနေ့ကို ယနေ့တွင် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) အထူးကုသမှုစင်တာ၌ဆက်လက်ပြုလုပ်ခဲ့သည်။

အဆိုပါ အသည်းအစားထိုးခွဲစိတ်ကုသမှုတွင်လူနာဖြစ်သူ ဦးဇေယျာလတ်နှင့်ညီမဖြစ်သူ အသည်းအလှူရှင် မခင်ယွန်းဝတီလှိုင်တို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်သည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုဆောင်ရွက်ရာတွင် အသည်းအလှူရှင်လူနာထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၉ နာရီတွင်စတင်ခဲ့ပြီး ထုတ်ယူရရှိသောအသည်းကို ညနေ ၄ နာရီခွဲခန့်တွင် အသည်းလက်ခံလူနာထံသို့ အစားထိုးခွဲစိတ်ကုသခြင်း ဆောင်ရွက်ခဲ့ကာ **စာမျက်နှာ ၂၂ ကော်လံ ၁** ☞

MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း အသင်းအဖွဲ့ ၅ ခုမှ သဘောထားများထုတ်ပြန် စာမျက်နှာ - ၂၀

နိုင်ငံရေးပါတီ ၂၅ ပါတီ၏ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက် စာမျက်နှာ - ၁၉

နိုင်ငံတော် လုံခြုံရေးတာဝန်ထမ်းဆောင်နေသော ရှေ့တန်းရောက်တပ်မတော်သားများ အတွက် စားသောက်ဖွယ်ရာများထောက်ပံ့ စာမျက်နှာ - ၁၇

**လူတိုင်းပါဝင် ကာကွယ်လှူဒါန်း** ဆောင်းပါး စာမျက်နှာ - ၄

## ရေဝတီမြစ်ရေ ဟသ်ာတမြို့နှင့် ဇလွန်မြို့တို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၄**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဟသ်ာတမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၄၄ ဒသမ ၀၃ ပေ(၁၃၄၂ စင်တီမီတာ)အောက် လေးလက်မခန့်(၉ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

ဆက်လက်၍ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၈ ဒသမ ၀၆ ပေ(၁၁၆၀ စင်တီမီတာ)အောက် ပေဝက်ခန့်(၁၅ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သဖြင့် ဟသ်ာတမြို့နယ်နှင့် ဇလွန်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)


ကုန်ဆုံးသွားသော စွမ်းအားများ

**DAGON Malta Fresh** နဲ့ ဖြည့်စွမ်းထား ...

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၆၅၁၁၇၇၊ ၀၉ ၆၉၄၉၆၅၀၈၀

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၃၉၀၇၇



ရတနာပုံ
၂၀၂၄ ခုနှစ် ဩဂုတ် ၅ ရက်
အယ်ဒီတာ့အာဘော်

# တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး

တရားမဝင်ကုန်ပစ္စည်းများသည် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နှောင့်နှေးစေသည့်အပြင် အရည်အသွေးအာမခံချက်မရှိသော စားသောက်ကုန်နှင့်ဆေးဝါးများကြောင့် စားသုံးသူပြည်သူများကိုလည်း အန္တရာယ်ဖြစ်စေသည်။ ထို့ပြင် ပေါက်ကွဲစေတတ်သောပစ္စည်းများ၊ ဓာတုကုန်ကြမ်းပစ္စည်းများနှင့် မူးယစ်ဆေးဝါးများကလည်း ပြည်သူများအတွက် ကြီးမားသောအန္တရာယ်ဖြစ်စေသောကြောင့် နိုင်ငံတော်အနေဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်လျက်ရှိပေသည်။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်သည့်အခါတွင် သက်ဆိုင်ရာ အထူးအဖွဲ့များ One Stop Service(OSS) ဌာနဆိုင်ရာတာဝန်ခံများအနေဖြင့် ကုန်သွယ်မှုလမ်းကြောင်းများ၊ သက်ဆိုင်ရာတာဝန်ကျစစ်ဆေးရေးစခန်းများ၌တားဆီးခြင်း၊ ဖမ်းဆီးခြင်းများဆောင်ရွက်ရာတွင် တရားမဝင်တင်သွင်းမှုများအပြင် တရားမဝင်တင်ပို့မှုများကိုပါ တားဆီးဖမ်းဆီးပြီး ဥပဒေနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

ယခုနှစ် မေလနှင့် ဇွန်လအတွင်း ဖမ်းဆီးရရှိမှုများအနေဖြင့် အကောက်ခွန်ဦးစီးဌာနက အများဆုံးဖမ်းဆီးရမိခဲ့ပြီး နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက်ဖမ်းဆီးရရှိမှုများတွင် မန္တလေးတိုင်းဒေသကြီးက အများဆုံးဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးက ဒုတိယအများဆုံးနှင့် ရှမ်းပြည်နယ်က တတိယအများဆုံးဖမ်းဆီးရမိခဲ့ပါသည်။ ကုန်ပစ္စည်းအုပ်စုလိုက်ဖမ်းဆီးရရှိမှုများကိုစိစစ်ရာတွင် လိုင်စင်မဲ့မော်တော်ယာဉ်နှင့် တရားမဝင်ကုန်စည်တင်ရေယာဉ်အပါအဝင် မော်တော်ယာဉ်ဖမ်းဆီးရရှိမှုများက အများဆုံးဖြစ်ပြီး ဒုတိယအများဆုံးမှာ လူသုံးကုန်ပစ္စည်းများဖြစ်သည်ကို တွေ့ရပေသည်။ မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှုများအနေဖြင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလထိ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၃ ဒသမ ၈၁၄ ဘီလီယံနှင့် ယခုနှစ် ဇန်နဝါရီလမှ ဇွန်လထိ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇ ဒသမ ၉၇၈ ဘီလီယံရှိကြောင်း တွေ့ရပေသည်။

တရားမဝင်ကုန်သွယ်မှုများကြောင့် တရားဝင်ပို့ကုန်ပမာဏကျဆင်းပြီး နိုင်ငံခြားသုံးငွေဝင်ရောက်မှုကျဆင်းခြင်း၊ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ငွေပေးချေမှုများပြုလုပ်နေခြင်းကြောင့် မှောင်ခိုငွေကြေးဈေးကွက်ဖြစ်ပေါ်စေခြင်း၊ နိုင်ငံတော်၏ ရငွေ၊ သုံးငွေစာရင်းအမှန်များတွက်ချက်ရန် အခက်အခဲများဖြစ်စေခြင်းနှင့်အကျိုးဆက်အားဖြင့် မှန်ကန်သည့်ဘဏ္ဍာရေးနှင့်ငွေကြေးဆိုင်ရာမူဝါဒများချမှတ်နိုင်ရေးအပေါ် အဟန့်အတားအနှောင့်အယှက်ဖြစ်စေခြင်းတို့ကို တွေ့ရှိရပေသည်။

တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်ထုတ်လုပ်မှုနှင့်စားသုံးသူပြည်သူများအတွက် အကျပ်အတည်းဖြစ်ပေါ်စေခြင်းအပြင် စီးပွားရေးလုပ်ငန်းများအနေနှင့်လည်း ဈေးကွက်ကမောက်ကမဖြစ်ခြင်းကြောင့် လုပ်ငန်းများမတိုးချဲ့နိုင်ခြင်းနှင့် ရင်ဆိုင်ခြင်းတို့ဖြစ်ပေါ်လာစေပြီး ထိုမှတစ်ဆင့် ပြည်တွင်းတွင် အလုပ်လက်မဲ့ဦးရေမြင့်တက်လာကာ ပြည်ပနိုင်ငံများသို့သွားရောက်လုပ်ကိုင်ကြသည့်အတွက် ပြည်တွင်းကုန်ထုတ်လုပ်မှုကဏ္ဍ၌ လုပ်အားများလျော့နည်းသွားနိုင်ခြင်းနှင့်အတူ ကုန်ထုတ်လုပ်မှုများလျော့ကျလာပြီး ပြည်တွင်းတွင် စီးပွားရေးအကျပ်အတည်းများဖြစ်ပေါ်လာကာ နိုင်ငံ၏ စီးပွားရေးကဏ္ဍများအပေါ် များစွာအကျိုးသက်ရောက်မှုရှိလာမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာ၏ဖွံ့ဖြိုးတိုးတက်မှုများ၊ တရားဝင်စီးပွားရေးလုပ်ငန်းများကို ထိခိုက်စေနိုင်သည့် တရားမဝင်ကုန်သွယ်မှုများလျော့နည်းကျဆင်းရေးအတွက် "အမျိုးသားရေးတာဝန်တစ်ရပ်"အနေဖြင့် နိုင်ငံ့ဝန်ထမ်းများ၊ တာဝန်ရှိသူများအပြင် ဆက်စပ်သည့်ကုန်သည်လုပ်ငန်းရှင်များနှင့် ပြည်သူလူထုကပါပူးပေါင်းပါဝင်ပြီး စဉ်ဆက်မပြတ်ကြိုးစားတိုက်ဖျက်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ပဉ္စမစွယ်တော်ရှင်စေတီတော် ပြန်လည်ပြုပြင်ခြင်းပြီးစီးမှုနှင့် မြေတိုင်းမှတ်တိုင် တိုင်းတာစစ်ဆေးမှု မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှု



**မန္တလေး ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကူမဲမြို့ အရှေ့တောင်ဘက် ကိုးမိုင်ခန့်အကွာ မြသုခရွာအနီး မြန်မာပြည်အလယ်ဗဟိုချက်ပြက္ခရွှေတောင်ရှိ အနော်ရထာမင်းတည်ထားခဲ့သည့် ပဉ္စမစွယ်တော်ရှင်စေတီတော်အား ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ လုပ်ငန်းပြီးစီးမှုအခြေအနေများကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် ဩဂုတ် ၃ ရက် နံနက်ပိုင်းက သွားရောက်ဖူးမြော်ကြည့်ရှုခဲ့သည်။

ရှေးဦးစွာ မြင့်မိုရ်ဦးကျောင်းတွင် နိုင်ငံတော်ဩဝါဒါစရိယ မိတ္ထီလာ အာသောကာရုံ ရေလည်ကျောင်းဆရာတော် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ လာဘာဝမဟာထေရ် အမှူးပြုသော ဆရာတော်၊ သံဃာတော်များကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများ၊ အလှူရှင်များကဖူးမြော်၍ ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ပဉ္စမစွယ်တော်ရှင် စေတီတော်အား ရှေးဟောင်းလက်ရာမပျက် ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆရာတော်ကြီးထံမှ ဩဝါဒခံယူခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်ဩဝါဒါစရိယ မိတ္ထီလာ အာသောကာရုံ ရေလည်ကျောင်းဆရာတော်နှင့်ဆရာတော်၊သံဃာတော်များထံ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများနှင့် အလှူရှင်များက ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများကိုဆက်ကပ်လှူဒါန်းကြပြီး ရေစက်ချအနုမောဒနာတရား နာယူကြည်ညိုကြ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီးနောက် နေ့ဆွမ်းများဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပဉ္စမစွယ်တော်ရှင်စေတီတော်အားဖူးမြော်ကြည်ညိုပြီး ရှေးဟောင်းလက်ရာမပျက် ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ မြေတိုင်းဦးစီးဌာန မြန်မာနိုင်ငံမြေတိုင်းကျောင်း ကျောင်းအုပ်ကြီး(ညွှန်ကြားရေးမှူး)နှင့် တိုင်းတာရေးအဖွဲ့က မြန်မာနိုင်ငံဗဟိုချက်ဖြစ်သော ပြက္ခရွှေတောင်မြေတိုင်းမှတ်တိုင်ကိုပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်ရန် တိုင်းတာစစ်ဆေးနေမှုများကို လိုက်လံကြည့်ရှုပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၂၆၈၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကလေးဝ ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၂၆၈၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၈၆၃၄ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၆၈၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ကလေးဝမြို့နယ်အတွင်း မိုးစပါးဧက ၁၈၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၆၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးသတ်မှတ်လျာထားဧကပြည့်မီအောင် လိုအပ်တဲ့နည်းပညာ၊ မျိုးတွေဆောင်ရွက်ပေးမယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ကလေးဝမြို့နယ်တွင် ယခုနှစ် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်း ကောင်းမွန်စေရန် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ တမန်းနှီးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# မနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငရုတ်သီးစိမ်း ပိဿာချိန် ၉၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဓနုဖြူ ဩဂုတ် ၄**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငရုတ်သီးစိမ်း ပိဿာချိန် ၉၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ်မှ သီးနှံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိထွေးက ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လက ငရုတ်သီးစိမ်း ပိဿာချိန် ၇၀၀၀၀ ထိသာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ငရုတ်သီးစိမ်းပိဿာချိန် ၉၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ တင်ပို့ရောင်းချခဲ့သည့် ငရုတ်သီးစိမ်း ၁၀ ပိဿာလျှင် ငွေကျပ် ၅၅၀၀၀ ဈေးပေါက်ခဲ့ကြောင်း သိရသည်။

"ဇူလိုင်လအတွင်း ဓနုဖြူမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို ငရုတ်သီးစိမ်း ပိဿာချိန် ၉၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လယ်ယာထွက်ကုန်တွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချပါတယ်။ ဓနုဖြူမြို့နယ်ကထွက်တဲ့ ဒေသထွက်ငရုတ်သီးတွေက အရည်အသွေးကောင်းပြီး သန့်ရှင်းတယ်။ ငရုတ်သီးက အရည်အသွေးကောင်းတော့ မှာယူတဲ့ကုန်ပစ္စည်းကလဲများနေပါတယ်။ ရက်ရှည်အထားခံပြီး တစ်ဆင့်ပြန်လည်ရောင်းချရာမှာ အဆင်ပြေတာကြောင့်ဖြစ်ပါတယ်"ဟု ဓနုဖြူမြို့နယ်မှ သီးနှံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိထွေးက ဆက်လက်ပြောပြသည်။

ဓနုဖြူမြို့နယ်မှ တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့်တွဲဖက်ပြီး ငရုတ်စိုက်ပျိုးသည့်လုပ်ငန်းကိုလုပ်ကိုင်လျက်ရှိကြောင်း၊ ဓနုဖြူမြို့နယ်မှ ထွက်ရှိလာသော ငရုတ်သီးများသည် အရည်အသွေးကောင်းမွန်ခြင်းကြောင့် ဝယ်ယူမှုများလာကြောင်း၊ ထိုသို့ ငရုတ်သီးများဝယ်ယူမှုကြောင့် တောင်သူများ၊ လုပ်သားများ၊ ပွဲရုံပိုင်ရှင်များ အလုပ်အကိုင်ကောင်းနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တောင်သာမြို့နယ် အိုးတောင်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်သာ ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အိုးတောင်ကျေးရွာ၌ ပဉ္စမအကြိမ် စီမံကိန်းရန်ပုံငွေ ပြန်လည်ထုတ်ချေးခြင်းကို ဩဂုတ် ၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းအကောင်အထည်ဖော်ရခြင်း၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များအကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါအကြောင်းအရာများ၊ ချေးငွေဖြင့် အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစု ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်လာမှုကြောင့် ဆင်းရဲမှုလျှော့ကျရေးလုပ်ငန်းစဉ်အတွက် အထောက်အကူပြုပုံတို့ကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တောင်သာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက အိုးတောင်ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၁၀ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက အိုးတောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ၁၅ ဦးကို ငွေကျပ် ၅ ဒသမ ၃၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ၁၁ ဦးကို ငွေကျပ် လေးသန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ နှစ်ဦးကို ငွေကျပ် သုည ဒသမ ၆၅ သန်း၊ စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၈ ဦးအား ငွေကျပ် ၁၀ သန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း တောင်သာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံက သိရသည်။

**နှဲ့ယဉ်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေး မြို့သစ်နေ ဒေါ်ခင်မိမိ မိသားစုက ဆွမ်းအလှူငွေကျပ် ၄၀၀၀၀၀၊ ဆေးပဒေသာပင်အတွက် ငွေကျပ် ၃၀၀၀၀၀ စုစုပေါင်း ငွေကျပ် ၇၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းတွဲဖက်အတွင်းရေးမှူး ဦးချွန်၊ ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ကန့်ဘလူမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသောနွေစပါး ၂၂၀၁၄ ဧကရိတ်သိမ်းပြီးစီး



**ကန့်ဘလူ ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသောနွေစပါး ၂၂၀၁၄ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးထားသောနွေစပါးသီးနှံစိုက်ခင်းများရိတ်သိမ်းမှုကို ယခုနှစ် ဇွန်လမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၂၂၀၁၄ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၄ ဒသမ ၄၅ တင်းထွက်ရှိကြောင်း သိရသည်။

"ကန့်ဘလူမြို့နယ် နွေသီးနှံစိုက်ပျိုးရာသီမှာ နွေစပါး ၂၂၀၁၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခုလက်ရှိအချိန်မှာလဲ ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နွေစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ ရိတ်သိမ်းပြီး စပါးများအမိုးအကာအောက် အချိန်မီရောက်ရှိစေရေး စတဲ့အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကန့်ဘလူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါးသီးနှံဧက ၂၀၆၀၀ စိုက်ပျိုးရန် လျာထားပြီး စိုက်ပျိုးခဲ့ရာ ၂၂၀၁၄ ဧကစိုက်ပျိုးနိုင်ခဲ့သဖြင့် ပိုမိုစိုက်ပျိုးနိုင်ကြောင်း သိရသည်။

ယခုနှစ် ကန့်ဘလူမြို့နယ်တွင် နွေစပါးသီးနှံစိုက်ပျိုးတောင်သူများအနေဖြင့် တစ်ဧကအထွက်နှုန်းတိုးတက်စေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များဖြန့်ဖြူးပေးခြင်း၊ နည်းပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်း၊ တောင်သူအသိပညာပေးသင်တန်းများနှင့် ပညာပေးဆွေးနွေးပွဲများကို ဆောင်ရွက်ပေးခြင်းစသည့် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# မလှိုင်မြို့နယ် ခြောက်ခွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျှော့ကျစေရန် ရည်ရွယ်၍ ခြောက်ခွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၄ ဒသမ ၅သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခြောက်ခွဲကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၇ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၆၀ ကို ငွေကျပ် ၂၂ ဒသမ ၅ သန်းနှင့် အရောင်း အဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၄ ဒသမ ၂ သန်း စုစုပေါင်း အသင်းသားအသင်းသူ ၉၅ ဦးကို ငွေကျပ် ၃၄ ဒသမ ၅ သန်း ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ဆင်းသုခစပါးတင်းရေ ၈၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဩဂုတ် ၄**


ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ဆင်းသုခစပါးတင်းရေ ၈၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်း ဆင်းသုခစပါးတင်းရေ ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ဆင်းသုခစပါးတင်းရေ ၈၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း ဆင်းသုခစပါးတင်းရေ ၈၇၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဘိုကလေးမြို့ကနေ စပါးတွေဆန်တွေနဲ့ အခြားလယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချပါတယ်။ ဆင်းသုခစပါးက အကြမ်းအုပ်စုထဲမှာပါတဲ့စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဘက်က ဝယ်ယူအားများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ ဆင်းသုခစပါးကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ကမ်းလှမ်းချိတ်ဆက်မှုတွေရှိပါတယ်"ဟု ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြသည်။


ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ဆင်းသုခစပါး ၁၀ တင်းလျှင် ငွေကျပ် ၁၉ သိန်းထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ စပါးများအရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်လုပ်ငန်းရှင်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိနေကြောင်း ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းထံမှ သိရသည်။

**ကျော်ကျော်လင်း**



# လူတိုင်းပါဝင်ကာကွယ်လျှင်

**ချစ်နိုင်( စိတ်ပညာ)**



❖ မြန်မာနိုင်ငံ၏အကျယ်အဝန်းမှာ ဂျာမနီထက်လည်းကျယ်၏။ ပြင်သစ်ထက်လည်း ပို၍ကြီး၏။ အင်္ဂလန်၏ နှစ်ဆနီးပါးရှိ၏။ ဂျပန်နိုင်ငံထက်လည်း ပိုမိုကျယ်ဝန်းပါသေးသည်။ သို့သော် လူဦးရေက နည်းသည်။ ကျဲသည်။ လယ်သမား၊ ယာသမားများသည်။ ထို့ကြောင့် ကျယ်ဝန်းသောနိုင်ငံတော်ကို အနည်းငယ်သောပြည်သူတို့က "ပြည်သူ့စစ်မဟာဗျူဟာ"ဖြင့် မိမိတို့အခြေအနေနှင့် လိုက်လျောညီထွေစွာကာကွယ်ခဲ့ကြရလေ၏။ အမြဲတမ်းတပ်မတော်ကြီးမထားရှိ။ ယိုးဒယား စသောနိုင်ငံများက မခန့်လေးစားစော်ကားရန်စလာခဲ့လျှင် ရာပြုမြို့၊ ထောင်ပြုမြို့က အရပ်သားများသည် စစ်သားဝင်လုပ်ကြ၏။ ❖

**"အမှန်မှာ စစ်နှင့်ရဟန်းရှင်လူ၊ ယောက်ျားမိန်းမမရွေး တစ်နည်းမဟုတ် တစ်နည်း ပတ်သက်နေကြသည် ချည်းပင်ဟုဆိုလာလျှင် မှားမည်မဟုတ်ပေ။"**

**စံလွင်**

**ဗိုလ်မှူးကြီး(အငြိမ်းစား)**

**အင်္ဂလိပ်-မြန်မာ စစ်ဝေါဟာရအဘိဓာန် အမှာ**

**၂၀၀၂ ခုနှစ်၊ မတ်လ**

ပြည်ထောင်စုမြန်မာနိုင်ငံ၏ လက်ရှိလူဦးရေသည် ၅၆ သန်းကျော်ရှိလေသည်။ နယ်မြေအကျယ်အဝန်းမှာ စတုရန်းမိုင် ၂ ဒသမ ၆ သိန်းကျော်ရှိပေသည်။ ထို့ကြောင့် ပျမ်းမျှအလျား ၁ မိုင် × အနံ ၁ မိုင် (တစ်စတုရန်းမိုင်အကျယ်) ဧရိယာအတွင်း လူဦးရေ ၂၀၀ နှုန်းနေထိုင်ကြသည်ဆိုရမည်။ ရန်ကုန်၊ ဧရာဝတီ၊ ပဲခူး၊ မကွေး၊ မန္တလေးတိုင်းတို့တွင် လူဦးရေ သိပ်သည်းသဖြင့် ပြည်နယ်နှင့်နယ်စပ်ဒေသများ၌မူ အမှန်တကယ်လူဦးရေသည် တစ်မိုင်အတွင်း လူဦးရေ ၁၀၀ ပင် မရှိကြပါ။

တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် စသော နယ်နိမိတ်ချင်း ဆက်စပ်နေသည့် အိမ်နီးချင်းနိုင်ငံများသည် လူဦးရေ အလွန်ထူထပ်သည်။ မြန်မာနိုင်ငံသားများထက် အဆများစွာများပြားသည်။

တရုတ်နိုင်ငံသည် အဏုမြူလက်နက်ပိုင်ဆိုင်ပြီး ဖွံ့ဖြိုးတိုးတက်မှုလည်း အရှိန်အဟုန်ကောင်းနေသည့် နိုင်ငံတစ်ခုဖြစ်၏။ အိန္ဒိယသည်လည်း အဏုမြူလက်နက်ပိုင်ဆိုင်ပြီး ဖွံ့ဖြိုးတိုးတက်မှုရှိသော နိုင်ငံပင်ဖြစ်၏။ ထိုနိုင်ငံကြီးများသည် ရှေးနှစ်ပေါင်း ၃၀၀၀ ကျော်ကပင် ယဉ်ကျေးမှုထွန်းကားခဲ့ကြသဖြင့် ဩဇာလည်းရှိကြ၏။

မြန်မာလူမျိုးသည် မြန်မာနိုင်ငံကို ထိုပတ်ဝန်းကျင်အနေအထား၌ နှစ်ပေါင်းထောင်နှင့်ချီ၍ ကိုယ့်နိုင်ငံကိုယ့်လူမျိုးဟု ရပ်တည်ခိုင်မာနေနိုင်လာခြင်းသည် သာမန်မျှသော အရည်အချင်းမဟုတ်။ သွေးထဲမှာရှိသော ဇာတိမာန်ကြောင့်လည်းမှန်သည်။ သတ္တိသွေးရဲရဲနီသော အမျိုးကိုချစ်သည့်စိတ်နှင့်အတူ စစ်ပညာကို သူ့ခေတ်သူ့အခါနှင့်လျော်ညီစွာတတ်မြောက်ကျွမ်းကျင်ခဲ့ကြသဖြင့်လည်း ဖြစ်ပြန်၏။

ပွဲကျောင်းက သင်ကြားပေးလိုက်သည့် ဓားသိုင်း၊ တုတ်သိုင်း၊ လက်ဝှေ့ အတတ်ပညာများကို မြို့သားရော၊ တောသူတောင်သားပါ ငယ်စဉ်အခါကပင် တတ်မြောက်ကြသည်။ ဗေဒင်၊ ဆေးဝါး၊ မန္တရား၊ ဆန်း၊ အလင်္ကာ၊ နှုတ်မှုပညာ စသည်တို့အပြင် သေနင်္ဂဗျူဟာ စစ်အတတ်ပညာကိုလည်း သာမန်အားဖြင့် လေ့လာလိုက်စားတတ်ကြသည်။ ရှေးအခါက မြန်မာနိုင်ငံတွင် အမြဲတမ်း တပ်မတော်ဟူ၍မရှိ။ စိုက်ပျိုးရေး အဓိကလုပ်ကိုင်ကြသဖြင့် တောင်သူယာသမား ကျေးလက်နေပြည်သူများသာရှိ၏။ လူဦးရေကလည်း နည်းပါး၏။ နိုင်ငံ၏ ငွေကြေးကလည်း မကြွယ်ဝ။

မြန်မာနိုင်ငံ၏ အကျယ်အဝန်းမှာ ဂျာမနီထက်လည်းကျယ်၏။ ပြင်သစ်ထက်လည်း ပို၍ကြီး၏။ အင်္ဂလန်၏ နှစ်ဆနီးပါးရှိ၏။ ဂျပန်နိုင်ငံထက်လည်း ပိုမိုကျယ်ဝန်းပါသေးသည်။

သို့သော် လူဦးရေက နည်းသည်။ ကျဲသည်။ လယ်သမား၊ ယာသမား များသည်။ ထို့ကြောင့် ကျယ်ဝန်းသော နိုင်ငံတော်ကို အနည်းငယ်သော ပြည်သူတို့က **"ပြည်သူ့စစ်မဟာဗျူဟာ"**ဖြင့် မိမိတို့အခြေအနေနှင့် လိုက်လျောညီထွေစွာ ကာကွယ်ခဲ့ကြရလေ၏။ အမြဲတမ်းတပ်မတော်ကြီး မထားရှိ။ ယိုးဒယား စသော နိုင်ငံများက မခန့်လေးစားစော်ကား ရန်စလာခဲ့လျှင် ရာပြုမြို့၊ ထောင်ပြုမြို့က အရပ်သားများသည် စစ်သားဝင်လုပ်ကြ၏။ သောက္ကတဲ၊ ဇင်းမယ်၊ အယုဒ္ဓယ စသည့်ဒေသသို့ အကြိမ်ကြိမ်စစ်ချီခဲ့ကြ၏။ သျှောင်ထုံးနှင့် ပေါင်မှာထိုးကွင်းနှင့် ညိုညိုထွားထွား မြန်မာစစ်သည်တော်ကြီးများသည် တောင်သူယာသမားများဖြစ်ကြသည်နှင့်အညီ ရန်သူနှင့် တိုက်ရင်းခိုက်ရင်းစပါးစိုက်ကာ ယာထွန်ကာဖြင့် ထိုဒေသမှာ ကိုယ့်ရိက္ခာကို ကိုယ်ရှာ၍ စားတတ်ကြလေ၏။ မြောက်ဘက်က မွန်ဂိုတပ်တွေ ဝင်လာသည်။ တာတာတပ်တွေ ကျူးကျော်လာသည်ဆိုပါကလည်း ပြည်သူ၊ ပြည်သားများထဲက လူငယ်လူရွယ်အားလုံး စစ်သားအဖြစ် စာရင်းသွင်းကာ မြင်းစီး၊ ဆင်စီးလျက် နယ်စပ်အထိ နိုင်ငံ၏တပ်တော်ကြီးနှင့် ဓားလှံထမ်းကာ ပျော်ပျော်ရွှင်ရွှင်လိုက်ပါကြ၏။ ကာကွယ်တိုက်ခိုက်ကြ၏။ မြန်မာကို လာမထိနှင့်။ ဒါမျိုး ဟေ့ ကြည့်။

သမိုင်းအစဉ်အလာတွင် မြန်မာနှင့် စစ်ပညာ၊ စစ်ပညာနှင့် မြန်မာပြည်သား၊ ခွဲခြား၍ မရနိုင်ချေ။

သို့သော် ၁၈၂၄ မှ ၁၈၈၅ ကာလ (ဆယ့်ကိုးရာစု) အချိန်တွင်ကား စစ်ရေးအင်အား သာလွန်ရုံမျှမက စက်မှုစွမ်းပကားကြောင့် စီးပွားရေးအင်အားပါ အဆများစွာ သာလွန်သော နယ်ချဲ့တို့၏အကြိမ်ကြိမ် ကျူးကျော်သိမ်းပိုက်တိုက်ခိုက်ခြင်းကို ခံကြရ၏။ ၁၈၈၅ မှ ၁၉၄၈ ထိ ဗြိတိသျှကိုလိုနီ၏ လက်အောက်သို့ရောက်ခဲ့ရ၏။ ထီးနန်းပျောက်ခဲ့၏။ လက်နက်စွမ်းပကားနှင့် စက်မှုအတတ်ပညာတို့တွင် ခေတ်နောက်ကျခဲ့သဖြင့် မယှဉ်နိုင်ခဲ့။

လွတ်လပ်ရေးရပြီး နှစ်ပေါင်း ၅၀ သည်လည်း အမျိုးသားနိုင်ငံတော်ကို ကိုယ့်မင်းကိုယ့်ချင်းထူထောင်နိုင်ပါသော်လည်း နိုင်ငံရေးခေါင်းဆောင်ချင်း စည်းလုံးညီညွတ်မှုပြိုကွဲကာ လက်နက်ကိုင်တိုက်ပွဲများ၏ စစ်မီးလျှံအတွင်း၌ ထိရောက်စွာမတိုးတက်လာနိုင်။

မကြာမီသော ဆယ်စုနှစ်မှာမှ နိုင်ငံတော်သည် စစ်ဘေးစစ်ဒဏ် ဆူပူမှုများကင်းဝေး၍ အေးချမ်းတည်ငြိမ်မှုကိုရခဲ့၏။ ငြိမ်းချမ်းရေးကာလ၌ တည်ဆောက်ရေးတွေ ဇောက်ချလုပ်ကြ၏။ ဖွံ့ဖြိုးရေးကို အလေးပေးဆောင်ရွက်နေကြ၏။ သို့ရာတွင် ကမ္ဘာ့နိုင်ငံတကာ မိုးရိပ်လေရိပ်မှာ သတိပြုစရာတွေ မြင်ရသည်။

စစ်တွေဝေးပြီဟု သွေးမအေးသင့်ချေ။

နှစ်ပေါင်းထောင်နှင့်ချီ၍ စစ်ပညာ စစ်အတတ်ကို အလေးထားဆည်းပူးတတ်မြောက်ခဲ့ကြသော မိမိတို့မြန်မာများသည် အနီးမှဖြစ်စေ၊ အဝေးမှဖြစ်စေ ဖျက်လိုဖျက်ဆီး သိမ်းပိုက်ခြယ်လှယ်ချင်သော ရန်စွယ်အန္တရာယ်ကြီးတွေကို ကြိုတင်တွက်ဆတတ်ရပေလိမ့်မည်။ ပြည်သူတစ်ရပ်လုံး ပါဝင်ဆင်နွှဲတတ်သော **"ပြည်သူ့စစ်မဟာဗျူဟာ"** ကို အစဉ်တစိုက်ကျင့်သုံးခဲ့သော နိုင်ငံသားများအနေဖြင့် စစ်ရေးသတိရှိအပ်လှသည်။

- စီးပွားရေးအရပိတ်ဆို့ခြင်း၊
- သံတမန်ရေးအရ ဝိုင်းပယ်ခြင်း၊
- နိုင်ငံရေးအရ ဖိအားပေးခြင်း
- အဖျက်လုပ်ငန်းများ အားပေးခြင်း
- လုပ်ကြံဝါဒဖြန့် သိက္ခာချစော်ကားသော ရေဒီယို၊ ရုပ်သံ၊ စာနယ်ဇင်းတို့ဖြင့် ထိုးနှက်ပုတ်ခတ်ခြင်း၊ သွေးခွဲခြင်း
- အမှန်အမှား ရောမွှေ၍ စိတ်လှုပ်ရှားအောင်ဆွခြင်း
- သူလျှိုဒလန်မွေးမြူလျက် အဖျက်အမှောက်လုပ်ငန်းများ ထိုးဖောက်လုပ်ဆောင်ရန် ကြိုးစားခြင်း
- စစ်ရေးအရ အနှောင့်အယှက်ပေးခြင်း
- ကုန်သွယ်ရေးအရ တားမြစ်ပိတ်ပင်ခြင်း

အစရှိသဖြင့် မိမိနိုင်ငံတော်၏ အကျိုးစီးပွားကို ပျက်ပြားအောင် ထိပါးနှောင့်ယှက်ဟန့်တားသူမှန်သမျှကို ထိထိမိမိပြင်းပြင်းထန်ထန် တုံ့ပြန်ချေမှုန်းနိုင်စွမ်းရှိရပါလိမ့်မည်။ အဆိပ်မရှိသော ယုန်၊ သမင် စသည်တို့ကို အလွယ်တကူဖမ်းဆီးသတ်ဖြတ်စားသောက်ကြသော်လည်း အဆိပ်ရှိသော မြွေပွေး၊ မြွေဟောက်ကိုမူ လူတွေကကြောက်ကြသည်။ ချက်စားရင် ကောင်းမှာပဲဟု သွားရည်ကျချင်သော်လည်း သူ၏အဆိပ်ကိုမူ ကြောက်လန့်သည်။ ဝေးဝေးက ရှောင်ကြသည်။

အလုံးစုံသော သေနင်္ဂဗျူဟာ အတတ်ပညာဟူသမျှအားလုံးတို့သည် "လှည့်စားခြင်း"အပေါ် အခြေခံသည်ဟူသော သဘောတရားနှင့်အညီ ရန်သူသည် လှည့်စားဖြားယောင်းခြင်းအမျိုးမျိုးဖြင့် မိမိတို့နိုင်ငံသားများကို ဖြိုခွဲလျက်ရှိနေ၏။ ကောင်းစေလိုဟန်ဆောင်လျက် ပျက်ပြားအောင် ဖျက်ဆီးနေ၏။ နိမ့်ကျအောင်ဖိနှိပ်နေကြ၏။ ကြောက်လန့်အောင် ခြိမ်းခြောက်နေ၏။ စစ်သဘောတရားကို နားမလည်သူတချို့တို့ကမသိ။ အငိုက်မိကာ ရန်သူအလိုအကြိုက်သို့ လိုက်ပါမိတတ်၏။

စစ်ပရိယာယ်ကို နားလည်အပ်ပါသည်။ ငါးကြင်းဆီနှင့် ငါးကြင်းအကြော်ခံမလား။

မြန်မာနိုင်ငံသား လူငယ်များသည် လူဦးရေနည်းပါးပြီး အတန်အသင့်ကျယ်ဝန်းကာ သယံဇာတကြွယ်ဝသည့် အမိနိုင်ငံတော်ကို အဓွန့်ရှည်စွာ ခိုင်မာတည်တံ့ရေးအတွက် ရှေးရှေးသော မြန်မာလူငယ်များကဲ့သို့ပင် သေနင်္ဂဗျူဟာအတတ်ပညာကို စိတ်ပါဝင်စားသင့်ပါကြောင်း တိုက်တွန်းအကြံပြုလိုပေသည်။

တရုတ်ပြည် ဘီစီ ၃၀၀ ခန့်က ပေါ်ပေါက်ခဲ့သော စွန်းဝူ ခေါ် ဆွန်ဇု ခေါ် ဆွန်ဇီအမည်ရှိ စစ်သူကြီး၊ စစ်ပညာရှင်ပြုစုခဲ့သည့် စစ်ပညာကျမ်းသည် နှစ်ကာလ ၂၃၀၀ ကျော် ကြာညောင်းခဲ့သော်ငြားလည်း ဂျပန်၊ ပြင်သစ်၊ ရုရှား၊ အင်္ဂလိပ်ဘာသာများသို့ ပြန်ဆိုပြီး ကျော်ကြားလျက်ရှိပါ၏။ မြန်မာလူငယ်များ ဖတ်ရှုနားလည်ထားသော် နိုင်ငံတကာနှင့်ရင်ပေါင်တန်းအသိအမြင် ရရှိကြပေလိမ့်မည်။ လုံခြုံရေးအရ သတိရှိနိုင်ကြပါမည်။ နိုင်ငံတော်ကာကွယ်ရေးအတွက် အရည်အချင်းပြည့်ဝပြီး နိုးကြားကြပါလိမ့်မည်။ အန္တရာယ်ရန်စွယ်များကို ကြိုတင်သိမြင်နားလည်ကြလိမ့်မည်။ လူငယ်များ စစ်အမြင်ရှိကြပါစေ။

**လွန်ခဲ့သော ၁၁ နှစ်က ရေးသားခဲ့သော စာတစ်ပုဒ်ကို ပြန်လည်ဖော်ပြအပ်ပေသည်။**

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ် ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လက်ဖက် ၉၄၄ ဧက စိုက်ပျိုးပြီးစီး



**စစ်ကိုင်း ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လက်ဖက် ၉၄၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လက်ဖက် ၉၁၁ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၄၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ရာ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"လက်ဖက်ကို စစ်ကိုင်းတိုင်းဒေသကြီး လဟယ်မြို့နယ်က အများဆုံး စိုက်ပျိုးကြပါတယ်။ လက်ဖက်ကို မန္တလေးဈေးကွက်သို့ သယ်ယူပို့ဆောင်ရာမှာ အခက်အခဲရှိပါတယ်။ လက်ဖက်က ဓာတုကင်းရှင်း လက်ဖက်ဖြစ်တဲ့အတွက် စိုက်ပျိုးရေးဦးစီးဌာနနဲ့တောင်သူတွေပေါင်းပြီးတော့ လက်ဖက်အထွက်နှုန်းကောင်းအောင် ဆောင်ရွက်နေပါတယ်။ အဲဒီဒေသမှာရှိတဲ့ လုပ်ငန်းတွေနဲ့ပူးပေါင်းပြီး အဆင့်မြင့်ထုပ်ပိုးမှုစနစ်တွေနဲ့ဈေးကွက်အတွင်း ရောင်းချနိုင်အောင် ဆောင်ရွက်နေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

ယခုနှစ် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မြို့နယ်အလိုက် လက်ဖက်စိုက်ပျိုးပြီးစီးမှုအနေဖြင့် လေရှီးမြို့နယ်တွင် ၁၅၃ ဧက၊ လဟယ်မြို့နယ်တွင် ၃၉၃ ဧက၊ ထန်ပါခွေမြို့တွင် ဧက ၆၀၊ နန်းယွန်းမြို့နယ်တွင် ၁၄၉ ဧက၊ ဒုံဟီးမြို့တွင် ၁၁၉ ဧကနှင့်ပန်ဆောင်မြို့တွင် ဧက ၇၀ စုစုပေါင်း ၉၄၄ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လက်ဖက်စိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် လေရှီးမြို့နယ်တွင် ၁၀၅ ဧက၊ လဟယ်မြို့နယ်တွင် ၄၀၈ ဧက၊ ထန်ပါခွေမြို့တွင် ဧက ၆၀၊ နန်းယွန်းမြို့နယ်တွင် ၁၄၉ ဧက၊ ဒုံဟီးမြို့တွင် ၁၁၉ ဧကနှင့် ပန်ဆောင်မြို့တွင် ဧက ၇၀ စုစုပေါင်း ၉၁၁ ဧကတို့ဖြစ်ကြောင်း သိရသည်။

(၂၀၆)

# ဇေယျာသီရိမြို့နယ် ဥယျာဉ်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**နေပြည်တော် ဩဂုတ် ၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၃ ရက် နံနက်ပိုင်းက နန်းဩကျေးရွာအုပ်စု ဥယျာဉ်ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။


ရှေးဦးစွာ ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးစိုးဦးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအကြောင်းအရာများ၊ ရည်ရွယ်ချက်များနှင့်ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကိုရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ဥယျာဉ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း VDP ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေများကိုအသုံးပြုပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **နေဝ်လူး**

# ယုံကြည်ထားသည် အောင်ရမည်





➤ "တရားသော တို့စစ် ရဲဝံ့ဆင်နွှဲမည်
တို့ချစ်တဲ့ အမိနိုင်ငံ သာယာဖို့ရည်"
ခိုင်ကျည်ထက်သန်၊ သန္နိဋ္ဌာန်ဖြင့်
တွန်းလှန်ဖယ်ရှား ရန်စွယ်များတည့်။
➤ ငါ့နိုင်ငံတော် ငါ့နိုင်ငံသား
သစ္စာထားလျက်



သားချင်းပေါင်းစု၊ ပြည်ထောင်စုတွက်
ပြည်သူ့သားကောင်း၊ ပီစေကြောင်းကို
နီမောင်းရဲစွေး သတ္တိသွေးဖြင့်
ရေးထိုးသက်သေ ထူပါအံ့။
➤ သားကောင်းဇာနည်၊ တို့စစ်သည်များ
ခံယူထားသည်
တရားသောစစ် နိုင်ရမည်။



➤ မိ ဖနှင့်တူ၊ တို့ပြည်သူများ
ယုံကြည်ထားသည်
တရားသောစစ် အောင်ရမည်။
➤ "ရဲသော် မသေ သေသော် ငရဲမလား"
စွန့်စား ရဲရင့်၊ အောင်ပန်းဆင့်လျက်
လွှင့်တင် အောင်လံ စိုက်ထူစို့။ ။

**မျိုးမြတ်မြတ်မြင့်မောင်**

(တရားသောစစ်ကို ဆင်နွှဲနေသည့် ပြည်သူ့သားကောင်းများအား ဂုဏ်ပြုလျက်)

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# လက်ဘနွန်နိုင်ငံအခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စုက အစ္စရေးနိုင်ငံကို ဒုံးကျည်အစင်းရေ ၅၀ ခန့်ဖြင့် ပစ်ခတ်တိုက်ခိုက်



**ဂျေရုဆလင် ဩဂုတ် ၄**

လက်ဘနွန်နိုင်ငံ အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စုသည် ယနေ့တွင် အစ္စရေးနိုင်ငံကို ဒုံးကျည်အများအပြားဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့ကြား စစ်ရေးပဋိပက္ခများမှ တစ်ဆင့် စစ်ပွဲအဖြစ်သို့ ကူးပြောင်းလာမည့်အရေး နိုင်ငံတကာက စိုးရိမ်နေချိန်တွင် ဟစ်ဇ်ဘိုလာအုပ်စုက လက်ဘနွန်တောင်ပိုင်းမှ တစ်ဆင့် အစ္စရေးနိုင်ငံကို ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အစ္စရေးမီဒီယာများ၏ အဆိုအရ ဟစ်ဇ်ဘိုလာအုပ်စုက လက်ဘနွန်နိုင်ငံ တောင်ပိုင်းမှ ပစ်လွှတ်ခဲ့သော ဒုံးကျည်အရေအတွက်မှာ အစင်း ၅၀ ခန့်ထိရှိကြောင်း သိရသည်။

လက်ဘနွန်နိုင်ငံ တောင်ပိုင်းမှ ပစ်လွှတ်ခဲ့သော အဆိုပါဒုံးကျည်များအနက် အများစုကို အစ္စရေးစစ်ဘက်၏ လေကြောင်းရန်ကာကွယ်ရေးစနစ်များက ကြားဖြတ်ပစ်ချနိုင်ခဲ့ကြောင်း အစ္စရေးမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ဟားမတ်စ်အုပ်စု ခေါင်းဆောင် အစ္စမေးလ်ဟာနီယာ အီရန်နိုင်ငံ တီဟီရန်မြို့၌ လုပ်ကြံခံခဲ့ရပြီးနောက်ပိုင်း အရှေ့အလယ်ပိုင်းတွင် အခြေအနေများ တင်းမာလျက်ရှိသည်။

ဟာနီယာ လုပ်ကြံခံရမှုအတွက် အစ္စရေးကို လက်တုံ့ပြန်မည်ဖြစ်ကြောင်း အီရန်၊ ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုနှင့် ဟစ်ဇ်ဘိုလာအုပ်စုတို့က ပြောကြားထားကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# အိုင်ယာလန်သမ္မတအိမ်တော်ဂိတ်တံခါးကို အမျိုးသားတစ်ဦးက မော်တော်ယာဉ်ဖြင့်ဝင်တိုက်

**ဒပ်ဘလင် ဩဂုတ် ၄**

အိုင်ယာလန်နိုင်ငံ ဒပ်ဘလင်မြို့ရှိ အိုင်ယာလန်သမ္မတအိမ်တော် အပြင်ဂိတ်တံခါးကို အမျိုးသားတစ်ဦးက ဩဂုတ် ၂ ရက်တွင် မော်တော်ယာဉ်ဖြင့် ဝင်တိုက်ခဲ့ကြောင်း အိုင်ယာလန်အစိုးရက သတင်းထုတ်ပြန်ထားသည်။

၎င်းအမျိုးသားသည် အိုင်ယာလန်သမ္မတအိမ်တော် ဂိတ်တံခါးကို မော်တော်ယာဉ်ဖြင့် ဝင်တိုက်ခဲ့ပြီးနောက် ဒပ်ဘလင်မြို့သို့ ပြန်လည်သွားရောက်၍ ဂိတ်တံခါးများကို မော်တော်ယာဉ်ဖြင့် ဆက်လက်ဝင်တိုက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါအမျိုးသားသည် အိုင်ယာလန်သမ္မတအိမ်တော်ဂိတ်တံခါးများနှင့် အခြားအစိုးရရုံးဌာန ဂိတ်တံခါးများကို ဝင်တိုက်ခဲ့ချိန်မှာ ရုံးများပိတ်သည့် နံနက် ၂ နာရီတွင်ဖြစ်ရာ ထိခိုက်ဒဏ်ရာရသူ မရှိခဲ့ကြောင်း အိုင်ယာလန်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ဒပ်ဘလင်မြို့ ရဲတပ်ဖွဲ့က နောက်ပိုင်းတွင် အသက် ၄၀ အရွယ်ရှိ ၎င်းအမျိုးသားကို ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

သို့ရာတွင် အဆိုပါအမျိုးသား အနေဖြင့် အကြမ်းဖက်ဝါဒနှင့် ဆက်စပ်မှု မရှိနိုင်ကြောင်း ဒပ်ဘလင်မြို့ရဲတပ်ဖွဲ့က သုံးသပ်ထားသည်။

၎င်းအမျိုးသား မော်တော်ယာဉ်ဖြင့်ဝင်တိုက်ခဲ့သည့် အစိုးရအဆောက်အအုံ ဂိတ်တံခါးများထဲတွင် အိုင်ယာလန်ဝန်ကြီးချုပ်ဆိုင်မွန်ဟားရစ်၏ရုံးလည်း ပါဝင်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# ရုရှားနိုင်ငံ ယူရယ်လ်တောင်တန်းဒေသ၌ အဆောက်အအုံပြိုကျ လူ ၁၀ ဦးသေဆုံး

**မော်စကို ဩဂုတ် ၄**

ရုရှားနိုင်ငံ ယူရယ်လ်တောင်တန်းဒေသ၌ ဓာတ်ငွေ့ပေါက်ကွဲမှုတစ်ရပ်ကြောင့် လူနေတိုက်ခန်းတွဲတစ်ခု ပြိုကျခဲ့ရာ သေဆုံးသူ ၁၀ ဦးထိ ရှိခဲ့ကြောင်း ရုရှား အရေးပေါ်အခြေအနေဝန်ကြီးဌာနက ဩဂုတ် ၃ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါ လူနေတိုက်ခန်းတွဲ အဆောက်အအုံသည် ဓာတ်ငွေ့ပေါက်ကွဲမှုကြောင့် ဩဂုတ် ၁ ရက်တွင် ပြိုကျခဲ့ခြင်းဖြစ်သည်။

ရုရှားတာဝန်ရှိသူများအနေဖြင့် အဆောက်အအုံပြိုကျမှု ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို နှစ်ရက်ကြာ ပြုလုပ်ခဲ့ပြီးနောက် သေဆုံးသူအရေအတွက်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အဆောက်အအုံပြိုကျမှုကြောင့် သေဆုံးခဲ့ရသူများအနက် ငါးဦးမှာ ကလေးများဖြစ်ကြကြောင်း ရုရှားတာဝန်ရှိသူများက ပြောကြားသည်။

အဆောက်အအုံ ပြိုကျခဲ့ပြီးနောက် ပြုလုပ်ခဲ့သော ကယ်ဆယ်ရေးလုပ်ငန်းများအတွင်း ရုရှားတာဝန်ရှိသူများက ကလေးခုနစ်ဦးအပါအဝင် လူ ၁၅ ဦးကို ကယ်တင်နိုင်ခဲ့သည်။

လက်ရှိအချိန်တွင် ရုရှားအာဏာပိုင်များသည် အဆောက်အအုံပြိုကျမှုအတွက် ရာဇဝတ်ကြောင်းအရ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**



# ဗြိတိန်၌ အဓိကရုဏ်းများကိုထိန်းချုပ်ရေးအစီအစဉ်အရ တရားရုံးများကို ၂၄ နာရီ ဖွင့်လှစ်ထားမည်

**လန်ဒန် ဩဂုတ် ၄**

ဗြိတိန်နိုင်ငံတစ်ဝန်း ဖြစ်ပွားနေသော လက်ယာစွန်းဝါဒီအဓိကရုဏ်းများကို ထိန်းချုပ်ရေးအစီအစဉ်အရ တရားရုံးများကို ၂၄ နာရီ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း ဗြိတိန်ပြည်တွင်းမီဒီယာများက ဩဂုတ် ၃ ရက်တွင် သတင်းထုတ်ပြန်ထားသည်။



အဓိကရုဏ်းကျူးလွန်သူများကို အမြန်ဆုံး ပြစ်ဒဏ်ချမှတ်နိုင်ရေးအတွက် တရားရုံးများ ၂၄ နာရီ ဖွင့်လှစ်ထားရန် ဗြိတိန်အစိုးရနှင့် တရားရေး တာဝန်ရှိသူများကြား ဩဂုတ် ၃ ရက်တွင် ဆွေးနွေးခဲ့ကြသည်။

မာဆေးဆိုက်ဒေသ ဆောက်ပို့သ်မြို့၌ ဇူလိုင် ၂၉ ရက်က မိန်းကလေးငယ် သုံးဦး အသတ်ခံခဲ့ရပြီးနောက် ဩဂုတ် ၂ ရက်မှစ၍ ဗြိတိန်တစ်ဝန်းလုံး၌ လက်ယာစွန်း အမျိုးသားရေးဝါဒီများနှင့် ရဲတပ်ဖွဲ့များကြား ပဋိပက္ခများ ဖြစ်ပွားခဲ့ရသည်။

ထို့ပြင် လက်ယာစွန်းအမျိုးသားရေးဝါဒီများသည် လူမျိုးရေးခွဲခြားမှုဆန့်ကျင်ရေးဝါဒီ ဆန္ဒပြသမားများနှင့်လည်း ပဋိပက္ခများဖြစ်ပွားခဲ့သည်။

လက်ယာစွန်းဝါဒီများနှင့် အဓိကရုဏ်းများသည် ဟူးလ်၊ လီဗာပူး၊ ဘရစ္စတိုးနှင့် မန်ချက်စတာအပါအဝင် ဗြိတိန်တစ်ဝန်း မြို့ကြီးများ၌ ကူးစက်ပြန့်ပွားခဲ့သည်။

လက်ရှိအချိန်တွင် ဗြိတိန်အစိုးရသည် အဓိကရုဏ်းများ၌ ပါဝင်သူ ဦးရေ ၉၀ ကျော်ကို ဖမ်းဆီးထားကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# ဂျာမနီနိုင်ငံ နုရင်ဘတ်ကားပြိုင်ကွင်း၌ ပေါက်ကွဲမှုဖြစ်ပွား လူ ၂၂ ဦး ဒဏ်ရာရရှိ

**ဘာလင် ဩဂုတ် ၄**

ဂျာမနီနိုင်ငံ နုရင်ဘတ်ကားမောင်းပြိုင်ကွင်း၌ ဩဂုတ် ၃ ရက်က ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ လူ ၂၂ ဦး ဒဏ်ရာရခဲ့ကြောင်း ပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါပေါက်ကွဲမှုသည် နုရင်ဘတ် ကားမောင်းပြိုင်ကွင်း၏ မော်တော်ယာဉ်များ ထားရှိရာနေရာ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

နုရင်ဘတ် ကားမောင်းပြိုင်ကွင်းပေါက်ကွဲမှုသည် လေအိုးပေါက်ကွဲမှုကြောင့် ဖြစ်နိုင်ကြောင်း နုရင်ဘတ်မြို့ ရဲတပ်ဖွဲ့ဝင်များက ပြောကြားသည်။

အဆိုပါ ကားမောင်းပြိုင်ကွင်းပေါက်ကွဲမှုကြောင့် ဒဏ်ရာရသူများအနက် သုံးဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း ဂျာမနီပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် နုရင်ဘတ် ကားမောင်းပြိုင်ကွင်း ပေါက်ကွဲမှုနောက်ခံအကြောင်းတရားကို ရဲတပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

ထို့ပြင် အင်န်အယ်လ်အက်စ်-၂၄ အမည်ရှိ ပြိုင်ကားမောင်းပြိုင်ပွဲ မကျင်းပမီ ရက်အနည်းငယ်အလိုတွင် နုရင်ဘတ်ကားမောင်းပြိုင်ကွင်း၌ ထိုသို့ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## ကမ္ဘာ့ပတ်လမ်းအမြင့်ပိုင်းတွင်နေရာယူမည့် အင်တာနက်ဆက်သွယ်ရေး ဂြိုဟ်တုသစ်တစ်စင်းကို တရုတ်အမျိုးသားအာကာသအေဂျင်စီ လွှတ်တင်ခဲ့



**ပေကျင်း ဩဂုတ် ၄**

ကမ္ဘာ့ပတ်လမ်းအမြင့်ပိုင်းတွင် နေရာယူမည့် အင်တာနက်ဆက်သွယ်ရေးဂြိုဟ်တုသစ်တစ်စင်းကို တရုတ်အမျိုးသား အာကာသအေဂျင်စီက ဩဂုတ် ၃ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါ အင်တာနက် ဆက်သွယ်ရေးဂြိုဟ်တုကို တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ရှီချန်း အာကာသစခန်းမှတစ်ဆင့် လောင်းမတ်ချ်-၃ ဘီ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၃ ဘီ ဒုံးပျံသည် ပတ်လမ်းမြင့် အင်တာနက်ဆက်သွယ်ရေးဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဂြိုဟ်တုသည် တရုတ်အမျိုးသား အာကာသအေဂျင်စီက လွှတ်တင်ခဲ့သည့် ဒုတိယမြောက် ပတ်လမ်းမြင့် အင်တာနက်ဆက်သွယ်ရေးဂြိုဟ်တုဖြစ်သည်။

ပထမဆုံးပတ်လမ်းမြင့် အင်တာနက်ဆက်သွယ်ရေးဂြိုဟ်တုကို ယခုနှစ် ဖေဖော်ဝါရီ ၂၉ ရက်တွင် တရုတ်အမျိုးသား အာကာသအေဂျင်စီက လွှတ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါဂြိုဟ်တုများသည် ကမ္ဘာမြေပြင်အထက် အမြင့်မိုင်ပေါင်း ၂၂၀၀၀ ကျော်အကွာ ပတ်လမ်းပေါ်တွင် နေရာယူ၍ အင်တာနက်ဆက်သွယ်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## အိန္ဒိယ အာကာသယာဉ်မှူးနှစ်ဦးက နိုင်ငံတကာအာကာသစခန်း မစ်ရှင်အတွက် လေ့ကျင့်မှုများ မကြာမီစတင်ရမည်ဖြစ်

**နယူးဒေလီ ဩဂုတ် ၄**

အိန္ဒိယအာကာသယာဉ်မှူးနှစ်ဦးတို့သည် နိုင်ငံတကာ အာကာသစခန်းမစ်ရှင်အတွက် လေ့ကျင့်မှုများ မကြာမီ စတင်ရမည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ အိန္ဒိယအာကာသယာဉ်မှူးနှစ်ဦးတို့သည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျွန်ဆင်အာကာသစခန်း၌ နိုင်ငံတကာ အာကာသစခန်းမစ်ရှင် လေ့ကျင့်မှုများပြုလုပ်ရမည်ဖြစ်သည်။

လေ့ကျင့်မှုများ ပြီးဆုံးချိန်တွင် ၎င်းအိန္ဒိယ အာကာသယာဉ်မှူးနှစ်ဦးအနက် တစ်ဦးကို Space-X အာကာသ နည်းပညာကုမ္ပဏီ၏ AX-4 မစ်ရှင်ဖြင့် နိုင်ငံတကာ အာကာသစခန်းသို့ စေလွှတ်မည်ဖြစ်ကြောင်း သိရသည်။



အိန္ဒိယ အမျိုးသားအာကာသ အေဂျင်စီအနေဖြင့် နိုင်ငံတကာ အာကာသစခန်းသို့ ပထမဆုံး အိန္ဒိယအာကာသယာဉ်မှူးတစ်ဦး စေလွှတ်မည့်အစီအစဉ်ကို ပြီးခဲ့သည့်လအတွင်းကပင် ကြေညာထားပြီးဖြစ်သည်။

AX-4 ပုဂ္ဂလိက နိုင်ငံတကာ အာကာသစခန်း ခရီးစဉ်မစ်ရှင်ကို ၂၀၂၅ ခုနှစ်အတွင်း လွှတ်တင်ရန် နာဆာနှင့် Space-X ကုမ္ပဏီက စီစဉ်ထားသည်။

အဆိုပါမစ်ရှင်အတွက် လေ့ကျင့်မှုပြုလုပ်ရမည့် အိန္ဒိယအာကာသယာဉ်မှူးနှစ်ဦးတို့သည် ယခုသီတင်းပတ်အတွင်း အမေရိကန်နိုင်ငံသို့ ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## Space-X ကုမ္ပဏီက နော့သ်ရော့ဂရူးမင်းကုမ္ပဏီ၏ ဆိုက်ဂနက်စ်အာကာသကုန်တင်ယာဉ်ကို နိုင်ငံတကာအာကာသစခန်းသို့ လွှတ်တင်မည်

**ဝါရှင်တန် ဩဂုတ် ၄**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် နော့သ်ရော့ဂရူးမင်းကုမ္ပဏီ၏ ဆိုက်ဂနက်စ်အာကာသကုန်တင်ယာဉ်ကို ဩဂုတ် ၅ ရက်တွင် နိုင်ငံတကာ အာကာသစခန်းသို့ လွှတ်တင်မည်ဖြစ်ကြောင်း ဩဂုတ် ၃ ရက် သတင်းများအရ သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် ဆိုက်ဂနက်စ် အာကာသကုန်တင်ယာဉ်ကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

ဆိုက်ဂနက်စ် အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းအတွက် ရိက္ခာနှင့် အခြားအရေးကြီးပစ္စည်းများ စုစုပေါင်း အလေးချိန် ကီလိုဂရမ် ၃၇၂၀ သယ်ဆောင်သွားမည်ဖြစ်သည်။

ထို့ပြင် ဆိုက်ဂနက်စ် အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်း ခရီးစဉ်တွင် ကျူဆက်ဂြိုဟ်တုငယ် နှစ်စင်းကိုပါ သယ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျူဆက်ဂြိုဟ်တုငယ် နှစ်စင်းကို နိုင်ငံတကာ အာကာသစခန်းပေါ်မှတစ်ဆင့် လွှတ်တင်မည်ဖြစ်သည်။

ဩဂုတ် ၅ ရက် မစ်ရှင်သည် ဆိုက်ဂနက်စ် အာကာသကုန်တင်ယာဉ်များ၏ ၂၁ ကြိမ်မြောက် နိုင်ငံတကာ အာကာသစခန်းထောက်ပံ့ မစ်ရှင်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

# HEALTH

## ငါးကြီးဆီဖြည့်စွက်ဆေးက သက်ကြီးပိုင်းများ၌ အယ်ဇိုင်းမားဖြစ်နိုင်ခြေကို လျှော့ချနိုင်ဖွယ်ရှိ

**နယူးယောက် ဩဂုတ် ၄**

ငါးကြီးဆီ ဖြည့်စွက်ဆေးသည် သက်ကြီးပိုင်းများ၌ အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေကို လျှော့ချရာတွင် အထောက်အကူပြုနိုင်ဖွယ်ရှိကြောင်း ဩဂုတ် ၃ ရက် သတင်းများအရ သိရသည်။

အထူးသဖြင့် အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေ မြင့်မားသူ သက်ကြီးပိုင်းများ၌ ၎င်းရောဂါဖြစ်နိုင်ခြေကို ငါးကြီးဆီဖြည့်စွက်ဆေးဖြင့် လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အယ်ဇိုင်းမားရောဂါ ဖြစ်နိုင်ခြေမြင့်မားသူများအနေဖြင့် ငါးကြီးဆီစားသုံးပေးပါက ဦးနှောက်နာ့ဗ်ဆဲလ်များပြိုကွဲမှုအရှိန်ကို လျှော့ချနိုင်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အိုမီဂါ-၃ ဖက်တီးအက်စစ်ချို့တဲ့နေသော အသက် ၇၅ နှစ်အထက် လူနာ ၁၀၂ ဦးတို့ဖြင့် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသော ရလဒ်များအရ အိုမီဂါ-၃ ဖက်တီးအက်စစ်ဖြည့်စွက်ဆေးများ စားသုံးသူလူနာများ၌ ဦးနှောက်နာ့ဗ်ဆဲလ်များပြိုကွဲမှုအရှိန်နှေးကွေးသွားတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အိုမီဂါ-၃ ဖက်တီးအက်စစ်သည် ငါးကြီးဆီ၏အရေးအကြီးဆုံး ဒြပ်ပေါင်းဖြစ်ပြီး ဦးနှောက်စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ကြောင်း သုတေသနပညာရှင်များက ယူဆထားသည်။

**Ref : Sputnik News**

**Trs : KKO**

## အထိုင်များမှုကြောင့် ပေါ်ထွက်နိုင်သည့် ကျန်းမာရေးပြဿနာများကို လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် တားဆီးနိုင်

**နယူးယောက် ဩဂုတ် ၄**

အထိုင်များမှုကြောင့် ပေါ်ထွက်လာနိုင်သည့် ကျန်းမာရေးပြဿနာများကို လေ့ကျင့်ခန်းတက်တက်ကြွကြွပြုလုပ်ပေးခြင်းဖြင့် တားဆီးနိုင်ကြောင်း သုတေသနပညာရှင်များက ဩဂုတ် ၃ ရက်တွင် ပြောကြားသည်။

နေ့စဉ်စားပွဲထိုင်၍ အလုပ်လုပ်ရချိန် ရှစ်နာရီနှင့် အထက်ရှိနေသူများတွင် နှလုံးရောဂါနှင့် အခြားရောဂါဘယများကြောင့် အသက်ဆုံးပါးနိုင်ခြေ မြင့်တက်နေတတ်ကြောင်း သိရသည်။

သို့ရာတွင် နေ့စဉ်အထိုင်များသူများအနေဖြင့် သီတင်းအပတ်စဉ်တိုင်း အနည်းဆုံး မိနစ် ၁၄၀ အချိန်ပေး၍ အားစိုက်ရန်လိုသော လေ့ကျင့်ခန်းများ ပြုလုပ်ပေးပါက အထိုင်များမှုကြောင့် ပေါ်ထွက်လာနိုင်သည့် ကျန်းမာရေးပြဿနာများကို တားဆီးနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

မိမိတို့၏ အထက်ပါ လေ့လာတွေ့ရှိချက်သည် အထိုင်များသူများအနေဖြင့် သီတင်းအပတ်စဉ်တိုင်း လေ့ကျင့်ခန်းများ အချိန်ပေးပြုလုပ်နိုင်ရေး အရေးကြီးသည်ကို ပြသနေကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ဆီးချိုရောဂါရှိသူ ဦးရေ ၆၃၀၀ ကျော်တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**






# အိုလံပစ်ပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ဘရာဇီးအသင်း ဆီမီးဖိုင်နယ်သို့တက်ရောက်



**ပဲရစ် ဩဂုတ် ၄**

ပဲရစ်အိုလံပစ်ပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် အိမ်ရှင်ပြင်သစ်အသင်းနှင့် ဘရာဇီးအသင်းတို့ တွေ့ဆုံခဲ့ရာ ဘရာဇီးအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည်။

ဘရာဇီးအသင်းသည် အုပ်စုအဆင့်တွင် ရှုံးကန်ခဲ့ရကာ နှစ်ပွဲရှုံး၊ တစ်ပွဲနိုင်ရလဒ်ဖြင့် အကောင်းဆုံး တတိယနေရာမှ ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့ခြင်းဖြစ်ပြီး စပိန်အသင်းနှင့် ကစားခဲ့သည့် အုပ်စုနောက်ဆုံးပွဲစဉ်တွင်လည်း ဝါရင့်ကစားသမား မာတာမှာ အနီကတ်ပြစ်ဒဏ်ကြောင့် ပါဝင်နိုင်ခြင်းမရှိသည့်အတွက် ယခုပွဲစဉ်တွင် ပြင်သစ်အသင်းကို ရင်ဆိုင်ရန်ခက်ခဲခဲ့ကြောင်း သိရသည်။

ယခုပွဲစဉ်တွင် ပြင်သစ်အသင်းသည် အိမ်ရှင်အားသာချက်ရှိနေသည့်အပြင် ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့ရာ ပွဲစကတည်းက ဘရာဇီးအသင်းကို ဖိအားပေး ကစားနိုင်ခဲ့သဖြင့် ပွဲကစားချိန် ၁၆ မိနစ်တွင် ပင်နယ်တီကန်သွင်းခွင့်ရရှိခဲ့ပြီး ကွင်းလယ်ကစားသမား ဆာကီနာ လွဲချော်ခဲ့သဖြင့် ဦးဆောင်ဂိုးရရှိမည့် အခွင့်အရေးကို လက်လွှတ်ခဲ့ရကာ ပထမပိုင်းတွင် သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းတွင် ဘရာဇီးအသင်းက လူစားလဲမှု သုံးကြိမ်ဆက်တိုက် ပြုလုပ်ခဲ့ပြီးနောက် ပြင်သစ်အသင်းကို ပြန်လည်တုံ့ပြန်ကစားနိုင်ခဲ့သော်လည်း နေရာလွတ်များရှိခဲ့သဖြင့် ပြင်သစ်အသင်းက အပိုင်အခွင့်အရေးလေးကြိမ်ထိရရှိခဲ့ကာ အဆုံးသတ်ပိုင်းအားနည်းမှုကြောင့် ဦးဆောင်ဂိုးမရရှိခဲ့ဘဲ ပွဲကစားချိန် ၈၂ မိနစ်အရောက်တွင် ပေါ်တီဟိုက ဘရာဇီးအသင်းအတွက် အနိုင်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။

ဆီမီးဖိုင်နယ်အဆင့်တွင် ကိုလံဘီယာအသင်းကို ပင်နယ်တီအဆုံးအဖြတ်တွင် အနိုင်ရခဲ့သည့် အုပ်စုတွင်းပြိုင်ဘက် စပိန်အသင်းနှင့် ထပ်မံတွေ့ဆုံနေပြီး လာမည့် ဩဂုတ် ၇ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : ML**

# လိဒ်ယူနိုက်တက်ကစားသမား ဆမ်မာဗီလီကို ဝက်စ်ဟမ်းအသင်း ခေါ်ယူခဲ့ကြောင်းထုတ်ပြန်

**လန်ဒန် ဩဂုတ် ၄**

ဝက်စ်ဟမ်းအသင်းသည် ချန်ပီယံရှစ်ကလပ် လိဒ်ယူနိုက်တက်အသင်းတွင် ခြေစွမ်းပြနေသည့် တောင်ပံကစားသမား ဆမ်မာဗီလီကို ငါးနှစ်စာချုပ် ချုပ်ဆို၍ ခေါ်ယူခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ဝက်စ်ဟမ်း အသင်းသည် အသက် ၂၂ နှစ်ရှိ တောင်ပံကစားသမား ဆမ်မာဗီလီအတွက် ပြောင်းရွှေ့ကြေး ယူရို ၂၉ သန်းထိ အသုံးပြုခဲ့ရပြီး လေးနှစ်သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့သော်လည်း စာချုပ်တွင် တစ်နှစ်သက်တမ်းတိုးခွင့်ပါရှိခဲ့ကြောင်း သိရသည်။

လူငယ်ကစားသမား ဆမ်မာဗီလီသည် ၂၀၂၁ ခုနှစ်က နယ်သာလန်ကလပ် ဒန်းဟတ်အသင်းမှ လိဒ်ယူနိုက်တက် အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး အသင်းနှင့်အတူ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ပါဝင်ခွင့်ရခဲ့သော်လည်း အသင်းအနေဖြင့် ချန်ပီယံရှစ်ပြိုင်ပွဲသို့ တန်းဆင်းခဲ့ရကာ ပြီးခဲ့သည့် ဘောလုံးရာသီက လိဒ်ယူနိုက်တိုက်စစ်ကို ဦးဆောင်၍ ချန်ပီယံရှစ်ပြိုင်ပွဲတွင် သွင်းဂိုး ၁၉ ဂိုးနှင့် ဂိုးဖန်တီးမှု ကိုးကြိမ်ထိ ပြုလုပ်၍ ခြေစွမ်းပြသနိုင်ခဲ့ပြီး ဘောလုံးရာသီ ကုန်ဆုံးချိန်တွင် တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ရရှိခဲ့သည်။

ဆမ်မာဗီလီသည် တောင်ပံတိုက်စစ်တွင် တစ်ဦးချင်းကျော်ဖြတ်နိုင်မှု စွမ်းဆောင်ရည်ပြည့်ဝသည့် ကစားသမားဖြစ်သည့်အပြင် အဆုံးသတ်ပိုင်းလည်းသေချာသည့်အတွက် ဝက်ဟမ်းအသင်းနည်းပြ လိုပက်တီဂူက ၎င်း၏ ခြေစွမ်းပိုင်းကို နှစ်သက်နေပြီး တိုက်စစ်ပိုင်းတွင် ကူဒက်၊ ဘိုဝင်တို့နှင့်အတူ တွဲဖက်ကစားနိုင်ရန် မျှော်လင့်ထားကြောင်း သိရသည်။

ဆမ်ဗာဗီလီက "အခုအပြောင်းအရွှေ့ဟာ ကျွန်တော့်ကစားသမားဘဝ နောက်တစ်ဆင့်ရောက်ရှိဖို့ ပြည့်စုံတဲ့ ပြောင်းရွှေ့မှုဖြစ်ပါတယ်။ ဝက်စ်ဟမ်းအသင်းဟာ အကောင်းဆုံးကစားသမားတွေရှိနေတဲ့အပြင် ရည်မှန်းချက်ကြီးမားတဲ့ အသင်းကြီးတစ်သင်းဖြစ်ပါတယ်။ အခုလို ပြောင်းရွှေ့ခွင့်ရခဲ့လို့ အရမ်းစိတ်လှုပ်ရှားမိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : ML**




# ဗစ်တာရိုကွီကို ယူရို သန်း ၂၀ ဖြင့် လာဇီယိုအသင်း၏ကမ်းလှမ်းမှု ဘာစီလိုနာငြင်းပယ်

**ဘာစီလိုနာ ဩဂုတ် ၄**

ဘာစီလိုနာ အသင်းသည် လူငယ်ကစားသမား ဗစ်တာရိုကွီကို ရောင်းချရန် ဆန္ဒရှိနေသော်လည်း လာဇီယိုအသင်းက ပြောင်းရွှေ့ကြေး ယူရို သန်း ၂၀ ဖြင့် ကမ်းလှမ်းခဲ့ရာ ငြင်းပယ်ခဲ့ကြောင်း သိရသည်။

ဘာစီလိုနာ အသင်းသည် လူငယ်ကစားသမားကို ယခုအပြောင်းအရွှေ့တွင် ယူရို သန်း ၄၀ ဖြင့်ရောင်းချရန် ဆုံးဖြတ်ထားပြီး လာဇီယိုအသင်းက ကစားသမားအတွက် ပြောင်းရွှေ့ကြေး ယူရို သန်း ၂၀ ပေးချေ၍ အသင်းမှ ပြန်လည်ရောင်းချပါက ဘာစီလိုနာအသင်းအတွက် အကျိုးခံစားခွင့် ၅၀ ရာခိုင်နှုန်းထိ ပါဝင်သည့် သဘောတူညီချက်ဖြင့် ကမ်းလှမ်းခဲ့သော်လည်း အသင်းတာဝန်ရှိသူများက ငြင်းပယ်ခဲ့ခြင်းဖြစ်သည်။

အသက် ၁၉ နှစ်ရှိ တောင်ပံကစားသမားသည် ဘာစီလိုနာအသင်းတွင် ဆက်လက်ကစားရန် ဆန္ဒရှိနေသော်လည်း အသင်းအနေဖြင့် ၎င်းကိုရောင်းချရန် ဆုံးဖြတ်ထားသောကြောင့် လာမည့်ရာသီသစ်အတွက် တရားဝင်မှတ်ပုံတင်သွင်းမည်မဟုတ်သဖြင့် အသင်းသစ်ရှာဖွေရန် ၎င်း၏အေးဂျင့်ဖြစ်သူနှင့် ဆွေးနွေးလျက်ရှိသည်။

ဗစ်တာရိုကွီအား ဘာစီလိုနာအသင်းက တောင်းဆိုသည့် ပြောင်းရွှေ့ကြေးကို ဆော်ဒီပရိုလိဂ် အယ်ဟိုင်လာအသင်းက ပေးချေမည့်အပြင် ကစားသမားအတွက် မြင့်မားသည့်လုပ်ခလစာဖြင့် ကမ်းလှမ်းခဲ့သော်လည်း ကစားသမားနှင့် အေးဂျင့်ဖြစ်သူက ပြောင်းရွှေ့ရန် ငြင်းပယ်ခဲ့ကြောင်း သိရသည်။

တောင်ပံကစားသမား ဗစ်တာရိုကွီသည် ပြီးခဲ့သည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလက ဘရာဇီးကလပ် ပါရာနန်စီအသင်းမှ ဘာစီလိုနာအသင်းသို့ ရောက်ရှိခဲ့ပြီး အသင်းတွင် ပြိုင်ပွဲစုံ ၁၆ ပွဲ ပါဝင်ခဲ့ရာ သွင်းဂိုး နှစ်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပုံမှန်ပွဲကစားခွင့် ပျောက်ဆုံးခဲ့သဖြင့် အသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik**

**Trs : ML**

## အားကစားသတင်းအတိုအထွာများ

- ❑ အေတီကိုအသင်းက ဗီလာရီးရဲလ်အသင်းတိုက်စစ်မှူး ဆိုးလော့ကို ပြောင်းရွှေ့ကြေး ယူရို ၃၁ သန်းဖြင့်ခေါ်ယူနိုင်ခဲ့ပြီး ၂၀၂၈ ခုနှစ်ထိ လေးနှစ်စာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။
- ❑ ရာသီအကြိုခြေစမ်းပွဲစဉ်များတွင် ခြေစွမ်းပြကစားနေသည့် တောင်ပံကစားသမား ကာဗယ်ဟိုကို ဆောက်သမ်တန်အသင်းက ခေါ်ယူရန် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၅ သန်းဖြင့် ကမ်းလှမ်းခဲ့သော်လည်း လီဗာပူးအသင်းက ငြင်းပယ်ခဲ့သည်။
- ❑ နိုက်အသင်းကစားသမား တော့ဒီဘိုက အသင်းမှထွက်ခွာရန်အတွက် ရာသီအကြိုခြေစမ်းပွဲကစားမည့် လူစာရင်းတွင် ပါဝင်ခြင်းမရှိဘဲ ဂျူဗင်တပ်အသင်းသို့ပြောင်းရွှေ့ရန် စီစဉ်နေသော်လည်း နိုက်အသင်းက ပြောင်းရွှေ့ကြေး ယူရို ၃၅ သန်းအထက် အလိုရှိနေကြောင်း သိရသည်။
- ❑ ဒေါ့မွန်အသင်းတိုက်စစ်မှူး ဖူးလ်ခရက်ကို ဝက်စ်ဟမ်းအသင်းက အပိုဆုကြေးအပါအဝင် ယူရို ၂၅ သန်းဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့သည်။

**ML**

# အိုလံပစ်အားကစားပွဲတော် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် တရုတ်တင်းနစ်မယ် ကျန်းကွင်းဝမ် ရွှေတံဆိပ်ဆွတ်ခူး

**ပဲရစ် ဩဂုတ် ၄**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပနေသည့် ပဲရစ်အိုလံပစ်အားကစားပွဲတော်၏ အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲတွင် တရုတ်နိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်သည့် ကျန်းကွင်းဝမ်က ဗိုလ်လုပွဲတွင် ခရိုအေးရှားတင်းနစ်မယ် ဗီကစ်နှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ကျန်းကွင်းဝမ်က (၆-၂၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာ ရွှေတံဆိပ်ဆုအား ဆွတ်ခူးရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၁ နှစ်အရွယ် ကျန်းကွင်းဝမ်သည် ပြိုင်ပွဲတွင် နိုင်ခြေအဆင့်(၆)အဖြစ် သတ်မှတ်ခံထားရသူဖြစ်ပြီး နာမည်ကြီးကစားသမားများအား ကျော်ဖြတ်ကာ ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သကဲ့သို့ အိုလံပစ်အားကစားပွဲတော် သမိုင်းတစ်လျှောက် တင်းနစ်ပြိုင်ပွဲတွင် အာရှတိုက်မှ ပထမဆုံးရရှိခဲ့သည့် ရွှေတံဆိပ်ဆုလည်းဖြစ်သည်။

အိုလံပစ် အားကစားပွဲတော် ကျင်းပလာသည့် သက်တမ်းတစ်လျှောက် တရုတ်နိုင်ငံကိုယ်စားပြုအနေဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ကစားသမားများအနက် ၂၀၀၈ ခုနှစ်တွင် လီနာက ဆီမီးဖိုင်နယ်အဆင့်ထိ အမြင့်ဆုံးတက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

ကျန်းကွင်းဝမ်က "ဒီဆုနဲ့ပတ်သက်ပြီး စိတ်ထဲမှာ ပျော်ရွှင်နေတဲ့အပျော်တွေကို ဘယ်လိုစကားလုံးနဲ့ ထုတ်ပြောရမလဲဆိုတာတောင် မသိတော့ပါဘူး။ အိပ်မက်လိုလိုဖြစ်နေတယ်။ နိုင်ငံအတွက် ရွှေတံဆိပ်ဆုကို ရယူပေးနိုင်ခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ ကျွန်မလုပ်နိုင်သလောက် အကောင်းဆုံး ကြိုးစားလုပ်ဆောင်ခဲ့တယ်။ မျှော်လင့်မထားတဲ့ အောင်မြင်မှုကို ရယူနိုင်ခဲ့တဲ့အတွက် အရမ်းကို ဝမ်းသာမိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။



**Ref : Xinhua**

**Trs : AZL**

# WBA စူပါလိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို ဗာလင်ဇွဲလာဆွတ်ခူး

**လော့စ်အိန်ဂျယ်လိစ် ဩဂုတ် ၄**



WBA စူပါလိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ စိန်ခေါ်ပွဲစဉ်အဖြစ် အမေရိကန်လက်ဝှေ့သမား ဗာလင်ဇွဲလာနှင့် မက္ကဆီကိုလက်ဝှေ့သမား အိုင်ဆက်ခရုဇ်တို့ အမေရိကန်နိုင်ငံ လော့စ်အိန်ဂျယ်လိစ်မြို့တွင် ဩဂုတ် ၃ ရက်က ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ဗာလင်ဇွဲလာက ဒိုင်အမှတ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံခါးပတ်ကို ဆွတ်ခူးရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမှတ်ပေးဒိုင် သုံးဦးရှိသည့် အနက် ဒိုင်နှစ်ဦးက (၁၁၆-၁၁၂) ရမှတ်ဖြင့်လည်းကောင်း၊ ကျန်ဒိုင် တစ်ဦးက (၁၁၅-၁၁၃)ရမှတ်ဖြင့် လည်းကောင်း ဗာလင်ဇွဲလာအား အနိုင်ပေးခဲ့ခြင်းဖြစ်သည်။

ဗာလင်ဇွဲလာအတွက် ကစားသမားဘဝ သက်တမ်းတစ်လျှောက် ပထမဆုံးရရှိခဲ့သည့် ကမ္ဘာ့ချန်ပီယံ ခါးပတ်ဖြစ်ပြီး ထိုက်တန်သည့် စွမ်းဆောင်ရည်မျိုး ပြသသွားနိုင်ခဲ့သည်။

ဗာလင်ဇွဲလာက "ပထမအချီ ကတည်းက ဘာဖိအားမှမပေးခံ ရဘူး။ ပြိုင်ဘက်ကစားသမားကိုပဲ ဖိအားပေးနိုင်ခဲ့တယ်။ တည်တည် ငြိမ်ငြိမ်နဲ့ ထိုးသတ်နိုင်ခဲ့လို့လဲ ဝမ်းသာဂုဏ်ယူပါတယ်။ ပွဲစဉ် တစ်လျှောက်လုံး ဖိအားပေးနိုင် ခဲ့တယ်လို့လဲ ခံစားမိတယ်။ ကမ္ဘာ့ချန်ပီယံတစ်ယောက် ဖြစ်ခွင့် ရခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်

**နေပြည်တော် ဩဂုတ် ၄**

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်များကို ယနေ့ညနေပိုင်းက နေပြည်တော်တွင် ယှဉ်ပြိုင်ကစား ခဲ့ကြကြောင်း သိရသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁နှစ်အောက်ဘောလုံး ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ အဖြစ် ယနေ့ညနေ ၃ နာရီက နေပြည်တော် ပေါင်းလောင်း အားကစားကွင်းတွင် မန္တလေးတိုင်း ဒေသကြီးအသင်းနှင့် မွန်ပြည်နယ် အသင်းတို့ကစားခဲ့ရာ မွန်ပြည်နယ် အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင် ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည်။

အလားတူ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေး ကွင်းအမှတ်(၁)တွင် ရန်ကုန်တိုင်း ဒေသကြီးအသင်းနှင့် စစ်ကိုင်းတိုင်း ဒေသကြီးအသင်းတို့ ကစားခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး အသင်းက ခုနစ်ဂိုး တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင် ရရှိခဲ့ကာ ဆီမီးဖိုင်နယ်အဆင့်သို့ အသီးသီး တက်ရောက်နိုင်ခဲ့ ကြကြောင်း သိရသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် ဘောလုံး ပြိုင်ပွဲကို ဩဂုတ် ၅ ရက်တွင် တစ်ရက် ရပ်နားသွားမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ဩဂုတ် ၆ ရက် ညနေ ၃ နာရီတွင် နေပြည်တော် ပေါင်းလောင်း အားကစားကွင်းတွင် ပြည်ထောင်စု နယ်မြေ နေပြည်တော်အသင်း နှင့် ကချင်ပြည်နယ်အသင်း၊ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစား ကွင်း လေ့ကျင့်ရေးကွင်းအမှတ်(၁) တွင် ရန်ကုန်တိုင်းဒေသကြီး အသင်းနှင့် မွန်ပြည်နယ်အသင်း တို့ ဆက်လက်ကစားသွားမည်ဖြစ် ကြောင်း သိရသည်။ **STA**

# ပေါ်တူဂီစူပါဖလားဗိုလ်လုပွဲတွင် ပေါ်တိုအသင်းက စပို့တင်းလစ္စဘွန်းအသင်းကို အနိုင်ယူ၍ ချန်ပီယံဆုဆွတ်ခူး



**လစ္စဘွန်း ဩဂုတ် ၄**

ပေါ်တူဂီစူပါဖလား ဗိုလ်လုပွဲအဖြစ် ယနေ့နံနက်ပိုင်းက ပေါ်တိုအသင်းနှင့် စပို့တင်း လစ္စဘွန်းအသင်းတို့ ကစားခဲ့ရာ ပေါ်တိုအသင်းက လေးဂိုး သုံးဂိုး ဖြင့် အနိုင်ရရှိခဲ့ပြီး ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး အပြန်အလှန် ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် ခြောက်မိနစ်တွင် အီနာစီယို၊ ပွဲချိန် ကိုးမိနစ်တွင် ဂွန်ကာဗက်နှင့် ပွဲချိန် ၂၄ မိနစ်တွင် ကွင်ဒါတို့က စပို့တင်းလစ္စဘွန်း အသင်းအတွက် သွင်းဂိုးများ သွင်းယူနိုင်ခဲ့ပြီး ပွဲချိန် ၂၈ မိနစ်တွင် ဂါလီနိုက ပေါ်တို အသင်းအတွက် ချေပဂိုး တစ်ဂိုး သွင်းယူပေးနိုင်ခဲ့သည့် အတွက် ပထမပိုင်းတွင် စပို့တင်းလစ္စဘွန်း အသင်းက သုံးဂိုး တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

သို့သော် ဒုတိယပိုင်းတွင် ချေပဂိုးများ လိုအပ်နေသည့် ပေါ်တိုအသင်းက အကောင်းဆုံး ပြန်လည်ဖိအားပေး ကစားနိုင်ခဲ့ကာ ပွဲချိန် ၆၄ မိနစ်တွင် ဂွန်ဇာလက်၊ ပွဲချိန် ၆၆ မိနစ်တွင် ဂါလီနိုတို့က ချေပဂိုးများ ပြန်လည်သွင်းယူ ပေးနိုင်ခဲ့ပြီး မိနစ် ၉၀ အတွင်း သုံးဂိုးစီ သရေရလဒ်ကြောင့် အချိန်ပို မိနစ် ၃၀ ဆက်လက်ကစား ခဲ့ရာတွင် ဂျိုင်မီက ပေါ်တိုအသင်း အတွက် ဦးဆောင်ဂိုး သွင်းယူပေး နိုင်ခဲ့သဖြင့် ပွဲပြီးဆုံးချိန်တွင် ပေါ်တိုအသင်းက လေးဂိုး သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည်။

ပေါ်တိုအသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် ပေါ်တူဂီစူပါ ဖလားချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည့် အတွက် စုစုပေါင်း ချန်ပီယံဆုကို ၂၄ ကြိမ်ထိရရှိခဲ့ကာ အအောင် မြင်ဆုံးအသင်းအဖြစ် ရပ်တည် လျက်ရှိကြောင်း သိရသည်။

**Ref : RT**
**Trs : STA**

# နေရှင်နယ်လိဂ် ပွဲစဉ်(၅)တွင် ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ သရေရလဒ်ထွက်ပေါ်

**ရန်ကုန် ဩဂုတ် ၄**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာ နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၅) အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ရှိ ပြည်နယ် အားကစားကွင်းတွင် ရှမ်းယူနိုက် တက်အသင်းနှင့် ရန်ကုန်ယူနိုက် တက်အသင်းတို့ နှစ်ဂိုးစီ သရေ ရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိ ရသည်။

အဆိုပါပွဲစဉ်တွင် အမှတ်ပေး ဇယား အဆင့်(၁)နှင့် (၂)တို့မှ အသင်းများ ထိပ်တိုက်တွေ့ဆုံ သည်နှင့်အညီ ပွဲအစတည်းက ခြေစွမ်းပိုင်း ကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန် ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ရန်ကုန် ယူနိုက်တက်အသင်းက ရရှိသည့် အခွင့်အရေးများကို အသုံးချပြီး ပွဲချိန် ၁၄ မိနစ်တွင် ကောင်းစည်သူ၊ ပွဲချိန် ၂၆ မိနစ်တွင် ကျော်ဖြိုးဝေ တို့က ဦးဆောင်ဂိုးများ သွင်းယူ နိုင်ခဲ့သည့်အတွက် ပထမပိုင်းတွင် ရန်ကုန်ယူနိုက်တက် အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင် ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည် စတင်ချိန်တွင် ချေပဂိုးများလိုအပ် နေသည့် ရှမ်းယူနိုက်တက်အသင်း က ပိုမိုတိုက်စစ်မြင့် ဖိအားပေး ကစားခဲ့ရာမှ ပွဲချိန် ၅၇ မိနစ်နှင့် ပွဲချိန် ၇၀ မိနစ်တို့တွင် မက်ဆာကီ က ရှမ်းယူနိုက်တက်အသင်းအတွက် ချေပဂိုးများ သွင်းယူပေးနိုင်ခဲ့သည့် အတွက် ပွဲပြီးဆုံးချိန်တွင် နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့သဖြင့် ရှမ်းယူနိုက်တက်အသင်း အနေဖြင့် ၆၀ ပွဲဆက် ရှုံးပွဲမရှိစံချိန်ကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။

အလားတူ ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းတွင် ကစားခဲ့သည့် မဟာယူနိုက်တက် အသင်းနှင့် ဒဂုံပေါ့အသင်းတို့ ပွဲစဉ်တွင်လည်း အပြန်အလှန် သွင်းဂိုးများဖြင့် သုံးဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ ကြောင်း သိရသည်။ **STA**



# နယူးကာဆယ်အသင်းမှ ထွက်ခွာရန်အစီအစဉ်မရှိကြောင်း ဂွီမာရေ့စ်ပြောကြား

**လန်ဒန် ဩဂုတ် ၄**

နယူးကာဆယ်အသင်း အဓိက ကွင်းလယ်ကစားသမား ဂွီမာရေ့စ် က လာမည့်ဘောလုံးရာသီတွင် နယူးကာဆယ် အသင်းတွင်သာ ဆက်ရှိနေမည်ဖြစ်ပြီး အသင်းမှ ထွက်ခွာရန် အစီအစဉ်မရှိဟု အတည်ပြု ပြောကြားခဲ့ကြောင်း သိရသည်။

အသက် ၂၆ နှစ်ရှိ ဂွီမာရေ့စ် သည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က လိုင်ယွန်အသင်းမှ နယူး ကာဆယ်အသင်းသို့ ပြောင်းရွှေ့ ကစားခဲ့သူဖြစ်ပြီး အသင်းနှင့် အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်း ပြသနိုင် ခဲ့ကာ ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ အကောင်းဆုံး ကွင်းလယ်ကစား သမားများတွင် တစ်ဦးအပါ အဝင်ဖြစ်သည်။

လက်ရှိတွင် နယူးကာဆယ် အသင်းသည် အသင်းဘဏ္ဍာ ရေးစည်းမျဉ်းနှင့် ငြိစွန်းနိုင်သည့် အခြေအနေများကြောင့် ကစား သမားအချို့ကို ရောင်းချရဖွယ် ရှိနေပြီး အစောပိုင်းက ဂွီမာရေ့စ် ကိုလည်း မြင့်မားသည့် ပြောင်းရွှေ့ ကြေးတစ်ရပ်ရရှိပါက ပြန်လည် ရောင်းချသွားမည်ဟု သတင်း များ ထွက်ပေါ်ခဲ့သော်လည်း ယခုအခါ ဂွီမာရေ့စ်ကိုယ်တိုင်က အသင်းမှ ထွက်ခွာမည်မဟုတ် ဟု အတည်ပြုပြောကြားခဲ့ခြင်း ဖြစ်သည်။

နယူးကာဆယ် အသင်းနှင့် အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ သည့် ဂွီမာရေ့စ်ကို ပရီးမီးယား လိဂ် ထိပ်တန်းအသင်းများ ဖြစ်သည့် မန်စီးတီးအသင်းနှင့် အာဆင်နယ် အသင်းတို့က စောင့်ကြည့်လျက်ရှိနေပြီး အာဆင် နယ်အသင်းက ကွင်းလယ် ပိုင်း အင်အားဖြည့်တင်းရန် ခေါ်ယူလိုသကဲ့သို့ မန်စီးတီး အသင်းကလည်း အနာဂတ် မရေမရာဖြစ်နေသည့် ကွင်းလယ် ကစားသမား ဒီဘရိုင်း၏ နေရာတွင် ရေရှည်အစားထိုး ရန်အတွက် စောင့်ကြည့်လျက် ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : STA**

# ကလေးငယ်များ ကျန်းမာသန်စွမ်းဖို့ မိခင်နို့ကို စနစ်တကျတိုက်ကျွေးစို့

အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါလျက်ရှိသည်။ လူ့စွမ်းအားအရင်းမြစ်များ ပြုစုပျိုးထောင်ရာတွင် အာဟာရဖွံ့ဖြိုးရေးကိုလည်း အလေးထားလုပ်ဆောင်သွားရန်လိုအပ်ပေသည်။ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ စဉ်ဆက်မပြတ် အောင်မြင်မှုရရှိရေးအတွက် လွှမ်းခြုံဆောင်ရွက်နိုင်သည်နှင့်အမျှ ကလေးငယ်များ၏ ကျန်းမာသန်စွမ်းမှုနှင့် ဉာဏ်ရည်ဖွံ့ဖြိုးမှုတို့အပေါ် အကျိုးသက်ရောက်မှုများရရှိလာမည်ဖြစ်သည်။ ထိုမှတစ်ဆင့် ပညာတတ်နိုင်ငံသားများ တစ်နည်းအားဖြင့် တန်ဖိုးမြင့်လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုရရှိလာနိုင်မည်ဖြစ်သည်။

ကလေးများ အာဟာရပြည့်ဝရေး၊ စံမီကြီးထွားဖွံ့ဖြိုးရေး၊ ကျန်းမာကြံ့ခိုင်ရေး၊ ဉာဏ်ရည်ထက်မြက်ရေးတို့သည် ရင်သွေးငယ်များရသင့်ရထိုက်သည့် အခွင့်အရေးများဖြစ်သည်။ ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနသည် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပြည်သူလူထု စိတ်ပါဝင်စားစွာ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ၂၀၀၉ ခုနှစ်မှစတင်ကာ ဩဂုတ်လတစ်လလုံးကို အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များအဖြစ်သတ်မှတ်၍ နှစ်စဉ်ဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ် ဩဂုတ်လ ပထမသီတင်းပတ်ကို ကမ္ဘာ့မိခင်နို့စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ်အဖြစ်လည်းကောင်း၊ ဒုတိယသီတင်းပတ်ကို ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အဖြစ်လည်းကောင်း၊ တတိယသီတင်းပတ်ကို ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်အဖြစ်လည်းကောင်း၊ စတုတ္ထသီတင်းပတ်ကို အိုင်အိုဒင်းချို့တဲ့မှုရောဂါများပပျောက်ရေး ရက်သတ္တပတ်အဖြစ်လည်းကောင်းသတ်မှတ်ကာ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များကို လူထုလှုပ်ရှားမှုများအဖြစ် ဆောင်ရွက်လျက်ရှိသည်။

**တန်ဖိုးမဖြတ်နိုင်သော မိခင်နို့ရည်**

စင်စစ်အားဖြင့် မိခင်နို့ရည်သည် ကလေးငယ်ကျန်းမာစွာကြီးထွားပြီး ဖွံ့ဖြိုးမှုအတွက် အကောင်းဆုံးအာဟာရပင်ဖြစ်သည်။ မိခင်နို့ရည်သည် မွေးဖွားပြီးပထမခြောက်လအတွင်း ကလေးငယ်လိုအပ်သော တစ်ခုတည်းသောအာဟာရဖြစ်သည်။ ကလေးငယ်အတွက် အစာကြေလွယ်ပြီး ကလေးငယ်ကို အာဟာရဓာတ်များ လျင်မြန်စွာပေးနိုင်သည်။ ထို့ကြောင့် အာဟာရကြွယ်ဝပြီး ရောဂါကာကွယ်ပေးသည့်ဓာတ်များပါဝင်သောနို့ဦးရည်ကို တိုက်ဖြစ်အောင်တိုက်သင့်သည်။ မွေးဖွားပြီး တစ်နာရီအတွင်း စောနိုင်သမျှ စောစောတိုက်သင့်သည်။ ကလေးငယ်ကို မွေးဖွားပြီး အသက်ခြောက်လထိ မိခင်နို့တစ်မျိုးတည်းသာတိုက်ရန်လိုသည်။ မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးခြင်းဆိုသည်မှာ မိခင်နို့မှလွဲ၍ ရေ၊ အခြားအရည်များ၊ သို့မဟုတ် အစားအစာများကို ပထမခြောက်လအတွင်း မကျွေးခြင်းကိုဆိုလိုသည်။ မိခင်နို့တွင် ရေဓာတ်အများအပြားပါဝင်သည်။ ကလေးငယ် နို့ဆာသည့်အခါတိုင်း တိုက်ပေးသင့်သည်။ နို့စို့လိုသည့်အခါတိုင်း နို့စို့ခွင့်ရရှိပါက ပူပြင်းခြောက်သွေ့သော ရာသီဥတုများမှာပင် ရေထပ်မံတိုက်ကျွေးရန်မလိုပေ။ မိခင်နို့ကို ခဏခဏတိုက်ပေးသင့်သည်။ အချိန်ကြာကြာတိုက်ပေးသင့်သည်။ မိခင်နို့တွင် အဆီဓာတ်၊ သကြားဓာတ်၊ ဗီတာမင်နှင့် သတ္တုဓာတ်များ အလုံအလောက်ပါဝင်သကဲ့သို့ အစာလည်း ကြေလွယ်သည်။

❖ မိခင်နို့ရည်သည် ကလေးငယ် ကျန်းမာစွာကြီးထွားပြီး ဖွံ့ဖြိုးမှု အတွက် အကောင်းဆုံးအာဟာရပင်ဖြစ်သည်။ မိခင်နို့ရည်သည် မွေးဖွားပြီး ပထမခြောက်လအတွင်း ကလေးငယ်လိုအပ်သော တစ်ခုတည်းသော အာဟာရဖြစ်သည်။ ကလေးငယ်အတွက် အစာကြေလွယ်ပြီး ကလေးငယ် ကို အာဟာရဓာတ်များ လျင်မြန်စွာပေးနိုင်သည်။ ထို့ကြောင့် အာဟာရ ကြွယ်ဝပြီး ရောဂါကာကွယ်ပေးသည့်ဓာတ်များပါဝင်သော နို့ဦးရည်ကို တိုက်ဖြစ်အောင်တိုက်သင့်သည်။ မွေးဖွားပြီး တစ်နာရီအတွင်း စောနိုင် သမျှ စောစောတိုက်သင့်သည်။ ကလေးငယ်ကို မွေးဖွားပြီး အသက် ခြောက်လထိ မိခင်နို့တစ်မျိုးတည်းသာတိုက်ရန်လိုသည်။ ❖

**မိခင်နို့တိုက်ကျွေးခြင်း၏ အကျိုးကျေးဇူးများ**

နို့ဦးရည်နှင့်မိခင်နို့သည် ကလေးငယ် ရောဂါမဖြစ်ပွားစေရန်အတွက် မိခင်မှ ကလေးကိုပေးနိုင်သည့် ပထမဆုံးနှင့်တန်ဖိုးအရှိဆုံး ကာကွယ်ဆေးပင်ဖြစ်သည်။ မိခင်နို့တိုက်ကျွေးခြင်းဖြင့် ကလေးငယ်တွင် ဝမ်းလျှောခြင်း၊ အသက်ရှူလမ်းကြောင်းရောဂါကူးစက်ဝင်ရောက်ခြင်းနှင့် နာတာရှည်ရောဂါများဖြစ်ပွားမည့်အန္တရာယ်ကို လျှော့ချနိုင်သည်။ မိခင်နို့တိုက်ကျွေးခြင်းဖြင့် မိခင်နှင့် ကလေးငယ်တို့ကြား သံယောဇဉ်တွယ်တာမှု ပိုမိုခိုင်မာစေသည်။

မိခင်တစ်ဦးသည် ရင်သွေးငယ်ကိုနို့တိုက်ခြင်းဖြင့် နောက်တစ်ကြိမ် ကိုယ်ဝန်ဆောင်ခြင်းကို နှောင့်နှေးကြန့်ကြာစေနိုင်သည်။ မိခင်တွင် မမျိုးဥအိမ်ကင်ဆာ၊ ရင်သားကင်ဆာတို့ဖြစ်ပွားမည့်အန္တရာယ်ကို လျှော့ချပေးနိုင်သည်။ မိခင်သည် အာဟာရပြည့်ဝစွာစားသုံးပါက အမြွှာကလေးများအတွက်လည်း မိခင်နို့ လုံလောက်စွာတိုက်ကျွေးနိုင်ပါသည်။ အသက်ခြောက်လပြည့်ပြီးနောက် အာဟာရကြွယ်ဝသော ဖြည့်စွက်အစာများကို စတင်ကျွေးရင်း မိခင်နို့ကို ကလေးငယ် နှစ်နှစ်ကျော်သည်ထိ ဆက်လက်၍တိုက်ကျွေးနိုင်သည်။ အမှန်တော့ နို့တိုက်မိခင်များသည် အစာပို၍စားသုံးရန်လိုအပ်သည်။ ထမင်းနှင့်ဟင်း တစ်နပ်ပိုစားရန်လိုသည်။ နို့တိုက်မိခင်သည် ငန်လွန်း၊ စပ်လွန်းသော အစာမှလွဲ၍ အစားလုံးဝမရှောင်သင့်ပေ။ မိခင်နို့တွင် ကလေးငယ်အတွက် လိုအပ်သောအာဟာရများပြည့်စုံကာ လုံလောက်သောပမာဏရရှိစေရန် နို့တိုက်မိခင်ဘဝတွင် ကိုယ်ဝန်ဆောင်ဘဝထက်ပိုစားရန် လိုအပ်သည်။

**ဗီတာမင်အေ အာဟာရ**

ဗီတာမင်အေသည် ကလေးများ ပုံမှန်ကြီးထွားဖွံ့ဖြိုးရေးနှင့် ကျန်းမာကြံ့ခိုင်ရေး၊ မျက်စိကျန်းမာရေးနှင့် အမြင်အာရုံကောင်းမွန်ရေးအတွက်လည်း အရေးကြီးသည်။ နို့တိုက်မိခင်များသည် မလိုအပ်ဘဲ အစားရှောင်လျှင် ဗီတာမင်အေ အလုံအလောက်မရရှိနိုင်တော့ဘဲ ထိုမိခင်များ၏ နို့ကိုစို့ရသောကလေးများသည် ဗီတာမင်အေချို့တဲ့တတ်သည်။ ဗီတာမင်အေချို့တဲ့သောကလေးများသည် ပုံမှန်ကြီးထွားဖွံ့ဖြိုးမှုမရှိဘဲ ကူးစက်ရောဂါအမျိုးမျိုးကြောင့် မကြာခဏဖျားနာတတ်သည်။ ဖျားနာလျှင် နာတာရှည်ဖြစ်တတ်သည်။ ကြက်မျက်သင့်ရောဂါခံစားရတတ်သည်။ မျက်ကြည်လွှာတွင် အနာဖြစ်နိုင်သည်။ အနာပျောက်သော်လည်း အပြင်တိမ်စွဲနိုင်သည်။ မျက်ကြည်လွှာပေါက်၍ မျက်စိကွယ်ခြင်းတို့ဖြစ်တတ်သည်။ ထို့ပြင် အခြားရောဂါများဖြစ်ပွားပါကလည်း ရောဂါပြင်းထန်ပြီး အသက်အန္တရာယ်ကြုံတွေ့ရတတ်သည်။

နို့တိုက်မိခင်များသည် ဗီတာမင်အေကြွယ်ဝသည့်အစာများကို လုံလောက်စွာ စားသုံးရန်လိုအပ်သည်။ မီးဖွားပြီး ပထမတစ်ရက်၊ နှစ်ရက်တွင်ထွက်သည့် နို့ဦးရည်သည် ဗီတာမင်အေ အလွန်ကြွယ်ဝသည်။ ထို့ကြောင် ကလေးကို နို့ဦးရည်တိုက်ဖြစ်အောင်တိုက်ပေးရန်လိုအပ်သည်။ အသက်ခြောက်လမှစ၍ ထမင်းခွံ့သည့်အခါ ဗီတာမင်အေကြွယ်ဝသည့် အသည်းအမျိုးမျိုး၊ ဥအမျိုးမျိုး၊ နို့အမျိုးမျိုး၊ အစိမ်းရင့်ရောင်ဟင်းရွက်များ၊ နီဝါရောင်သစ်သီးများ၊ အဝါရောင်သစ်သီးများ၊ အဝါရောင်နှင့် အနီရောင် သစ်ဥသစ်ဖုများကို အသက်အရွယ်အလိုက် ထည့်ကျွေးပေးရန်လိုအပ်သည်။

**ဗီတာမင်ဘီဝမ်း**

ဗီတာမင်ဘီဝမ်းချို့တဲ့မှုကြောင့် သူငယ်နာ(ဘယ်ရီဘယ်ရီ)ရောဂါဖြစ်နေသောကလေးသည် အချိန်မီကုသမှုမခံရပါက အသက်ဆုံးရှုံးနိုင်သည်။ ထိုကလေးအတွက် ဗီတာမင်ဘီဝမ်းထိုးဆေးသည် အသက်ကယ်ဆေးဖြစ်သည်။ ပဲအမျိုးမျိုး၊ အဆီလွတ်ဝက်သား၊ မောင်းထောင်းဆန် (ဆန်လုံးညို) ၊ ပြုတ်ဆန်(ပေါင်းဆန်၊ စပါးအခွံမချွတ်မီ ရေနွေးငွေ့ဖြင့် ပေါင်းထားသောဆန်)တို့သည် ဗီတာမင်ဘီဝမ်းကြွယ်ဝသည့် အစားအစာများ ဖြစ်ကြသည်။

**သံဓာတ်အာဟာရ**

သံဓာတ်သည် အရေးကြီးသော သတ္တုအာဟာရဓာတ်တစ်မျိုးဖြစ်သည်။ သံဓာတ်ချို့တဲ့လျှင် သွေးအားနည်းရောဂါခံစားရသည်။ ကလေးများ သွေးအားနည်းလျှင် ခန္ဓာကိုယ်ပုံမှန်မကြီးထွားနိုင်တော့ပေ။ကျောင်းသင်ခန်းစာများတွင် အာရုံမစူးစိုက်နိုင်သဖြင့် ပညာသင်ယူရာတွင်နှောင့်နှေးမည်ဖြစ်သည်။ ရောဂါရလွယ်သည်။ သံဓာတ်ချို့တဲ့သဖြင့် သွေးအားနည်းရောဂါဖြစ်ခြင်းမှကာကွယ်ရန် သံဓာတ်အာဟာကြွယ်ဝသောအစားအစာများကို နေ့စဉ်စားသုံးရန်လိုအပ်သည်။ အသား၊ အသည်းနှင့် သွေးခဲတို့သည် သံဓာတ်အထူးကြွယ်ဝသဖြင့် တတ်နိုင်သမျှစားသုံးသင့်သည်။ဟင်းနုနယ်ရွက်၊ မုန်ညင်းရွက်၊ ကန်စွန်းရွက်၊ ကင်းပုံရွက်၊ ချဉ်ပေါင်ရွက် စသည့် အစိမ်းရင့်ရောင်ဟင်းသီးဟင်းရွက်များနှင့်ပဲအမျိုးမျိုးသည် သံဓာတ်အတော်အတန်ကြွယ်ဝသဖြင့် နေ့စဉ်စားသုံးသင့်သည်။အသားဓာတ်နှင့် အချဉ်ဓာတ်(ဗီတာမင်စီ)သည် ဟင်းသီးဟင်းရွက်များနှင့် ပဲအမျိုးမျိုးမှသံဓာတ်ကို အစာလမ်းကြောင်းမှ လွယ်ကူစွာစုပ်ယူနိုင်အောင်ကူညီသည်။သန္ဓေသားဘဝမှ အသက်နှစ်နှစ်အတွင်း ဘဝအစကာလတွင် အာဟာရဆိုင်ရာ ပံ့ပိုးဖြည့်ဆည်းမှုသည် ရေတို၊ ရေရှည် အကျိုးကျေးဇူးများကိုရရှိစေနိုင်၍ ထိုကလေး၏ ဘဝတစ်လျှောက်လုံးအတွက် အရေးအကြီးဆုံးနှင့် ထိရောက်မှုအရှိဆုံး လုပ်ဆောင်ချက်ပင်ဖြစ်သည်။

**ကလေးငယ်များကျန်းမာသန်စွမ်းဖို့ မိခင်နို့ကို စနစ်တကျတိုက်ကျွေးစို့**

အမှန်တော့ ကလေးများကို မွေးစမှအသက်ခြောက်လထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးရန်နှင့် ကလေးအသက် ခြောက်လပြည့်သည့်အချိန်မှစ၍ သင့်တော်သောဖြည့်စွက်စာနှင့်အတူ အနည်းဆုံး ကလေးအသက်နှစ်နှစ်ထိ မိခင်နို့ကို ဆက်လက်တိုက်ကျွေးရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အကြံပြုထားရာ မိခင်နို့ စနစ်တကျ တိုက်ကျွေးမှုကို ပိုမိုမြှင့်တင်သွားရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သွားရန်လိုအပ်ပေသည်။ ထို့ကြောင့် လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်သွားမည့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားကြပါစို့ဟု အကြံပြုတိုက်တွန်းသွားလိုပါသည်။

**ကိုးကား**

(၁) ၆-၈-၂၀၂၃ ထုတ် မြန်မာ့အလင်း သတင်းစာ။

(၂) မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးခြင်း **Standardized Health Messages (myanmarhealth.info)**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# ဖာပွန်မြို့နယ် ကမမောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**ဖာပွန် ဩဂုတ် ၄**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့်မိသားစုဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ ဖာပွန်မြို့နယ် ကမမောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖာပွန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်း၊ ဖာပွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဦးကိုကိုနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကမမောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဖာပွန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်းက စီမံကိန်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ကမမောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ယခုအခါ နဝမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၅ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၅၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦး၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၃၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၄၅ သိန်းကို ထုတ်ချေးပေးထားကြောင်း ဖာပွန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ကိုသက်**

# အပြင်းစားအချစ် ရုပ်ရှင်ဇာတ်ကား ဩဂုတ်လအတွင်း မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်




**ရန်ကုန် ဩဂုတ် ၄**

New ကြောင်ကမ္ဘာ ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်သည့် အပြင်းစားအချစ် ရုပ်ရှင်ဇာတ်ကားကို ဩဂုတ်လအတွင်း မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် နေဒွေးက ပြောပြ၍ သိရသည်။

အပြင်းစားအချစ် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဇမ္ဗူထွန်းသက်လွင်က ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ ဇမ္ဗူထွန်းသက်လွင်ကပင် New ကြောင်ကမ္ဘာ ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"အချစ်ဒရာမာသန့်သန့် ဇာတ်ကားလေးပါ။ သာမန်မြင်နေကျ သုံးပွင့်ဆိုင်တွေထက်တော့ နည်းနည်းလေး ဆန်းပြားပါမယ်။ မကြာခင် ပိတ်သားပြင်ပေါ်မှာ မြင်ရတော့မှာမို့ အားပေးကြပါအုံး"ဟု သရုပ်ဆောင် နေဒွေးက ပြောပြသည်။

အပြင်းစားအချစ် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် လူမင်း၊ နေဒွေး၊ နေနော်၊ ရဲအောင်၊ သက်မွန်မြင့်၊ နန်းရွှေရည်၊ မေသန်းနု၊ မြင့်မြင့်ခင်၊ မြင့်မြင့်ခိုင်၊ ဒေါ်စံပယ်၊ ဒေါ်ထားအဖွဲ့နှင့်အခြား အနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Deadpool and Wolverine ဇာတ်ကား ကမ္ဘာတစ်ဝန်းဝင်ငွေကန်ဒေါ်လာသန်း ၆၃၀ ကျော် ရရှိ

**နယူးယောက် ဩဂုတ် ၄**

မာဗယ်စတူဒီယို၏ Deadpool and Wolverine ဇာတ်ကားသည် ဩဂုတ် ၂ ရက်တွင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၆၃၀ ကျော်ထိ ရရှိလာပြီဖြစ်ကြောင်း ဩဂုတ် ၃ ရက် သတင်းများအရ သိရသည်။

Deadpool and Wolverine ဇာတ်ကားသည် ရုံတင်ပြီး ၁၀ ရက်မပြည့်မီမှာပင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၆၃၀ ကျော်လွန်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

မာဗယ်စတူဒီယိုသည် Deadpool and Wolverine ဇာတ်ကားကို ဇူလိုင် ၂၆ ရက်တွင် ရုံတင်ပြသခဲ့ခြင်းဖြစ်သည်။

ဈေးကွက်ကျွမ်းကျင်သူများ၏ အဆိုအရ Deadpool and Wolverine ဇာတ်ကားသည် ယခုနှစ်၏ ကမ္ဘာတစ်ဝန်းဝင်ငွေ ဒုတိယအများဆုံးဇာတ်ကား ဖြစ်လာနိုင်သည်။

Deadpool and Wolverine ဇာတ်ကားကို ဒါရိုက်တာရှောင်လီဗိုင်းက ရိုက်ကူးပေးထားပြီး ဇာတ်ကားတွင် မင်းသား ရိုင်ယန်ရေးနိုး၊ ဟက်ဂျက်မင်းနှင့် မင်းသမီး အမ်မာကော်ရင်တို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**




# ဖေဖေ့ကို ဘယ်လိုပြောရမလဲ မေမေ ပြဇာတ်ကို Skynet၊ Myanmar Arts ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည်

**ရန်ကုန် ဩဂုတ် ၄**

ရွှေမန်းချမ်းသာကတဲ့ သစ္စာမေတ္တာ ရွှေမန်းသဘင်က ဖျော်ဖြေတင်ဆက်သည့် ဖေဖေ့ကို ဘယ်လိုပြောရမလဲ မေမေ ပြဇာတ်ကို ဩဂုတ် ၁၇ ရက်၊ ၁၈ ရက်တို့တွင် Skynet ၊ Myanmar Arts ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း ဇာတ်မင်းသားကြီး ဦးချမ်းသာက ပြောပြ၍ သိရသည်။

သဘင်သက်တမ်း နှစ်ပေါင်း ၉၀ ကျော် ရှိခဲ့ပြီဖြစ်သည့် သစ္စာမေတ္တာ ရွှေမန်းသဘင်အဖွဲ့ကြီး၏ အော်ပရာ၊ စင်တင်ပြဇာတ်၊ နှစ်ပါးခွင်အလှတို့ကို Skynet၊ Myanmar Arts ရုပ်သံလိုင်း၌ အပတ်စဉ်စနေ၊ တနင်္ဂနွေ မွန်းတည့် ၁၂ နာရီတွင် ထုတ်လွှင့်ပေးနေပြီး အထူးသဖြင့် မင်းသားကြီးဦးချမ်းသာ၏ ထင်ရှားကျော်ကြားလူကြိုက်များသည့် အော်ပရာနှင့်ပြဇာတ်များကို ထုတ်လွှင့်ပေးလျက်ရှိကြောင်း သိရသည်။

"ရွှေမန်းချမ်းသာကတဲ့ သစ္စာမေတ္တာ ရွှေမန်းသဘင်ရဲ့ လက်ရွေးစင် ဇာတ်လမ်းဇာတ်အိမ်တွေကို ရွေးချယ်ပြီး အချစ်၊ အလွမ်း အဆွေး ရသစုံလှတဲ့ရွှေမန်းချမ်းသာရဲ့ ပြဇာတ်ကောင်းတွေ၊ အကအလှ




တေးသံသာတွေကို Skynet၊ Myanmar Arts ရုပ်သံလိုင်းကနေ ပြသပေးနေပါတယ်။ လာမဲ့ ဩဂုတ် ၁၇ ရက်နဲ့ ဩဂုတ် ၁၈ ရက်တွေမှာ ဖေဖေ့ကို ဘယ်လိုပြောရမလဲမေမေ အပိုင်း (၁)၊ (၂) ပြဇာတ်ကောင်းလေးကို ထုတ်လွှင့်ပေးမှာ ဖြစ်ပါတယ်"ဟု ဇာတ်မင်းသားကြီး ဦးချမ်းသာက ပြောပြသည်။

ရွှေမန်းချမ်းသာကတဲ့ သစ္စာမေတ္တာ ရွှေမန်းသဘင် အစီအစဉ်တွင် ဇာတ်မင်းသားကြီး ဦးချမ်းသာ ကိုယ်တိုင်ရေးသား ဇာတ်ညွှန်းခွဲကာ ကိုယ်တိုင်ဒါရိုက်တာ သရုပ်ဆောင်အဖြစ် ကပြခဲ့သည့် ထင်ရှားအောင်မြင်သည့် စင်တင်ပြဇာတ်ပေါင်း ၉၀ ခန့်အနက်မှ လူကြိုက်အများဆုံး ပြဇာတ်များ၊ အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်ခေတ်မှ သား ရွှေမန်းချမ်းသာ ခေတ်ထိ ထင်ရှားခဲ့သည့် နှစ်ပါးအကအလှများကိုလည်း ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# People We Meet on Vacation ၌ တွမ်ဘလိုက်နှင့် အမ်မလီဘာဒါတို့ ပါဝင်မည်

**နယူးယောက် ဩဂုတ် ၄**

People We Meet on Vacation အမည်ရှိ ဒရာမာဇာတ်ကားသစ်တွင် မင်းသား တွမ်ဘလိုက်နှင့် မင်းသမီး အမ်မလီဘာဒါတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဩဂုတ် ၃ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားသည် အချစ်ဆုံး သူငယ်ချင်းနှစ်ဦးကြား ဆက်ဆံရေးကို ပုံဖော်ရိုက်ကူးမည့် ဒရာမာ ရုပ်ရှင်ဇာတ်ကားဖြစ်သည်။


အဆိုပါဇာတ်ကားကို အမေရိကန်စာရေးဆရာမ အမ်မလီဟင်နရီ၏ People We Meet on Vacation အမည်ရှိ ဝတ္ထုကို အခြေခံရိုက်ကူးမည်ဖြစ်သည်။

People We Meet on Vacation ဇာတ်ကားကို ဒါရိုက်တာ ဘရက်ဟာလေက ရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ယူလင်ကောင်းက ရေးသားပေးမည်ဖြစ်သည်။

အဆိုပါဇာတ်ကားတွင် မင်းသား တွမ်ဘလိုက်နှင့် မင်းသမီး အမ်မလီဘာဒါတို့သည် အဲလက်နှင့်ပေ့ါပီ အမည်ရှိ အချစ်ဆုံးသူငယ်ချင်း နှစ်ဦးအဖြစ် သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် People We Meet on Vacation ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**





# ဒဂုံမြို့နယ် မွန်ပိဋကတ်တိုက်တွင် မွန်တိုင်းရင်းသားရိုးရာတူရိယာ အတီးသင်တန်းဖွင့်လှစ်သင်ကြားနေ

**ရန်ကုန် ဩဂုတ် ၄**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် မွန်ပိဋကတ်တိုက်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မွန်တိုင်းရင်းသား မျိုးဆက်သစ်လူငယ်များကို မွန်တိုင်းရင်းသားရိုးရာတူရိယာ အတီးသင်တန်းဖွင့်လှစ် သင်ကြားပေးနေကြောင်း မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (ရန်ကုန်) ဥက္ကဋ္ဌ ဒေါက်တာမင်းခင်စိန်က ပြောပြ၍ သိရသည်။

အဆိုပါမွန်တိုင်းရင်းသားရိုးရာတူရိယာအတီးသင်တန်းကို ဩဂုတ် ၃ ရက်မှစတင်ကာ စက်တင်ဘာ ၃ ရက်ထိ သင်ကြားပေးသွားမည်ဖြစ်ပြီး အဓိက မွန်တိုင်းရင်းသားရိုးရာ တူရိယာများဖြစ်သည့် တယော၊ ပတ္တလား၊ မိကျောင်း၊ ပုံနှင့် လခြမ်းတူရိယာ တီးခတ်ခြင်းကို အခြေခံမှစတင်ကာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ကော်မတီအနေနဲ့ကတော့ မျိုးဆက်သစ် မွန်လူငယ်လေးတွေအတွက် ရိုးရာယဉ်ကျေးမှုနဲ့ပတ်သက်တဲ့ အကသင်တန်း၊ အဆိုသင်တန်း၊ တူရိယာတီးခတ်သင်တန်းတွေကို နှစ်စဉ် တစ်နှစ်ကိုနှစ်ကြိမ် ဖွင့်လှစ်ပေးနေပါတယ်။ ၂၀၁၉ ခုနှစ် နောက်ပိုင်းမှာ အကြောင်းအမျိုးမျိုးကြောင့် မဖွင့်လှစ်နိုင်ခဲ့ဘဲ ဒီနှစ်မှ ပြန်လည်ဖွင့်လှစ်တာဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ မျိုးဆက်သစ် မွန်လူငယ်လေးတွေကို အနုပညာအမွေ လက်ဆင့်ကမ်းတာဖြစ်ပါတယ်"ဟု ဒေါက်တာမင်းခင်စိန်က ပြောပြသည်။

အဆိုပါ မွန်တိုင်းရင်းသားရိုးရာတူရိယာ အတီးသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၂၅ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းပြီးဆုံးချိန်တွင် ထူးချွန်သင်တန်းသားများကို ဆုချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Five organizations strongly condemn MNDAA's attacks

**Nay Pyi Taw August 4**

MNDAA terrorists fired at the Tatmadaw hospital in Lashio Township of northern Shan State with the use of rockets, heavy weapons and drones, leaving residents, departmental personnel and families of security forces receiving medical treatment at the hospital dead and hurt. Those terrorists also forcibly abducted some locals. Moreover, some locals temporarily left other regions.

As MNDAA committed war crimes, Myanmar Medical Council, Myanmar Traditional Medical Council, Myanmar Private Hospitals' Association, Myanmar Nurse and Midwife Council and Myanmar Nurse and Midwife Association issued statements that they totally oppose to and strongly condemn the MNDAA's the inhumane and brutal terror acts which caused residents, departmental personnel and families of security forces receiving medical treatment at the hospital deaths and injuries.

100

## Statement of Myanmar Medical Council
## 4 August 2024

The MNDAA's assault on the Tatmadaw hospital in Lashio of Shan State (North) with rockets, heavy weapons, and drones has resulted in casualties of locals, departmental staff, and family members of security personnel receiving medical treatment at the hospital. It has also been reported that some individuals were forcefully abducted.

Furthermore, the MNDAA's attacks using rockets, heavy weapons, and drones in civilian neighbourhoods of Lashio have led to casualties among the locals, and those who remain have been forced to flee and seek temporary shelter.

The Myanmar Medical Council firmly rejects and strongly condemns attacks of MNDAA with the use of rockets, heavy weapons and drones against hospitals and residential areas. The council unequivocally opposes these actions and strongly condemns them.

**Myanmar Medical Council**

## Statement of Myanmar Traditional Medical Council
## 4 August 2024

MNDAA attacked the Tatmadaw hospital in Lashio Township, Shan State (North) with rockets, heavy weapons and drones, resulting in the deaths and injuries of locals, department staff, and family members of security personnel who were receiving treatment at the hospital. It has also been reported that some individuals were unlawfully abducted.

As these attacks on non-military healthcare facilities using rockets, heavy weapons, and drones left civilians, department personnel, and security forces' families receiving medical treatments dead and hurt and the displacement of residents fleeing from the conflicts, has severely disrupted civilian life. Hence, the Myanmar Traditional Medical Council strongly opposes and condemns these actions.

**Myanmar Traditional Medical Council**

## Statement of Myanmar Private Hospitals' Association
## 4 August 2024

MNDAA launched attacks on the Tatmadaw hospital using rockets, heavy weapons, and drones in Lashio, Shan State (North). This assault has resulted in the deaths and injuries of civilians as well as departmental staff and family members of security personnel receiving medical care at the hospital. Some individuals were unlawfully abducted.

It is crucial that the public has the right to access safe healthcare services regardless of location or circumstance.

The Myanmar Private Hospitals' Association strongly opposes and condemns any intentional attacks on the hospital, causing deaths and injuries of patients and health staff with weapons.

**Myanmar Private Hospitals' Association**

## Statement of Myanmar Nurse and Midwife Council
## 4 August 2024

The Myanmar Nurse and Midwife Council is committed to ensuring that healthcare services are provided safely, securely, and with high quality to the public across the nation.

We have been deeply distressed to learn that the MNDAA attacked the Tatmadaw hospital in Lashio, Shan State (North), using rockets, heavy weapons, and drones. This assault has resulted in the deaths, injuries, and unlawful abduction of civilians and family members of department staff receiving medical treatments and health workers.

The Myanmar Nurse and Midwife Council totally opposes and condemns such inhumane and terror acts against innocent patients and healthcare providers.

**Myanmar Nurse and Midwife Council**

## Statement of Myanmar Nurse and Midwife Association
## 4 August 2024

The MNDAA has conducted severe attacks on the Tatmadaw hospital in Lashio, Shan State (North), using rockets, heavy weapons, and drones with excessive strengths. These attacks have led to the death and injury of local patients receiving medical treatment and companions, doctors, nurses, and family members of security personnel at the hospital. Some individuals have also been unlawfully abducted.

As MNDAA has targeted civilian areas in non-military targets of Lashio with rockets, heavy weapons, and drones, resulting in civilian casualties and forcing survivors to flee their homes and seek safer places, causing significant loss to their lives.

Such terror acts against non-military target civilians, departmental personnel, healthcare providers, and the hospital are considered war crimes. The Myanmar Nurse and Midwife Association strongly condemns these actions and rejects them in the strongest terms.

**Myanmar Nurse and Midwife Association**

# 25 political parties issue statement condemning terrorists for attacking 100-bed hospital in Lashio

**Nay Pyi Taw August 4**

A total of 25 political parties, allegedly representing millions of Myanmar people, including monks, issued a statement on 4 August strongly condemning the inhumane, violent, and brutal acts reportedly committed by the MNDAA, AA, TNLA and their allies in Lashio Township, Shan State (North).

The statement referred to an attack on No 9 Tatmadaw Hospital (100-bed) in Lashio by the armed allies on 2 August, which involved heavy weapons, rockets, drones, as well as small arms, and resulted in doctors, nurses, staff, civilian patients, and children—who are not military targets—being shot at close range, with some patients, including pregnant women, abducted.

The statement described the incident as an inhumane act of violence that intentionally violates the Counter-Terrorism Law, existing laws in the country, and basic human rights as outlined in the Universal Declaration of Human Rights. It also suggests that relevant actions should be taken against the terrorists and their allies according to domestic laws by the government, and according to international law by other governments, which should also impose sanctions after designating them as terrorists.

100

# Bogale Township sends more than 110,000 viss of tender areca to Yangon market



Buyers sorting out tender areca fruit at a market.

**Bogale August 4**

A total of 110,000 viss of tender areca was sent by Bogale Township of Ayeyawady Region to Yangon market in June, said Daw Myint Myint Maw, owner of areca trading in Bogale Township.

Bogale Township dispatched 89,000 viss of tender areca to Yangon market. The township also sent 110,000 viss of tender areca to Yangon in June. Due to demand of merchants, the township extended sending of more volume of tender arecas.

"As demand is high from the foreign market, we send more volume of goods to Yangon market. But, it is necessary to be good quality of tender areca. The tender areca fetches 10,500 per viss. Due to high demand, local areca farmers can earn incomes," said Daw Myint Myint Maw.

Merchants go to Bogale Township for purchase of tender areca and systematically pack them to be sent to Yangon market. In the past, market demands were purposed for fresh and ripen fruits. Now, it is not need to wait for ripening time of fruits and areca can be sent to the market in the tender term.

Kyaw Kyaw Lin

# 1,512 acres of vegetables successfully planted in Phoungpyin Township during monsoon season

**Phoungpyin August 4**

In Sagaing Region, Mawlaik District, in Phoungpyin Township, it has been reported that a total of 1,512 acres of vegetables have been planted this year during the monsoon crop planting season, according to records from the Mawlaik District Agriculture Department.

For the 2024-2025 monsoon crop planting season, it was planned to plant 1,536 acres of vegetables in Phoungpyin Township. Planting began in May this year, and it is reported that 1,512 acres have been planted so far.

"This year, we have planned to plant 1,536 acres of vegetables in Phoungpyin Township. As of today, 1,512 acres have been planted. The crops include mustard greens, chilies, aromatic herbs, potatoes, coffee, eggplants, and radishes. We are providing farmers with the necessary techniques to grow all these vegetables using the GAP (Good Agricultural Practices) system. We also teach them to grow all vegetables with minimal chemical fertilizers and in a way that aligns with health standards," said Daw Kywe Kywe Hlaing, the Head of the District Agriculture Department in Mawlaik.

This year, the Township Agriculture Department in Phoungpyin is actively conducting technical training for farmers to grow vegetables using the GAP system, providing techniques to ensure that the harvested vegetables meet health standards, and assisting farmers in expanding their vegetable cultivation.

In Phoungpyin Township, a variety of vegetables are cultivated seasonally each year. The vegetables grown are successful and provide household income. The Township Agriculture Department continues to educate farmers on proper cultivation techniques, pest-free farming, the use of organic fertilizers, and the production and use of natural pesticides and repellents. 206

# 685 acres of sunflower planted in Monywa Township amid efforts to expand cultivation and farmer income

**Monywa August 4**

In Sagaing Region, Monywa District, Monywa Township, according to the records from the Township Agriculture Department, it has been reported that a total of 685 acres of sunflower crops have already been planted this year during the monsoon crop planting season.

For the 2024-2025 monsoon crop planting season, it was planned to plant 924 acres of sunflower in Monywa Township. Planting began in June this year, and it is reported that 685 acres have been planted so far.

"This year, we have planned to plant 924 acres of sunflower in Monywa Township during the monsoon crop planting season. As of today, 685 acres have been planted, and planting is still ongoing. We are expanding the cultivation of sunflower, which is an oil crop, to reduce the import of palm oil. Sunflower, being an oil crop, yields more oil per acre compared to other crops like groundnuts and sesame," said U Soe Thet Aung, the Head of the Township Agriculture Department in Monywa Township.

To expand the cultivation of sunflower crops in Monywa Township, the Township Agriculture Department has been conducting training sessions to enhance the skills of the staff and the farmers who will be planting sunflowers. It has been reported that they are actively implementing these training programs.

This year, the Township Agriculture Department has planned to support farmers in Monywa Township by providing sunflower seeds, selling affordable fertilizers like urea, and distributing sunflower varieties through farmer-to-farmer exchange systems.

206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# Giant sea perch weighting 77,000 viss sent to Yangon market in June



Giant sea perch fish.

**Labutta August 4**

A total of 77,000 viss of giant sea perch was sent by Labutta Township to Yangon market in June, said Daw Kay Khine, owner of fishery trading brokerage in Labutta Township of Ayeyawady Region.

The township dispatched 47,000 viss of giant sea perch to Yangon market in May compared with 77,000 viss in June, fetching K18,500 to K22,00 per viss.

"Labutta Township produces giant sea perch. It can be bred as a marketable size within eight months. The fish fetches good prices at home and abroad. Depending on size, aqua feeds will be different for the fish," said Daw Kay Khine.

The marketable fish will be 25-100 cm in length and the largest one will be 20 cm. It can be bred at freshwater as well as freshwater and seawater mixed areas. The fish can be bred in seawater on a commercial scale. If the fish in 3-4 inches size is started breeding, it will be 750 grams on an average in seven months. The fish can be bred in earthen lakes or rivers in cage system.

Kyaw Kyaw Lin

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ရုရှားနိုင်ငံက ယူကရိန်းအထူးစစ်ဆင်ရေးတွင် အမေရိကန်ထုတ် Patriot တပ်ခွဲ သုံးခွဲကို တိုက်ခိုက်ချေမှုန်းနိုင်ခဲ့



ရုရှားတပ်မတော်သည် ယူကရိန်း အထူးစစ်ဆင်ရေးတွင် အမေရိကန်ထုတ် Patriot လေကြောင်းရန်ကာကွယ်ရေးစနစ် တပ်ခွဲသုံးခွဲကို အောင်မြင်စွာတိုက်ခိုက်ချေမှုန်းနိုင်ခဲ့ကြောင်း ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၏ ပြောကြားချက်ကို ကိုးကား၍ RT သတင်းဌာနက ဩဂုတ် ၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၏ ဩဂုတ် ၁ ရက် ထုတ်ပြန်ချက်တစ်ရပ်တွင် အဆိုပါ အမေရိကန်ထုတ် လေကြောင်းရန်ကာကွယ်ရေး လက်နက်များကို ရုရှားနိုင်ငံက တိုက်လေယာဉ်များ၊ ဒရုန်းများ၊ ဒုံးကျည်များနှင့် အမြောက်များဖြင့် ပစ်မှတ်ထားတိုက်ခိုက် ချေမှုန်းခဲ့ခြင်းဖြစ်သည်ဟုဖော်ပြပါရှိသည်။ သို့သော်လည်း ရုရှားနိုင်ငံ စစ်ဘက်တာဝန်ရှိသူများက လေကြောင်းရန် ကာကွယ်ရေးစနစ်များ မည်သည့်နေရာတွင် တပ်ဖြန့်ချထားသည်နှင့် လုံးဝပျက်စီးသွားခြင်း ရှိ၊ မရှိ စသည့် အသေးစိတ်အချက်အလက်များကိုမူ ထုတ်ပြန်ပြောကြားထားခြင်းမရှိကြောင်း သိရသည်။

ရုရှားတပ်ဖွဲ့များသည် ယူကရိန်းတို့၏ ဒရုန်းထိန်းချုပ်ရေးစင်တာ၊ ခဲယမ်းများနှင့် တပ်ဖွဲ့ဝင်များ သယ်ယူပို့ဆောင်ပေးလျက်ရှိသည့် စစ်သုံးရထားများကိုလည်း ပစ်မှတ်ထား တိုက်ခိုက်ခဲ့ရာတွင် သက်ဆိုင်ရာပစ်မှတ်များအလိုက် အောင်မြင်စွာချေမှုန်းနိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ ကာကွယ်ရေး ကန်ထရိုက်တာ Raytheon ကုမ္ပဏီမှ တီထွင်ထားသည့် Patriot လေကြောင်းရန် ကာကွယ်ရေးလက်နက်စနစ်ကို ယူကရိန်းတပ်မတော်ပိုင် လက်နက်တိုက်တွင် အထိရောက်ဆုံး လေကြောင်းရန်ကာကွယ်ရေးစနစ်များထဲမှ တစ်ခုအဖြစ် ချီးကျူးနေကြပြီး ယူကရိန်းအစိုးရ တာဝန်ရှိသူများက အနောက်နိုင်ငံများကို Patriot လက်နက်စနစ်များ တတ်နိုင်သမျှ များများပို့ပိုးရောင်းချပေးရန် တောင်းဆိုနေခဲ့ကြသည်။

Patriot လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်သည် အကွာအဝေး ကီလိုမီတာ ၁၆၀၊ အမြင့် ၂၄ ကီလိုမီတာအတွင်း နည်းဗျူဟာမြောက် ပဲ့ထိန်းဒုံးကျည်များ၊ ခရုဇ်ဒုံးကျည်များအပါအဝင် လေကြောင်းခြိမ်းခြောက်မှုအမျိုးမျိုးကို တုံ့ပြန်တိုက်ပွဲဝင်နိုင်စွမ်းရှိကြောင်း သိရသည်။

စံပြု Patriot ဒုံးတပ်ခွဲ တစ်ခွဲတွင် ရေဒါနှင့် အမိန့်ပေးထိန်းချုပ်ရေးယာဉ်များ၊ ဓာတ်အားပေးစက်ယာဉ်များ၊ ဒုံးပစ်လောင်ချာများအပါအဝင် စနစ်ခွဲများစွာ ပါဝင်ဖွဲ့စည်းထားလေ့ရှိသည်။ အဆိုပါစနစ်ကို တိုက်ပွဲဝင်အဆင့်မြင့်ဆုံး စွမ်းဆောင်ရည်များဖြင့် တိုက်ပွဲဝင်ဖြန့်ကြက်အသုံးပြုနိုင်ရန်အတွက်မူ တပ်ဖွဲ့ဝင်အင်အား ၉၀ ခန့်လိုအပ်မည်ဖြစ်သည်။

ရုရှားတပ်မတော်အနေဖြင့် အမေရိကန်ထုတ် Patriot လက်နက်စနစ်များကို အကြိမ်ပေါင်းများစွာ တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့မှုများကို နေ့စဉ်သတင်းထုတ်ပြန်ချက်များ၌ အစီရင်ခံပြောကြားထားပြီးဖြစ်သည်။ ပထမဆုံးတိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့မှုမှတ်တမ်းများအရ ၂၀၂၃ ခုနှစ် မေလအတွင်း ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့တော်ကို တိုက်ခိုက်မှုတစ်ခုတွင် ရုရှားနိုင်ငံလေကြောင်းနှင့်အာကာသတပ်ဖွဲ့မှ တိုက်လေယာဉ်တစ်စင်းသည် Kinzhal ဟိုက်ပါဆောနစ်ဒုံးကျည် တစ်စင်းဖြင့် Patriot ဒုံးပစ်လောင်ချာ ငါးစီးကို တိုက်ခိုက်ချေမှုန်းနိုင်ခဲ့ခြင်းဖြစ်သည်ဟု RT သတင်းဌာနက ပြန်ပြောင်းရေးသားဖော်ပြခဲ့သည်။ ထိုအချိန်က အမေရိကန် ပင်တဂွန်စစ်ဌာနချုပ်ကလည်း အဆိုပါလက်နက်စနစ်များ ပျက်စီးဆုံးရှုံးမှုအပေါ် အတည်ပြုပြောကြားထားသည်။

**Russia strikes three US-made Patriot batteries – MOD ကိုဘာသာပြန်ဆိုထားပါသည်။**

## အိန္ဒိယနိုင်ငံက S-400 လက်နက်စနစ်တွင် အသုံးပြုနိုင်မည့် တာဝေးပစ်ဒုံးကျည်များကို ရုရှားထံမှမကြာမီလက်ခံရရှိတော့မည်

အိန္ဒိယနိုင်ငံသည် အကွာအဝေး ကီလိုမီတာ ၃၈၀ ထိ ပစ်မှတ်များကို တိုက်ပွဲဝင်နိုင်စွမ်းရှိသော ရုရှားနိုင်ငံထုတ် S-400 လက်နက်စနစ်တွင် အသုံးပြုပစ်ခတ်နိုင်မည့် တာဝေးပစ်ဒုံးကျည်များ ဝယ်ယူထားရှိရာ မကြာမီ လက်ခံရရှိတော့မည်ဖြစ်ကြောင်း The Defense Post သတင်းဌာနက ဇူလိုင် ၃၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ပါကစ္စတန်နိုင်ငံအတွင်း အိန္ဒိယလေတပ်၏ ၂၀၁၉ ခုနှစ်က လုပ်ဆောင်ခဲ့သော Balakot လေကြောင်းတိုက်ခိုက်မှုအပြီးတွင် အဆိုပါ အဝေးဆုံးပစ်ခတ်နိုင်မည့် တာဝေးပစ် 40N-60 ဒုံးကျည် စုစုပေါင်း အစင်း ၁၂၀ ကို အိန္ဒိယနိုင်ငံက ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း Economic Times သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

ပါကစ္စတန်လေတပ်၏ လက်တုံ့ပြန်တိုက်ခိုက်မှုတွင် အိန္ဒိယနိုင်ငံသည် တိုက်လေယာဉ်တစ်စင်း ဆုံးရှုံးခဲ့ရပြီးနောက် နိုင်ငံလေတပ်အနေဖြင့် တာဝေးပစ်မြေပြင်မှ ဝေဟင်ပစ် ဒုံးကျည်များလိုအပ်နေပြီဖြစ်ကြောင်း သိမြင်ခဲ့ရသည်။

ဇူလိုင်လအစောပိုင်းတွင် အိန္ဒိယဝန်ကြီးချုပ် မိုဒီ၏ ရုရှားခရီးစဉ်သည် 40N-60 ဒုံးကျည်များကို အစောဆုံး လွှဲပြောင်းလက်ခံရန်နှင့် ကျန်ရှိနေသော S-400 လေကြောင်းရန်ကာကွယ်ရေးစနစ် နှစ်ခုတို့နှင့်အတူ လက်ခံရရှိရန် တွန်းအားတစ်ရပ်ဖြစ်စေခဲ့ကြောင်းလည်း Economic Times သတင်းဌာနက ဆက်လက်ရေးသားထားသည်။

၂၀၁၈ ခုနှစ်တွင် အိန္ဒိယနိုင်ငံသည် ရုရှားထံမှ အဆင့်မြင့် S-400 လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ် ငါးစုံ (တစ်နည်းအားဖြင့် တပ်ခွဲ ငါးခွဲစာ)ကို အမေရိကန်ဒေါ်လာ ၅ ဒသမ ၅ ဘီလီယံဖြင့် ဝယ်ယူခဲ့ပြီး ရောက်ရှိရန်ကျန်ရှိနေသေးသော လက်နက်စနစ်ယာဉ်များနှင့်ဆက်စပ်ပစ္စည်းများမှာ လာမည့် ၂၀၂၆ ခုနှစ်တွင် အပြီးသတ်ရောက်ရှိလာနိုင်မည်ဟုမျှော်မှန်းထားကြသည်။

ရုရှားနိုင်ငံက အိန္ဒိယထံ S-400 လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်များနှင့်ဒုံးကျည်များ လွှဲပြောင်းပေးပို့မှုနှောင့်နှေးနေရခြင်း၏ အဓိကအကြောင်းရင်းမှာ ကိုဗစ်ကူးစက်ရောဂါနှင့် ယူကရိန်းအရေးတို့ကြောင့်ဖြစ်သည်ဟု Economic Times သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

ရုရှားနိုင်ငံ MKB Fakel ဒီဇိုင်းဗျူရိုမှ ထုတ်လုပ်ထားသည့် 40N-60 ဒုံးကျည်သည် အကွာအဝေး ကီလိုမီတာ ၃၈၀ မှ ကီလိုမီတာ ၄၀၀ ထိ၊ အမြင့်ပေ ကီလိုမီတာ ၃၀ မှ ၃၅ ကီလိုမီတာထိ၊ အလျင်နှုန်း Mach 9 ထိ တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ ဒုံးကျည်တွင် ထူးခြားသော Self-homing Warhead ထိပ်ဖူးတပ်ဆင်ထားရှိပြီး Automatic Homing Mode (အလိုအလျောက် အာရုံခံတိုက်ပွဲဝင်နိုင်သည့်နည်းလမ်း)ဖြင့် တိုက်ပွဲဝင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ဒုံးကျည် အလျားပေ ၃၀ ခန့်ရှိပြီး Blast-fragmentation Warhead အမျိုးအစား အသုံးပြုထားကာ တိုက်ပွဲဝင်တိကျမှု ၉၅ ရာခိုင်နှုန်းထိ ရှိကြောင်း သိရသည်။



**India to Soon Receive Longest-Range S-400 Interceptor Missile from Russia ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၅၁၅ ဧက စိုက်ပျိုးပြီးစီး



**ကျွန်းလှ ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၅၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၅၁၂ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၁၅ ဧကစိုက်ပျိုးနိုင်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ကျွန်းလှမြို့နယ်အတွင်း ဟင်းသီးဟင်းရွက် ၅၁၂ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၅၁၅ ဧက စိုက်ပျိုးနိုင်လို့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဟင်းသီးဟင်းရွက် စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့သီးနှံတွေ စိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးခဲ့ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံး ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေ ပေးခဲ့ပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန် အသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ညောင်တုန်းမြို့နယ်မှ ကွမ်းသီးခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ

**ညောင်တုန်း ဩဂုတ် ၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်မှ ကွမ်းသီးခြောက်များ ဝယ်ယူမှုအားကောင်းနေပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ညောင်တုန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူအောင်က ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်မှ ကွမ်းသီးခြောက်များကို ဇူလိုင်လ ဒုတိယပတ်မှ ယနေ့ထိ ဝယ်ယူမှုအားကောင်းလာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသမှ ကွမ်းသီးခြောက်တစ်ပိဿာလျှင် ငွေကျပ် ၉၈၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"ညောင်တုန်းမြို့နယ်ဘက်က ထွက်တဲ့ ကွမ်းသီးခြောက်တွေကို ရန်ကုန်ဈေးကွက်ကဝယ်ယူမှုအားကောင်းနေပါတယ်။ ဒီဘက်ကနေ ထွက်တဲ့ ဒေသထွက်ကွမ်းသီးတွေကို ရန်ကုန်ဈေးကွက်မှာပဲ အဓိက တင်ပို့ရောင်းချနေပါတယ်။ လက်ရှိကွမ်းသီးခြောက်တွေက နည်းပါးလာပါပြီ။ ကွမ်းသီးခြောက်က အခုအချိန်မှာ အရောင်းအဝယ်အားကောင်းနေပါတယ်။ ကွမ်းသီးအရောင်းအဝယ်ကောင်းလာတော့ လုပ်သားတွေနဲ့ အဓိကစိုက်ပျိုးရေးလုပ်ငန်းရှင်တွေ အဆင်ပြေလာပါတယ်။ ညောင်တုန်းမြို့နယ်ဘက်ကထွက်တဲ့ ကွမ်းသီးတွေက အရည်အသွေးကောင်းမွန်ပါတယ်"ဟု ညောင်တုန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူအောင်က ပြောပြသည်။



ညောင်တုန်းမြို့နယ်တွင် ကွမ်းသီးစိမ်းများကို ဒေသကွမ်းသီးရောင်းဝယ်ရေးလုပ်ငန်းရှင်များက ဝယ်ယူပြီး စနစ်တကျသန့်စင်ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ အများဆုံးတင်ပို့ ရောင်းချလျက်ရှိကြောင်း ညောင်တုန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူအောင်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# စလင်းမြို့နယ် သီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**စလင်း ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သရက်ချဉ်ကျေးရွာအုပ်စု သီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ သီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများစနစ်တကျ ဖြည့်သွင်းထားမှုရှိ၊ မရှိနှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှုအခြေအနေများကို စစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

အဆိုပါ သီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၂-၂၀၂၃ ခုနှစ်က ငွေကျပ် သိန်း ၂၀ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၇ ဦးကို ငွေကျပ် ၂၀ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သန်းသန်းစိုး**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၄-၈-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဗေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ဧွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၇၀၀၀/၁၇၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၃၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၀၀၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၃၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၈၅၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၉၇၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တွံ့တေးမွေးမြူရေးဇုန်အတွင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံ



**ရန်ကုန် ဩဂုတ် ၄**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များသည် တိုင်းဒေသကြီး ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းက တွံ့တေးမွေးမြူရေးဇုန်အတွင်း လုပ်ငန်းရှင်များ၏ တိရစ္ဆာန်များ မွေးမြူထားရှိမှုနှင့် တိရစ္ဆာန်များအတွက် လိုအပ်သည့် အစားအစာအပင်များ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တွံ့တေးမြို့နယ် ကန်ကြီးကုန်းကျေးရွာတွင် ကန်ကြီးကုန်းရေလှောင်တမံ ပြန်လည်ပြုပြင်မည့်လုပ်ငန်းခွင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ရှင်းလင်းဆောင်တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု)မှ တာဝန်ရှိသူ တစ်ဦးက မွေးမြူရေးဇုန် အပိုင်း(၂)တွင် 90 mm dia HDPE ပိုက်ပေ ၁၅၀၀၀ ပိုက်လိုင်းဆက်သွယ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က မွေးမြူရေးလုပ်ငန်းရှင်များကို တွေ့ဆုံပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးဗိုလ်ဌေးက မွေးမြူရေးဇုန်အတွင်း လုပ်ငန်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဌာနဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက်ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဦးမိုးအောင်၏ ဆိတ်မွေးမြူရေးခြံတွင် ဆိတ်အကောင် ၈၀၀ မွေးမြူထားရှိမှုကိုလည်းကောင်း၊ မွေးမြူရေးဇုန်အတွင်း လျှပ်စစ်မီးလိုင်းသွယ်တန်းထားရှိမှု အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **ဝန်းရံစ**

# ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် မကွေးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများက စားသောက်ဖွယ်ရာများ လှူဒါန်း

**မကွေး ဩဂုတ် ၄**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွန့်လွှတ်စွန့်စားလိုစိတ်ထက်သန်စွာဖြင့် စွမ်းစွမ်းတမံထမ်းဆောင်နေကြသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဝန်ကြီးဌာန မိသားစုဝင်များ၊ တိုင်းဒေသကြီးအသီးသီးရှိ ဌာနဆိုင်ရာများနှင့် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် မကွေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများက စာနာမှု၊ စေတနာ၊ မေတ္တာအပြည့်ဖြင့် စုပေါင်းချက်ပြုတ် ကြော်လှော်ကြပြီး စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းနိုင်ရေးအတွက် ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ အနောက်ပိုင်းလေတပ်ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်ချုပ်သိန်းထွန်းဦး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

နိုင်ငံတော်လုံခြုံရေး၊ နယ်မြေကာကွယ်ရေးအတွက် အသက်ကိုပဓာနမထားဘဲ စွန့်လွှတ်စွန့်စားကာ ရှေ့တန်းတွင် တိုက်ပွဲဝင်နေကြသည့် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ငါးနီတူးခြောက်ကြော်၊ အသားတုနှင့် ငရုတ်သီးခြောက်ကြော်များအပြင် ပဲကြော်၊ မြေပဲဆားလှော်၊ ပုန်းရည်ကြီး၊ အသင့်စားခေါက်ဆွဲထုပ်၊ စူပါကော်ဖီမစ်၊ ဆေးပေါ့လိပ်များနှင့်အတူ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများက "တရားသောစစ် အမြန်ဆုံးအောင်မြင်ပါစေ၊ တပ်မတော်သားများရဲ့ အောင်မြင်မှု ပြည်သူလူထုရဲ့ ငြိမ်းချမ်းမှုတွေကို စောင့်မျှော်လျက် တပ်မတော်သားများကိုချစ်တဲ့ ပြည်သူတွေ အများကြီးရှိနေပါတယ်၊ အန္တရာယ်ရန်စွယ်အမျိုးမျိုးကို ဖြတ်ကျော်ကာ တိုင်းပြည်အတွက် အသက်ပေးတိုက်ပွဲဝင်နေသည့်အတွက် များစွာကျေးဇူးတင်ဂုဏ်ယူပါကြောင်း၊ တိုက်ပွဲတိုင်းကို အောင်နိုင်ပြီး ပြုံးပန်းဆင်ကာ ပြန်လာမည့်နေ့ကို စောင့်ကြိုနေကြောင်း" စသည့် ဆုတောင်းမေတ္တာစာလွှာများကို ထည့်သွင်းပေးပို့ကြသည်။ ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် မကွေးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများက လှူဒါန်းသည့်ငွေကျပ်သိန်း ၁၀၀ ကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို မကွေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ပန်းဟေဝန်ခန်းမတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပေးအပ်ရာ အနောက်ပိုင်း လေတပ်ကွပ်ကဲမှုဌာနချုပ်မှူးနှင့် မကွေးတပ်နယ်မှ တပ်မတော်အရာရှိကြီးများက အသီးသီးလက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။ **မောင်ညီညာ**



# ပဲခူးမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေး

**ပဲခူး ဩဂုတ် ၄**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများလိုက်ပါလျက် ယနေ့နံနက်ပိုင်းက ပဲခူးမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ပဲခူးမြို့နယ် ကမာနတ်ကျေးရွာအုပ်စု၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ရေသန့်စက်တပ်ယာဉ်ဖြင့် သောက်ရေသန့်များ ဖြန့်ဖြူးပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး ရေကြီးနစ်မြုပ်ခဲ့သည့် ရပ်ကွက်၊ ကျေးရွာများကို အလှည့်ကျဖြန့်ဖြူးပေးနိုင်ရေး ကြိုတင်အသိပေးခြင်းများ ဆောင်ရွက်သွားရန်၊ မီးသတ်ရေယာဉ်များဖြင့် ရေအဆက်မပြတ် သယ်ယူပို့ဆောင်ပေးရန် တာဝန်ရှိသူများကို မှာကြားသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျောင်းသားမိဘဆရာအသင်းမှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများစုပေါင်း၍ သန့်ရှင်းရေးပြုလုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး စာသင်ခုံများ၊ ကျောင်းသုံးပရိဘောဂများ ရေမြုပ်ပျက်စီးမှုများကို ချက်ချင်းပြင်ဆင်နိုင်ရေးနှင့် ကျောင်းအတွင်းရှိ သောက်သုံးရေကန်များ၊ ရေတွင်းများကို ကလိုရင်းဆေးခတ်ခြင်းများ ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ကျောင်းဘေးရှိ ကျုံးရေထွက်ပေါက်ကို ကြည့်ရှုစစ်ဆေးပြီး ရေစီးရေလာကောင်းမွန်စေရေးနှင့် ရေလမ်းကြောင်း ပိတ်ဆို့မှုမရှိစေရေး ကွင်းဆင်းစိစစ်ဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေကြီးနစ်မြုပ်ခဲ့သည့် ပဲခူးမြို့နယ် မယင်းကျေးရွာသို့ သွားရောက်ပြီး တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကဒေါ်စိုးစိုးသက်၏ ဦးဆောင်မှုဖြင့် ရေကြီးနစ်မြုပ်ခဲ့သော ကျေးရွာနေပြည်သူများအား ငါးဟင်းချက်ပြုတ်လှူဒါန်းနေမှုကို ကြည့်ရှုအားပေးပြီး ကလေးငယ်များအတွက် အာဟာရမှုန့်များ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မယင်းကျေးရွာ ဒက္ခိဏာရာမဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး ဦးစီးပဓာန နာယကဆရာတော်ကြီးအား ဖူးမြော်၍ နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဒက္ခိဏာရာမဘုန်းတော်ကြီးကျောင်းရှိ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံ၍ ရင်းရင်းနှီးနှီးအားပေးစကား ပြောကြားပြီး စားသုံးကုန်များနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၏ တစ်ဦးချင်းစီအတွက် ဆန်ရိက္ခာဖိုး တစ်လစာ ထောက်ပံ့ပေးအပ်ပြီး ပဲခူးမြို့ ကျောက်ကြီးစုရပ်ကွက်အတွင်း ပဲခူးမြစ်ရေ ပြန်လည်ကျဆင်းနေမှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**တင်စိုး(ပဲခူး)**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းရေကန် ၉၁ ကန်အားပြန်လည်တူးဖော်ထိန်းသိမ်းလျက်ရှိရာ ရဟန်းရှင်လူပြည်သူများအနေဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်

**နေပြည်တော် ဩဂုတ် ၄**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းရေကန် ၉၁ ကန်အား ပြန်လည်တူးဖော် ထိန်းသိမ်းလျက်ရှိရာ ရေကန် ၂၂ ကန် ပြန်လည်တူးဖော်ထိန်းသိမ်းပြီးဖြစ်ပါသည်။ ရေကန် ခုနစ်ကန်ကို ပြန်လည်တူးဖော်ထိန်းသိမ်းရေးဆောင်ရွက်နေဆဲဖြစ်ပါသည်။

ကျန်ရှိနေသောရေကန်များကိုလည်း ဆက်လက်၍ တူးဖော်ထိန်းသိမ်းကန်ဆယ်မည်ဖြစ်ပါသဖြင့် ရဟန်းရှင်လူပြည်သူများအနေဖြင့် တတ်စွမ်းသမျှလှူဒါန်းလိုသည်ဖြစ်စေ၊ ရေကန်တစ်ကန်ချင်း လှူဒါန်းလိုသည်ဖြစ်စေ အလှူငွေများကို လက်ခံသွားမည်ဖြစ်ပါသည်။

ပါဝင်လှူဒါန်းလိုပါက ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (စီမံ/ဘဏ္ဍာဌာနခွဲ) နေပြည်တော် ဖုန်း ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ ဖုန်း ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ဖုန်း ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ဖုန်း ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉ နှင့် KBZ Bank NYAUNG OO BRANCH ACCOUNT No. ၀၆၇၁၃၉၀၆၇၀၁၄၄၂၇၀၁ တို့သို့ ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

## ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်အောင်သင်ယူရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာအလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင် သင်ကြားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ပညာရေးလမ်းသွယ်(၄)မျိုးကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ၅၁ ကျောင်းဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ယူနိုင်ရေး တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

# နိုင်ငံရေးပါတီ ၂၅ ပါတီ၏ ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်

**နိုင်ငံရေးပါတီ ၂၅ ပါတီ၏**
**ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်**

၁၃၈၆ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၅ ရက်
၂၀၂၄ ခုနှစ် ဩဂုတ်လ ၄ ရက်

၁။ အကြမ်းဖက်သောင်းကျန်းသူများဖြစ်သည့် MNDAA၊ AA၊ TNLA နှင့် ၎င်းတို့နှင့်ဆက်နွယ်သော လက်နက်ကိုင်အဖွဲ့အစည်းများသည် ၂ - ၈ - ၂၀၂၄ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ရှိ အမှတ်(၉)ဆေးရုံ ခုတင်(၁၀၀)အား လက်နက်ကြီး၊ ရှော့တိုက်ဒုံး၊ Drone၊ လက်နက်ငယ် မျိုးစုံတို့ဖြင့် ဆင်ခြင်မဲ့ရက်စက်ကြမ်းကြုတ်စွာ ပစ်ခတ်တိုက်ခိုက်ဖျက်ဆီးခဲ့ကြောင်း သိရှိရပါသည်။

၂။ အထက်ဖော်ပြပါ အကြမ်းဖက်သောင်းကျန်းသူများသည် စစ်ရေးပစ်မှတ်မဟုတ်သော ဆရာဝန်၊ သူနာပြုအပါအဝင် ဝန်ထမ်းများ၊ အရပ်သူ၊ အရပ်သားလူနာများ၊ ကလေးသူငယ်များ၊ ရင်ခွင်ပိုက်ကလေးများအပါအဝင် အပြစ်မဲ့ပြည်သူများစွာအား ရက်စက်စွာ အနီးကပ်ပစ်ခတ်သတ်ဖြတ်ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်အပါအဝင် လူနာအချို့ကို ဖမ်းဆီးခေါ်ဆောင်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

၃။ ဤဖြစ်ရပ်သည် လူသားမဆန်သည့် ဆိုးဝါးသောအကြမ်းဖက်မှုဖြစ်ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကိုလည်းကောင်း၊ ပြည်တွင်းရှိ တည်ဆဲဥပဒေများကိုလည်းကောင်း၊ နိုင်ငံတကာလူ့အခွင့်အရေးကြေညာစာတမ်းပါ အခြေခံလူ့အခွင့်အရေးများကိုလည်းကောင်း ရည်ရွယ်ချက်ရှိရှိ ချိုးဖောက်ခဲ့ကြခြင်းဖြစ်ပါသည်။

၄။ ထိုအကြမ်းဖက်သောင်းကျန်းသူများနှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများအား အကြမ်းဖက်သောင်းကျန်းသူများအဖြစ်သတ်မှတ်၍ ပြည်တွင်းဥပဒေများအရ အရေးယူဆောင်ရွက်ပေးပါရန်နှင့် ပြည်တွင်း၌သာမက နိုင်ငံတကာကလည်း အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် သတ်မှတ်၍ အရေးယူပိတ်ဆို့ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားသင့်ပါကြောင်း သုံးသပ်ရရှိပါသည်။

၅။ သို့ဖြစ်ပါ၍ အကြမ်းဖက်သောင်းကျန်းသူများဖြစ်သည့် MNDAA၊ AA၊ TNLA နှင့် ၎င်းတို့နှင့် ဆက်နွယ်သော လက်နက်ကိုင်အဖွဲ့အစည်းများ၏ လူမဆန်စွာ အကြမ်းဖက်ရက်စက်ယုတ်မာသည့် လုပ်ရပ်များကို မိမိတို့နိုင်ငံရေးပါတီများအနေဖြင့် သန်းပေါင်းများစွာသော ရဟန်းရှင်လူ ပြည်သူများကို ကိုယ်စားပြု၍ လုံးဝ(လုံးဝ)လက်မခံ ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း အောက်တွင် လက်မှတ်ရေးထိုး သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

| စဉ် | အမည် | ပါတီတာဝန် | ပါတီအမည် | လက်မှတ် |
|---|---|---|---|---|
| ၁။ | ဦးခင်ရီ | ဥက္ကဋ္ဌ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | |
| ၂။ | ဦးဌေးကျော် | ဥက္ကဋ္ဌ | မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ | |
| ၃။ | ဦးဟန်ရွှေ | ဥက္ကဋ္ဌ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | |
| ၄။ | ဦးအေးကြိုင် | ဥက္ကဋ္ဌ | ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ | |
| ၅။ | ဦးဦးသန်းဌေး | ဒုတိယဥက္ကဋ္ဌ | ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၆။ | ဦးထွန်းအောင် | ဥက္ကဋ္ဌ | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၇။ | ဦးသိန်းကြည် | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ | |
| ၈။ | ဦးကျော်ဇင် | ဥက္ကဋ္ဌ | ပြည်သူ့အလုပ်သမားပါတီ | |
| ၉။ | ဦးကျော်စွာစိုး | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၁၀။ | ဒေါ်တင်တင်မာ | ဥက္ကဋ္ဌ | ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ | |
| ၁၁။ | ဦးစိုင်းအောင်မြင့်နိုင် | တွဲဖက်အတွင်းရေးမှူး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) | |
| ၁၂။ | ဦးတင်ဆွေ | ဒုတိယဥက္ကဋ္ဌ | ဒီမိုကရက်တစ်ပါတီ | |
| ၁၃။ | ဦးစံသာအောင် | ဥက္ကဋ္ဌ | မြို၊တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ | |
| ၁၄။ | ဦးခိုင်မင်း | ဒုတိယဥက္ကဋ္ဌ | အမျိုးသားဒီမိုကရေစီပါတီသစ် | |
| ၁၅။ | ဦးအောင်ဖြိုးကျော် | နာယက | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | |
| ၁၆။ | ဦးအောင်ဘ | ဗဟိုအလုပ်အမှုဆောင် | ခူမီး အမျိုးသားပါတီ | |
| ၁၇။ | ဒေါ်ဝင်းကေခိုင်အေး | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ | |
| ၁၈။ | ဒေါ်စောယုမာ | ဥက္ကဋ္ဌ | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးပါတီ | |
| ၁၉။ | ဦးထွန်းအောင်ကျော် | ဥက္ကဋ္ဌ | ခေတ်သစ်ပြည်သူ့ပါတီ | |
| ၂၀။ | ဦးမြင့်သန်း | ဥက္ကဋ္ဌ | လေဘာပါတီ | |
| ၂၁။ | ဦးသန်းဦး | ဒုတိယဥက္ကဋ္ဌ | ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | |
| ၂၂။ | ဦးအေးလွင် | ဥက္ကဋ္ဌ | ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ | |
| ၂၃။ | ဦးပါစီပြည်ဟိန်း | ဥက္ကဋ္ဌ | လူထုပါတီ | |
| ၂၄။ | ဦးမင်းမျိုးတင့်လွင် | ဥက္ကဋ္ဌ | မွန်တိုးတက်ရေးပါတီ | |
| ၂၅။ | ဒေါ်စန္ဒာဦး | ဥက္ကဋ္ဌ | မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ | |

# MNDAA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို လုံးဝ လက်မခံကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း အသင်းအဖွဲ့ ၅ ခုမှ သဘောထားများ ထုတ်ပြန်

နေပြည်တော် ဩဂုတ် ၄

MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်း တိုက်ပွဲများဖော်ဆောင်ပြီး စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် တပ်မတော်ဆေးရုံအား ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင်တက်ရောက်ကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

ထို့ပြင် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း ယာယီနေရပ်စွန့်ခွာနေရကြောင်း သိရသည်။

ယခုကဲ့သို့ MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ စစ်ရာဇဝတ်မှု(War Crime) မြောက်သည့် လူမဆန်စွာ ရက်စက်ယုတ်မာရိုင်းစိုင်းသော အကြမ်းဖက်လုပ်ရပ်များကို လုံးဝ လက်မခံကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်းကို ယနေ့တွင် အသင်းအဖွဲ့များဖြစ်သည့် မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီနှင့် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းတို့က သဘောထားများ အသီးသီးထုတ်ပြန်ခဲ့ကြောင်း သိရသည်။

(၅၀၀)

## မြန်မာနိုင်ငံဆေးကောင်စီ၏ သဘောထားထုတ်ပြန်ကြေညာချက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၄ ရက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်း MNDAA သောင်းကျန်းသူအဖွဲ့အနေဖြင့် တိုက်ပွဲများဖော်ဆောင်ပြီး တပ်မတော်ဆေးရုံကို ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်မှုကြောင့် ဆေးရုံတက်ရောက် ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကို မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

ထို့အပြင် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့တွင်း ရပ်ကွက်များသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း ယာယီနေရပ်စွန့်ခွာနေရကြောင်း သိရသည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ ဆေးရုံများ၊ လူနေရပ်ကွက်များအတွင်းသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခြင်းကို မြန်မာနိုင်ငံဆေးကောင်စီက လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ဤကဲ့သို့သော လုပ်ဆောင်မှုများကိုလည်း ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံဆေးကောင်စီ

## မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၏ သဘောထားထုတ်ပြန်ချက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၄ ရက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နယ်ရှိ တပ်မတော်ဆေးရုံကို အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သည့် ဆေးရုံအဆောက်အဦနေရာများသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် တက်ရောက်ဆေးကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရမှုနှင့် MNDAA အကြမ်းဖက်သောင်းကျန်းသူများကြောင့် ဒေသခံပြည်သူများ နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်နေရသောကြောင့် လူမှုဘဝများ ဆုံးရှုံးလျက်ရှိကြောင်း သိရှိရသဖြင့် မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီမှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ

## မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်း၏ သဘောထားထုတ်ပြန်ချက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၄ ရက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်း MNDAA သောင်းကျန်းသူအဖွဲ့အနေဖြင့် တိုက်ပွဲများဖော်ဆောင်ပြီး တပ်မတော်ဆေးရုံကို ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်မှုကြောင့် ဆေးရုံတက်ရောက် ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကို မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ဘေးကင်းသော ကျန်းမာရေးစောင့်ရှောက်မှုကို မည်သည့်အရပ်ဒေသ၊ မည်သည့်အခြေအနေတွင်မဆို ရယူခွင့် ရှိရပါမည်။

ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် ဆေးရုံကို လက်နက်ဖြင့် ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခြင်း၊ လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများ ထိခိုက်သေဆုံးမှုဖြစ်စေခြင်း စသည်တို့အား မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်းအနေဖြင့် လုံးဝဆန့်ကျင်ကန့်ကွက်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်း

## မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်း၏ သဘောထားထုတ်ပြန်ကြေညာချက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၄ ရက်)

အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့က ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား သာလွန်အင်အားဖြင့် ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ လူမဆန်စွာရက်ရက်စက်စက်ပစ်သတ်ခြင်းများကြောင့် ဆေးရုံတွင်တက်ရောက်ကုသမှုခံယူနေသည့်ဒေသခံပြည်သူလူနာများ၊ လူနာစောင့်များ၊ ဆရာဝန်နှင့် သူနာပြုများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်းနှင့် အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့သည် စစ်ရေးနှင့်မသက်ဆိုင်သည့် လားရှိုးမြို့တွင်း ရပ်ကွက်များသို့လည်း ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်လျက် လူမှုဘဝများ ဆုံးရှုံးနေကြကြောင်း သိရှိရပါသည်။

ထိုကဲ့သို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့က စစ်ရေးနှင့် မသက်ဆိုင်သော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူနာများ တက်ရောက်ကုသမှုခံယူနေသည့်ဆေးရုံအား အကြမ်းဖက်တိုက်ခိုက်ခဲ့မှု လုပ်ရပ်များ၊ စစ်ရေးနှင့် မသက်ဆိုင်သည့် လူနေရပ်ကွက်များအတွင်းသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှု လုပ်ရပ်များသည် စစ်ရာဇဝတ်မှု(War Crime)ကို ကျူးလွန်နေခြင်းဖြစ်သောကြောင့် ၎င်းအကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များကို မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်းက လုံးဝ(လုံးဝ)လက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း

## မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီ၏ သဘောထားထုတ်ပြန်ကြေညာချက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၄ ရက်)

မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီသည် နိုင်ငံတော်အတွင်းရှိ ပြည်သူလူထုများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ဘေးကင်းလုံခြုံပြီး အရည်အသွေးပြည့်မီစွာ ပြုစုစောင့်ရှောက်နိုင်ရန် အားပေးဆောင်ရွက်လျက်ရှိပါသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိတပ်မတော်ဆေးရုံအား MNDAA- အကြမ်းဖက် သောင်းကျန်းသူများက လက်နက်ကြီးများ၊ ရှော့တိုက်ဒုံးများ၊ Drone များနှင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်၍ ကျန်းမာရေးစောင့်ရှောက်မှု၊ ကုသမှုခံယူနေသော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော ကျန်းမာရေးဝန်ထမ်းများ ထိခိုက်သေဆုံးခြင်း၊ ဒဏ်ရာရခြင်း၊ အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသဖြင့် များစွာစိတ်မကောင်းဖြစ်ရပါသည်။

ယခုကဲ့သို့ နာမကျန်း၍ ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူနေသော အပြစ်မဲ့ဒေသခံလူနာများနှင့် ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် ကျန်းမာရေးဝန်ထမ်းများအား ထိခိုက်နာကျင်မှု၊ သေဆုံးမှုများ ဖြစ်ပေါ်စေ၍ "လူ့သားချင်းစာနာထောက်ထားမှုမရှိသည့် အကြမ်းဖက်လုပ်ရပ်များအား လုံးဝလက်မခံ ကန့်ကွက်ပါကြောင်းနှင့် ရှုတ်ချပါကြောင်း" မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီမှ သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီ

## ပြည်ပထွက်ခွာလိုသူ ပြည်သူများသို့ သိပေးကြေညာချက်

၁။ လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်နှင့်ဇီဝဆိုင်ရာအချက်အလက်များကောက်ယူ၍ ဂဏန်း ၁၀လုံးပါ Unique ID နံပါတ်ထုတ်ပေးခြင်း လုပ်ငန်းကို သက်ဆိုင်ရာလဝကမြို့နယ်ရုံးအားလုံး၌ ဥပဒေနှင့်အညီစိစစ်၍ အခမဲ့ဆောင်ရွက်ထုတ်ပေးလျက်ရှိပါသည်။

၂။ သို့ရာတွင် ပြည်ပထွက်ခွာလိုသည့် ပြည်သူများအနေဖြင့် ၎င်းတို့နှင့်သက်ဆိုင်သည့် လဝကမြို့နယ်ရုံးများ၌ UID နံပါတ်ဆောင်ရွက်ထုတ်ယူခဲ့ခြင်းမရှိဘဲ နယ်စပ်ဒေသများရှိ UID လုပ်ငန်းဆောင်ရွက်သည့်နေရာများ၌သာ UID နံပါတ်ရရှိရေးအတွက် အလေးတကြီးပြုလုပ်ဆောင်ရွက်လျက်ရှိကြသဖြင့် ယင်းနေရာ၌သာလူစုလူဝေးများဖြစ်ပေါ်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှုအချိန်နှောင့်နှေးကြန့်ကြာခြင်းများဖြစ်ပေါ် လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပထွက်ခွာလိုသူပြည်သူများအနေဖြင့် သက်ဆိုင်ရာလဝက မြို့နယ်ရုံးများသို့ လူကိုယ်တိုင်သွားရောက်၍ UID နံပါတ် ကြိုတင်ထုတ်ယူဆောင်ရွက်ထားကြပါရန်နှင့် အခက်အခဲများရှိခြင်း၊ ငွေကြေးတောင်းခံခြင်းများရှိပါက အီးလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန၏ Facebook စာမျက်နှာဖြစ်သည့် www.facebook.com/ eIDDept မှတစ်ဆင့်ဆက်သွယ်တိုင်ကြားဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

သင့်သွေးဖြင့် အသက်ကယ်ပါ

# တောင်သူနည်းပညာဆွေးနွေးပွဲတွင် သစ်စိမ်းမြေဩဇာအမျိုးမျိုး၏ မြေဆီလွှာနှင့်သီးနှံအပေါ် အကျိုးသက်ရောက်မှုဆွေးနွေး

**နေပြည်တော် ဩဂုတ် ၄**

နေပြည်တော် ရေဆင်းစိုက်ပျိုးရေး သုတေသနဦးစီးဌာနတွင် အပတ်စဉ် စနေနေ့တိုင်းကျင်းပသည့် တောင်သူနည်းပညာဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက (၄၃)ကြိမ်မြောက်ကျင်းပရာ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ စိုက်ပျိုးရေးပညာရှင်များ၊ သုတေသီများနှင့် နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်မှ တောင်သူ ၂၅ဦး တက်ရောက်၍ သစ်စိမ်းမြေဩဇာအမျိုးမျိုး၏ မြေဆီလွှာနှင့် သီးနှံအပေါ် အကျိုးသက်ရောက်မှု ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီး၊ပြည်နယ်များမှ လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူဦးရေ ၅၀က အွန်လိုင်းစနစ်ဖြင့် တက်ရောက်ဆွေးနွေးကြသည်။



ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန မြေဆီလွှာသိပ္ပံသုတေသနဌာနစု သုတေသနမှူး ဒေါက်တာနီနီတင့်က သစ်စိမ်းမြေဩဇာအမျိုးမျိုး၏ မြေဆီလွှာနှင့် သီးနှံအပေါ် အကျိုးသက်ရောက်မှုနှင့် ပတ်သက်၍ တင်ပြဆွေးနွေးကြပြီး တောင်သူများ၏ မေးမြန်းမှုများကို အသေးစိတ်ပြန်လည် ရှင်းလင်းဖြေကြားခဲ့ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက လုပ်ကွက်ငယ် တောင်သူလယ်သမားအနေဖြင့် မိမိတို့ပိုင်ဆိုင်လုပ်ကိုင်ရသည့် လယ်ယာမြေ၏ မြေဆီလွှာကျန်းမာရေးနှင့် မြေဆီဩဇာ ထက်သန်ကောင်းမွန်စေရေးကို ဂရုတစိုက်ဆောင်ရွက်နိုင်မှသာ ဝင်ငွေခိုင်မာမှုရှိစေမည့် သီးနှံအထွက်ကိုရရှိနိုင်ကြမည်ဖြစ်ကြောင်း၊ သစ်စိမ်းမြေဩဇာ ထည့်သွင်းအသုံးပြုနိုင်ပါက စိုက်ပျိုးမြေ ကျန်းမာရေးနှင့် မြေဆီဩဇာထက်သန်မှုကို များစွာ အထောက်အကူပြုစေနိုင်သဖြင့် ရာသီလှည့်သီးနှံပုံစံတွင် သစ်စိမ်းမြေဩဇာသီးနှံများ၊ မြေဖုံးသီးနှံများကို ထည့်သွင်းနိုင်ရေး ဒေသအလိုက်သီးနှံစိုက်ပျိုးမှု ရာသီအချိန်ဇယားများ စနစ်တကျရေးဆွဲဆောင်ရွက်ရန်လိုအပ်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ယနေ့ဆွေးနွေးပွဲတွင် အကြီးမြန်ဆွေးမြည့်လွယ်၍ သစ်စိမ်းဒြပ်ထု အထွက်များများရရှိသော အပင်မျိုးများ ကြပက်စိုက်ပျိုးကာ ထယ်ထိုးမြေမြှုပ်ခြင်းအားဖြင့် မြေဆီလွှာ၏ ရုပ်ဂုဏ်သတ္တိနှင့်ဓာတ်ဂုဏ်သတ္တိများကို ပြောင်းလဲပေးပြီး မြေဆီ အာဟာရဓာတ် ဖြည့်တင်းပေးသော သဘာဝမြေဩဇာ အသုံးပြုခြင်းကို သက်ဆိုင်ရာပညာရှင်များက ဆွေးနွေးတင်ပြကြရာ ဆွေးနွေးပွဲတက်ရောက်လာကြသူများက သိရှိလိုသည်များကို ရင်းနှီးပွင့်လင်းစွာ မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

**ဒေါက်တာထွန်းတင့်**

### ဇရပ်

(ယမန်နေ့မှအဆက်)

စဆွံနှင့် စရပ်တို့၏ (အဘိဓာန်ဖွင့်အဓိပ္ပာယ် မဟုတ်ဘဲ) အနက်ရင်းကို ဖော်ထုတ်သင့်သည်။ ဝေါဟာရနှစ်ခုလုံး၏ အနက်ရင်းသည် "ဆွံ" နှင့် "ရပ်"တွင်ရှိသည်။ "ဆွံ"သည် "ဆုံ" နှင့် အနက်တူသည်။ "တွေ့သည်၊ ကြုံသည်၊ စုရုံးသည်၊ ပေါင်းစည်းသည်" စသော အနက်များ ရှိသည်။ "ရပ်"၏ အနက်မှာ "တန့်၊ နား၊ ရပ်နား"ဖြစ်သည်။ ထို့ကြောင့် "စဆွံ" ကိုလူအများ ဆုံစည်းရာ၊ စုဝေးရာ၊ စည်းဝေးရာ အဆောက်အအုံဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။ "ဇရပ်" ကို "လူအများခေတ္တရပ်နားရာ၊ တည်းခိုရာ အဆောက်အအုံ"ဟု အဓိပ္ပာယ်ဖွင့်နိုင်ပါသည်။ ဤတွင် "စဆွံ နှင့် စရပ်" နှစ်ခုလုံးတွင်ပါသည့် "စ" ၏အနက်ကို ဖော်ရန်ရှိပါသည်။ "စ"သည် "စာ၊ စက်၊ စပ်" အနက်များနှင့် နီးနွယ်ပါသည်။ "ဆက်စပ်၊ ယှဉ်တွဲ၊ တည်နေ၊ နေ" ဟူသော အနက်များရှိသည်။ ထို့ကြောင့် "စဆွံ"သည် " ဆွံသည့်နေရာ၊ ဆုံသည့်နေရာ"၊ "စရပ်"သည် "ရပ်နားရာနေရာ၊ တည်းခိုရာနေရာ၊ နားခိုရာနေရာ"ဟု ဆိုနိုင်ပါမည်။ "စဆွံ"ရော၊ "စရပ်"ပါ မြန်မာစကားများဖြစ်ကြောင်း ယုံမှားဖွယ်မရှိပါ။

ပုဂံကျောက်စာများတွင် "စရပ်"ဟုပင် စဝဂ်ပထမက္ခရာဖြင့်ရေးကြောင်း အကိုးသာဓကပြခဲ့ပြီဖြစ်ပါသည်။ ရှေးစာဟောင်းများတွင် "စရပ်"ဟုပင် စဝဂ်ပထမက္ခရာဖြင့်ချည်း ရေးမှတ်ကြသည်ကို တွေ့ရပါသည်။ "စရပ်" မှာ အနက်စွဲအရေး၊ "ဇရပ်"ကား အသံစွဲအရေးဖြစ်သည်။ အနက်စွဲအရေး "စရပ်" သည် လွှတ်တော်သုံးအရေးဟုလည်း ဆိုနိုင်ပါသည်။ "စရပ်" အရေးသာဓကအများပြရန် မလိုတော့ဟု ယူဆပါသည်။

ဤတွင် "ဇရပ်" သည် မွန်ဘာသာစကားဟုတ်မဟုတ်။ မွန်"ဇြပ်"ကို "ဇရပ်"ဟု စာလုံးပေါင်းဖလှယ်ကာ မြန်မာက မွေးစားထားခြင်းဟုတ်မဟုတ် ဆင်ခြင်သုံးသပ်ဆုံးဖြတ်ရန် လိုလာပါသည်။

စင်စစ်အားဖြင့် မြန်မာတွင် "စဆွံ" ဟူသော အဆောက်အအုံ၊ "စရပ်"ဟူသော အဆောက်အအုံတို့ အထင်အရှားရှိပြီးဖြစ်ပါသည်။ "စဆွံ"ဟူသော ဝေါဟာရ "စရပ်"ဟူသော ဝေါဟာရတို့လည်း အခိုင်အမာ တွင်ကျယ်စွာရှိပြီးဖြစ်ပါသည်။ ဘာသာရေးအရဖြစ်စေ၊ လူမှုရေးအရဖြစ်စေ စဆွံ၊ စရပ်တို့ကို ဆောက်လုပ်အသုံးပြုခဲ့ကြသည်။ ဤတွင် "စဆွံ"ဆိုသည်မှာ လူအများဆုံစည်းရာ၊ စုဝေးရာ ဟူသောအနက်ကို အခြေခံသဖြင့် လူအများစည်းဝေးရ၊ တရားနာရသော အဆောက်အအုံဖြစ်သည်ဟုယူဆရသည်။ စဆွံတွင် မြတ်စွာဘုရားဆင်းတုတော်တစ်ဆူလည်း ပူဇော်ထားရှိတတ်သည်ဆိုသဖြင့် "စဆွံ"သည် အထူးသဖြင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံဖြစ်ဖွယ်ရှိသည်။ "စရပ်" မှာမူ အထူးသဖြင့် ခရီးသွားများရပ်နားရာ၊ ခိုနားရာအဆောက်အအုံဖြစ်ဖွယ်ရှိသည်။ သို့ရာတွင် "စရပ်"ကို တရားပွဲကျင်းပရာ၊ တရားဟောရာ တရားနာရာ အဆောက်အအုံအဖြစ်လည်း အသုံးပြုကြသေးကြောင်း မှတ်သားရပါသည်။

ဆင်ခြင်ရန်ရှိသည်မှာ မွန်နှင့်ဗမာသည် ဘာသာစကား မတူသော်လည်း အက္ခရာတူသော ညီနောင်တိုင်းရင်းသားများဖြစ်သဖြင့် မွန်ဝေါဟာရများကိုလည်း ဗမာကမွေးစားမည်။ ဗမာဝေါဟာရများကိုလည်း မွန်ကမွေးစားမည်။ ယခုတင်ပြသော ဇရပ်ဟူသော ဝေါဟာရမှာ ဗမာစကားသာဖြစ်ပါသည်။ အနက်စွဲရေးသော် "စရပ်"၊ အသံစွဲရေးသော် "ဇရပ်" ဖြစ်သည်။ ယခုအခါ မြန်မာအဘိဓာန်တွင် အသံစွဲအရေးဖြစ်သော "ဇရပ်" (စဝဂ်တတိယက္ခရာ)ကို ပြဋ္ဌာန်းထားသည်။

"ဇရပ်"ကို R.Holliday ၏ Mon-English Dictionary တွင် မွန်စာလုံးပေါင်း "ဇြပ်" ဟုပြပြီး "a rest house"ဟု ပြပါသည်။ ရင်းမြစ်မဖော်ပြပါ။ (၁၉၂၂ ပုံနှိပ်)

Rev. Edward Oliver Stevens ၏ A Vocabulary English and Peguan ကျမ်းတွင် အဘိဓာန်တည်ပုဒ်ကို မြန်မာ "ဇရပ်" အသံဖလှယ်၍ zayat ဟု ပြပါသည်။ Zayat ၏ အဓိပ္ပာယ်ကို n. ဇြပ် (Bur), a building for public worship, or strangers to lodge in ဟုပြထားပါသည်။ Rev. Edward Oliver Stevens က "ဇြပ်"ကို မြန်မာစကား "ဇရပ်"(Zayat)ဟု ပြခဲ့ပါသည်။ (A. Vocabulary English and Peguan.1896)

မြန်မာစာကို ချစ်မြတ်နိုးတတ်ပါစေ။

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၇၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဩဂုတ် ၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဩဂုတ် ၅ ရက်မှ ဩဂုတ် ၁၁ ရက်ထိ ရန်ကုန် အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၅၇၈၀ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာ ဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

☆ **ဖမ်းဆီးရမိမှုအဆက်**

အခြားသစ် ၂ ဒသမ ၈၄၉ တန် ခန့်မှန်းတန်ဖိုးငွေကျပ်၂၁၁၃၆၅၃ကို လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၄၈၄၅၃ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Nissan Murano မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ မိုင်းလားမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Camel အဝတ်လျှော်စက်နှစ်လုံး၊ Man Slipper ကျားစီးဖိနပ် အရန် ၅၂၄၀၊ Brake Shoe ကီလိုဂရမ် ၁၅၀ အပါအဝင် လူသုံးကုန်ပစ္စည်း ကိုးမျိုး၊ ဆိုင်ကယ်အပိုပစ္စည်း ၃၅မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၇၂၃၁၅၀နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck နှစ်စီးနှင့် Mitsubishi Fuso Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၇၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ်၂၂၇၇၂၃၁၅၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ သုံးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် တရုတ်နိုင်ငံထုတ် Happy Rose Tissue ၄၀၁၁ ကီလိုဂရမ် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၅၀၇၉၄ ကို လည်းကောင်း၊အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ ပိုင်ရှင်က စွန့်လွှတ်ကြောင်း တင်ပြလာသည့် တရုတ်နိုင်ငံထုတ် Plastic Pallets ၈၃၀ခု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၇၂၅၀၀ ကို လည်းကောင်း၊ ထီးတန်းဆိပ်ကမ်း၌ကုန်သေတ္တာ နှစ်လုံးအတွင်းမှ ပိုင်ရှင်က စွန့်လွှတ်ကြောင်း တင်ပြ လာသည့် Fuse ၁၅၈၄ခု၊ Mini Helmet အလုံးရေ ၅၇၀၀ အပါအဝင် ကုန်ပစ္စည်း ခုနစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၇၆၀၀၀ ကိုလည်းကောင်း၊ ရန်ကုန်လေဆိပ်(ကုန်လှောင်ရုံ)၌ ပိုင်ရှင်မှ စွန့်လွှတ်ကြောင်းတင်ပြလာသည့် တရုတ်နိုင်ငံထုတ် Medical Device - Cholesterol Assay Kit ငါးခု အပါအဝင် ကုန်ပစ္စည်း ၂၆ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၆၆၈၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၂၆၆၀၉၄ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၁ရက်နှင့် ၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲ ၁၅ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၆၂၃၇၆၉၇ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။


**(သတင်းစဉ်)**










⁂ **အသည်းအစားထိုးမှုအဆက်**

စုစုပေါင်းခွဲစိတ်ချိန် ၁၁ နာရီခန့် ကြာမြင့်ခဲ့သည်။ အသည်းအလှူရှင်လူနာနှင့် အသည်းလက်ခံလူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သောပြုစုကုသမှုများကို သက်ဆိုင်ရာပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု၊ ကျွမ်းကျင်သူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုကို တပ်မတော်မှ တာဝန်ရှိသူအရာရှိကြီးများက ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများက တစ်ဆင့်အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Naing Lin Htun (sai aung)” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် အမှတ်(၄)ရပ်ကွက်နေ နိုင်လင်းထွန်းအား ညနေ ၄ နာရီ မိနစ်၄၀ တွင်လည်းကောင်း၊ “Aung Gyi”Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်နေ အောင်စိုးမိုးအား ညနေ၅ နာရီ မိနစ်၂၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၅၀၁)

# အရက်ကြောင့်ဖြစ်ပေါ်နိုင်သော အသည်းခြောက်ရောဂါ

ပေါက်ပေါက်



အရက်ကို စွဲစွဲလမ်းလမ်းသောက်သုံးလျှင် အသည်းခြောက်ရောဂါ(Liver Cirrhosis) ဖြစ်ပေါ်နိုင်သည်။ အသည်းခြောက်ရောဂါဖြစ်လာပါက အသည်းသည် သဘာဝအတိုင်းပြောင်ချောနေရာမှ အဖုအထစ်များဖြစ်လာပြီး သေးငယ်ကျုံ့ဝင်သွားသည်။ လက်ဝါးများနီလာခြင်း၊ အင်္ဂါဇာတ်ကျုံ့ဝင်သွားခြင်း၊ ထိခိုက်မိပါက အရေပြားအောက်တွင် သွေးခြည်ဥခြင်းတို့ဖြစ်စေသည်။ အသည်းသေးငယ်ကျုံ့ဝင်သွားခြင်းကြောင့် အသည်းအတွင်းရှိသွေးကြောများမှာလည်း ကျဉ်းမြောင်းပိတ်ဆို့သွားသဖြင့် သွေးများက အခြားသွေးကြောများထဲသို့ ပျံ့နှံ့ရောက်ရှိသွားသည်။ ထိုအခါ သွေးကြောများပွလာပြီး လည်ချောင်းရှိ အစာပြွန်နှင့် အစာအိမ်ထိပ်ဝ၌ သွေးကြောထုံးများ ဖြစ်ပေါ်လာသည်။ ထိုသွေးကြောထုံးများသည် အချိန်မရွေးသွေးကြောပေါက်ကာ ပါးစပ်မှ သွေးများအန်ထွက်လာပြီး သွေးဝမ်းအမည်းသွားခြင်းကိုလည်း ဖြစ်စေနိုင်သည်။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများတွင်အရက်သောက်သုံးမှုနှင့်ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က ၂၀၁၅ ခုနှစ်တွင် သုတေသနပြုလုပ်ခဲ့ရာ တစ်ကမ္ဘာလုံး၏ အရက်သောက်သုံးမှုနှုန်းမှာ ၂၄ ရာခိုင်နှုန်းခန့် မြင့်တက်ခဲ့ကြောင်း၊ နှစ်စဉ် ကမ္ဘာ့လူဦးရေသန်း ၂၀၀၀ ကျော်သည် အရက်ကို စွဲစွဲမြဲမြဲ သောက်သုံးနေကြပြီး လူဦးရေ သန်း ၈၀ ခန့်သည် အရက်ကြောင့် နောက်ဆက်တွဲကျန်းမာရေးပြဿနာများခံစားနေရကြောင်း၊ ကမ္ဘာပေါ်တွင် နှစ်စဉ်အရက်ကြောင့် သေဆုံးသူ ဦးရေ ၃ ဒသမ ၃ သန်းခန့်ရှိရာ ၎င်းအရေအတွက်သည် AIDS ရောဂါ၊ တီဘီရောဂါနှင့် အကြမ်းဖက်ခံရမှုများကြောင့် သေဆုံးသူဦးရေထက် ပိုများနေကြောင်း၊ ၂၀၁၅ ခုနှစ် နှစ်ဦးပိုင်းတွင် အမေရိကန်နိုင်ငံ ရောဂါထိန်းချုပ်ရေးဗဟိုဌာန (Centres for Disease Control)၏ အစီရင်ခံစာအရ အရက်အဆိပ်သင့်မှုကြောင့် အမေရိကန်နိုင်ငံအတွင်း တစ်ရက်လျှင် ပျမ်းမျှ လူခြောက်ဦးနှုန်း သေဆုံးနေကြရကြောင်း စသည်ဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) က ထုတ်ပြန်ထားသည်။

ယနေ့မြန်မာနိုင်ငံတွင် အရက်သောက်သုံးမှုနှုန်း တစ်ရှိန်ထိုးမြင့်တက်လာပြီး ထိုထဲတွင် အမျိုးသမီးများပါ သောက်သုံးလာကြသည်။ အကြောင်းရင်းမှာ လူငယ်များကြား အရက်နှင့် ယမကာအမျိုးမျိုး သောက်သုံးလာစေရန် နည်းမျိုးစုံဖြင့်ဈေးကွက်အတွင်း ထိုးဖောက်ဆွဲဆောင်ခြင်း၊ လူတန်းစားမရွေးသောက်သုံးနိုင်သည့် နိုင်ငံခြားဖြစ် ဘီယာ၊ အရက်များအပြင် ဈေးပေါပေါဖြင့် ဝယ်ယူသောက်သုံးနိုင်သည့် အရက်များစွာကို လက်တစ်ကမ်းတွင်ဝယ်ယူရနိုင်ခြင်း၊ ဈေးပေါပေါအရက်များဖြစ်နေ၍ အရက်သောက်သုံးသူများ၏ ၇၀ ရာခိုင်နှုန်းမှာ အရည်အသွေးမမီသောအရက်များကို သောက်သုံးနေရခြင်း၊ အရွယ်မရောက်သေးသောကလေးသူငယ်များ၊ အမျိုးသမီးများကို အရက်ဝယ်ခိုင်းခြင်း သို့မဟုတ် ရောင်းချခိုင်းစေခြင်းစသည့် လမ်းလွဲမှုများကြောင့် မြန်မာနိုင်ငံ၌ အရက်သောက်သုံးသူဦးရေ တစ်စတစ်စ များပြားနေသည်။

**အရက်ဆိုးကျိုးအမျိုးမျိုး**

"အရက်က လူကိုအားတက်စေတယ်"၊ "အရက်သောက်ရင် စိတ်ဓာတ်တက်ကြွတယ်"ဟူ၍ အရက်နှစ်သက်သူများက လွဲမှားသောအကြောင်းအမျိုးမျိုးဖြင့် သောက်သုံးနေကြသော်လည်း လက်တွေ့တွင် အရက်က လူကို နှေးကွေးလေးလံထိုင်းမှိုင်းစေရုံမျှမက အားအင်ယုတ်လျော့လာစေနိုင်သည်။ အရက်အလွန်အကျွံသောက်သူများမှာ ကိုယ်ခံအားစနစ် ယုတ်လျော့စေပြီး ကူးစက်ပိုးအလွယ်တကူဝင်နိုင်ခြေများသကဲ့သို့ ရောဂါဖြစ်လွယ်စေသည်။ ထို့ပြင် မျက်နှာအသားအရေနီမြန်းနေပြီး ခန္ဓာကိုယ်က အမြဲလိုလိုပူနွေးနေသည်။ အရက်က ဦးနှောက်ကိုထိခိုက်စေသဖြင့် သွေးအတွင်း အယ်လ်ကိုဟော နှစ်မီလီဂရမ် ရောက်ရှိသွားသည်နှင့် တစ်ပြိုင်နက် စကားနည်းသူက စကားများလာသည်။ သွေးအတွင်း အယ်လ်ကိုဟော မီလီဂရမ် ၂၀ မှ မီလီဂရမ် ၃၀ ရောက်သွားသည်နှင့် လမ်းလျှောက်လျှင် ယိမ်းယိုင်လာသည်။ သွေးအတွင်း အယ်လ်ကိုဟော မီလီဂရမ်၁၅၀ ရောက်သွားသည့်အခါ မူးလာသည်။ အကယ်၍ သွေးအတွင်း အယ်လ်ကိုဟော မီလီဂရမ် ၄၀၀ ရောက်သွားပါက သတိမေ့ပြီးသေစေနိုင်သည်။

အယ်လ်ကိုဟောက စီးကရက်ကဲ့သို့ပင် လူကိုစွဲလမ်းမှုဖြစ်စေသည်။ အရက်ကို အလွန်အကျွံစွဲလမ်းစွာသောက်သုံးသည့်အခါ အသည်းကြီး၊ အသည်းရောင်၊ အသည်းခြောက်၊ အသားနှင့်မျက်စိဝါခြင်း၊ ရေဖျဉ်းစွဲခြင်း၊ အသည်းကင်ဆာဖြစ်ခြင်း စသည့်အသည်းရောဂါအမျိုးမျိုး၊ သွေးအန်ခြင်း၊ အစာခြေလမ်းကြောင်းသွေးယိုစိမ့်ခြင်းနှင့် အစာအိမ်ရောဂါ၊ ခံတွင်းကင်ဆာ၊ အစာရေမျိုပြွန်ကင်ဆာ၊ ရင်သားကင်ဆာ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ လေငန်းရောဂါ၊ ဝက်ရူးပြန်သကဲ့သို့ တက်ခြင်း၊ အသည်းရောဂါကြောင့် ကျောက်ကပ်ပျက်စီးခြင်း၊ အစာစားချင်စိတ်မရှိတော့ဘဲ ကိုယ်အလေးချိန်လျော့ကျလာခြင်း၊ ပျို့အန်ခြင်း၊ မောပန်းခြင်း၊ အားနည်းခြင်း၊ ကြွက်တက်ခြင်း၊ အယ်လ်ကိုဟောတွင် ကယ်လိုရီပါဝင်နေသောကြောင့် အရက်စွဲသူများတွင် အဝလွန်ရောဂါဖြစ်ခြင်း၊ ပန်းသေပန်းညှိုးရောဂါဖြစ်ခြင်း၊ ဦးနှောက်နှင့်အာရုံကြောများ ထိခိုက်သွားသောကြောင့် စိတ်ကျ၊ စိတ်ဖောက်ပြန်ကာ "အရက်သမားအမှားတစ်ထောင်"ဆိုသလို မိမိကိုယ်ကိုသတ်သေခြင်းအပါအဝင် အခြားသောရာဇဝတ်မှုများကျူးလွန်သည်ထိ ဖြစ်လာနိုင်သည်။ အကယ်၍ ကိုယ်ဝန်ဆောင်အမျိုးသမီးများ အရက်သောက်သုံးပါက အယ်လ်ကိုဟောနှင့် သန္ဓေသားထိတွေ့မှုကြောင့် ကလေး၏ ဦးနှောက်၊ နှလုံးနှင့် အခြားအင်္ဂါအစိတ်အပိုင်းများမှာ မွေးရာပါချို့ယွင်းသွားနိုင်သည်။

အရက်နှင့်ဓာတ်မတည့်သူများမှာ အယ်လ်ကိုဟော အနည်းငယ်မျှ သောက်သုံးမိသည်နှင့်တစ်ပြိုင်နက် မျက်စိနီခြင်း၊ သွေးခုန်နှုန်းမြန်ခြင်း၊ အသားအရေဖြူဖပ်ဖြူရော်ဖြစ်ကာ ချွေးသီးချွေးပေါက်များကျလာပြီး သွေးအန်ခြင်းများဖြစ်တတ်သည်။ အရက်အလွန်အကျွံသောက်မိ၍ သေခါနီးလက္ခဏာများမှာ ခန္ဓာကိုယ်အေးစက်လာခြင်း၊ နှုတ်ခမ်းဖျား၊ နားရွက်ဖျား၊ ခြေသည်း၊ လက်သည်းများပြာနှမ်းလာခြင်း၊ သလိပ်ထွက်ခြင်း၊ မျက်စိသူငယ်အိမ်ကျယ်လာခြင်း၊ သွေးခုန်နှုန်းလျော့ကျလာခြင်း၊ အသက်ရှူနှေးပြီး အသက်ငင်လာခြင်း စသည်တို့ဖြစ်သည်။

"ဓားကိုဖျက် ဝါးမျက်၊ လူကိုဖျက် အရက်"ဆိုသည့်အတိုင်း အရက်သောက်သူများအနေဖြင့် ဘဝရည်မှန်းချက်ပန်းတိုင်ဆီသို့ အရောက်သွားရန် အရက်က တားဆီးပစ်သည်။ အရက်စွဲသူသည် လုပ်ငန်းခွင် သို့မဟုတ် မိသားစု(အိမ်)တွင် ရန်လိုနေတတ်ပြီး စီးပွားရေးနှင့် အသက်မွေးဝမ်းကျောင်းမှုတို့ ထိခိုက်လာစေနိုင်သည်။ ထို့ပြင် အရက်သောက်ပြီးနောက် ခံတွင်း၊ ချွေးတို့မှာ အရက်နံ့စွဲကျန်ရစ်စေသဖြင့် လူမှုရေးနယ်ပယ်တွင် အကျိုးယုတ်စေသည်။

ရခဲလှသည့်လူ့ဘဝတွင် မိမိ၏ဘဝကို အညွန့်တုံးစေပြီး လူမှုတာဝန်မကျေပွန်သကဲ့သို့ မိသားစုအကျိုး၊ ဝန်းကျင်လောကသားများ၏ ပရဟိတအကျိုးများကို မျက်ကွယ်ပြုကာ သေမင်း၏လက်ကမ်းကြိုဆိုမှုကို စောင့်ဆိုင်းနေကြသူများမဖြစ်သင့်ပေ။ မည်သူမျှ မွေးကတည်းက အရက်မသောက်တတ်ကြပေ။ လောကီ၊ လောကုတ္တရာနှစ်ဖြာအတွက် အပြစ်များလွန်းသည့် ထိုအရက်ကို မသောက်တတ်သေးသူများကလည်း အစလုပ်ပြီးမသောက်ကြပါရန်နှင့် အရက်သောက်တတ်သူများအနေဖြင့်လည်း အရက်ကိုကြိုးစားဖြတ်စေလိုသည်။

**အသည်းခြောက်ရောဂါဖြစ်စေသော အခြားအကြောင်းရင်းများ**

အသည်းခြောက်ရောဂါဖြစ်စေသည့် အကြောင်းရင်းများစွာရှိသော်လည်း မြန်မာနိုင်ငံ၌ အသည်းခြောက်ရောဂါအများဆုံးဖြစ်စေနိုင်သည့် အကြောင်းရင်းများမှာ အရက်သောက်သုံးခြင်းကြောင့်ဖြစ်ခြင်း၊ အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုးကြောင့်ဖြစ်ခြင်း၊ အသည်းအဆီဖုံးခြင်းကြောင့်ဖြစ်ခြင်း၊ သည်းခြေလမ်းကြောင်းပိတ်ခြင်းကြောင့်ဖြစ်ခြင်းနှင့် Aflatoxin ခေါ် မှိုအဆိပ်အတောက်ကြောင့်ဖြစ်ခြင်းစသည်တို့ဖြစ်ကြသည်။

အရက်ကြောင့် နာတာရှည်အသည်းရောင်ရောဂါ ဘီပိုး၊ စီပိုး ခံစားရသူများတွင် မလွဲမသွေအသည်းခြောက်ခြင်းကို ဖြစ်ပေါ်စေနိုင်သည်။ ထိုအခြေအနေမျိုးတွင် အရက် သို့မဟုတ် အဆီ သို့မဟုတ် Aflatoxin ခေါ် မှိုအဆိပ်အတောက်ပါသည့် အစားအသောက်တစ်ခုခုကိုစားသုံးမိပါက အသည်းခြောက်ရောဂါမှသည် အသည်းကင်ဆာအဖြစ်သို့ လျင်လျင်မြန်မြန်ရောက်ရှိသွားစေသည်။

အရက်သောက်သူတိုင်းနှင့် အဝလွန်သူတိုင်းတွင် အသည်းအဆီဖုံးနိုင်သည်။ အသည်းအဆီဖုံးခြင်းကြောင့် အသည်းခြောက်ရောဂါနှင့် အသည်းကင်ဆာတို့ကို ဖြစ်စေနိုင်သည်။ အကြောင်းမှာ အသည်းဆဲလ် (Liver Cell) များထဲသို့ အဆီများဝင်သည့်အခါ အသည်းဆဲလ်များ လုံးဝပြားကပ်သွားပြီး အဆီများဖြစ်သွားသည်။ အကယ်၍အဆိုပါအဆီများနှင့် အသည်းရောင်ရောဂါစီပိုးတို့ ရောနှောသွားပါက အသည်းခြောက်ရောဂါကို ပိုမိုလျင်မြန်စွာဖြစ်စေသည်။

အသည်းကျန်းမာရေးသည် သည်းခြေရည်ပေါ်တွင် အဓိကမှီခိုနေသည်။ သည်းခြေရည်များသည် စားသုံးသည့်အစားအစာများတွင် ပါလာသည့်အဆီများကို ခြေဖျက်ပေးသည်။ အဆီများကြေသွားမှသာလျှင် အူက စုပ်ယူနိုင်မည်။ တစ်နည်းဆိုရသော် သည်းခြေရည်မရှိလျှင် စားလိုက်သည့်အဆီများကို ခြေဖျက်နိုင်စွမ်းမရှိတော့သဖြင့် သည်းခြေလမ်းကြောင်းတွင် ပိတ်ဆို့မှုကိုဖြစ်စေနိုင်သည်။ သန်ကောင်ကြောင့် သည်းခြေလမ်းကြောင်းပိတ်ဆို့နိုင်သကဲ့သို့ သည်းခြေလမ်းကြောင်းတွင် ကျောက်တည်သည့်ရောဂါကြောင့်လည်း ပိတ်ဆို့နိုင်သည်။ ထိုအခါ သည်းခြေလမ်းကြောင်း ပိတ်ဆို့ခြင်းကြောင့် သည်းခြေရည်များ အောက်မဆင်းတော့ဘဲ အသည်းထဲတွင် အိုင်ထွန်းနေကာ အသည်းကို ထိခိုက်စေခြင်းဖြင့် အသည်းခြောက်ရောဂါကို ဖြစ်စေသည်။

Aflatoxin ခေါ် မှိုအဆိပ်အတောက်များကြောင့် အသည်းခြောက်ရောဂါနှင့် အသည်းကင်ဆာတို့ကို ဖြစ်စေနိုင်သည်။ Aflatoxin မှိုကို ငရုတ်သီးခြောက်၊ မြေပဲခြောက်၊ ငါးခြောက်အပါအဝင် အခြောက်ခံစားသုံးသည့်အစားအစာများတွင် တွေ့ရတတ်သကဲ့သို့ အချိန်ကြာမြင့်စွာထားသည့် ဆန်အဟောင်းများ၌သာမက နှမ်းဖတ်ချဉ်၊ ပဲဖတ်ချဉ်များတွင်လည်း Aflatoxin ကို အများဆုံးတွေ့ရတတ်သည်။ ၎င်းမှို၏ သဘောသဘာဝသည် ရေနှင့်ဆေးလည်းမရပါ။ မီးနှင့်ချက်လည်း မပျက်နိုင်ပါ။ ထို့ကြောင့် အဆိုပါအစားအစာတို့ကို ရှောင်ရှားကြရပါမည်။

အချုပ်အားဖြင့်ဆိုသော် အသည်းခြောက်ရောဂါသည် အစားကောင်းကောင်းစားခြင်းနှင့် အသည်းအားဆေးအမျိုးမျိုးတို့ကို ကြိုတင်သောက်သုံးထားခြင်းဖြင့်လည်း မကာကွယ်နိုင်ပါ။ အရက်ကြောင့် အသည်းခြောက်ခြင်းမဖြစ်ရအောင် သုရာမေရယကံကို နေ့စဉ်ဘဝတွင် မတိမ်းမစောင်းထိန်းသိမ်းကြစေလိုပါကြောင်း ရေးသားလိုက်ရပါသည်။

**❖ အရက်ကြောင့် နာတာရှည်အသည်းရောင်ရောဂါ ဘီပိုး၊ စီပိုးခံစားရသူများတွင် မလွဲမသွေအသည်းခြောက်ခြင်းကို ဖြစ်ပေါ်စေနိုင်သည်။ ထိုအခြေအနေမျိုးတွင် အရက် သို့မဟုတ် အဆီ သို့မဟုတ် Aflatoxin ခေါ် မှိုအဆိပ်အတောက်ပါသည့်အစားအသောက်တစ်ခုခုကို စားသုံးမိပါက အသည်းခြောက်ရောဂါမှသည် အသည်းကင်ဆာအဖြစ်သို့ လျင်လျင်မြန်မြန်ရောက်ရှိသွားစေသည်။ အရက်သောက်သူတိုင်းနှင့် အဝလွန်သူတိုင်းတွင် အသည်းအဆီဖုံးနိုင်သည်။ အသည်းအဆီဖုံးခြင်းကြောင့် အသည်းခြောက်ရောဂါနှင့်အသည်းကင်ဆာတို့ကို ဖြစ်စေနိုင်သည်။ ❖**

# ဆူးများကြားက အရည်ရွှမ်းသစ်သီးတစ်လုံး

ကျွန်းစဉ်မြေစေခက်



ညမိုက်ကာလမို့ ကောင်းကင်ယံတွင် ကြယ်ရောင်ပြိုးပြက်လင်းလက်နေသည်မှအပ အမှောင်ထုက သိမ်းပိုက်စိုးမိုးထားသည်။ ကျွန်တော်တို့ရွာတောင်တန်းကြီးခြေရင်း ခနော်ခနဲ့လမ်းကလေးမှာ ခလုတ်မတိုက်မိအောင် ကြိုးစားလျှောက်လှမ်းလာကြရင်း လှေဆိပ်သို့ ရောက်လာကြသည်။ ကျွန်တော့်မှာ ပင်လယ်ကမ်းခြေ ငပသုန်ရွာမှ အထက်ကျွန်းစဉ်နယ် သရက်တောင်ရွာသို့ လှေလှော်ပြီး ဆန်လာဝယ်ခြင်းဖြစ်သည်။ ဆန်ကို မနေ့ညနေကပင် လှေပေါ် ချထားပြီးဖြစ်၍ အဆင်ပြေသည်။

"ရော့ သူငယ်ချင်း၊ ငါအမေ့ကို ညနေကတည်းက ပေါင်းခိုင်းထားတာ ကောက်ညှင်းပေါင်းပဲ"

ကျွန်တော်သည် ခင်မောင့်ဆီက ကောက်ညှင်းပေါင်းကို လှမ်းယူလိုက်သည်။

"ဒါက သူငယ်ချင်းတို့အတွက် သောက်ရေ"

"ခင်မောင်က ကြိုးကွင်းတပ် ရေအိုးကလေးကို လှမ်းပေးလာရာ ကျွန်တော်လှမ်းယူပြီး လှေပဲ့ချောင်တွင် ချထားလိုက်သည်။

"ကဲ ဟုတ်ပြီနော် သူငယ်ချင်း"

"ဟုတ်ပြီ သူငယ်ချင်း ဟုတ်ပြီ၊ သွားပြီနော်"

ခင်မောင်နှင့်ကျွန်တော် အပြန်အလှန်နှုတ်ဆက်ကြရင်း ကမ်းပါးကို လှော်တက်နဲ့ထိုးကန်လိုက်ပြီး လှော်ထွက်လိုက်သည်။ သိပ်တောင်မကြာ ချောင်းကျဉ်းကလေးမှ ရွာချောင်းကျယ်ကြီးထဲ ရောက်လာသည်။ ဒီရေအကျဖြစ်၍ လှေပြေးအား ပိုသွက်နေသည်။ မနက်မိုးအလင်းမှာတော့ စိတ္တရမြစ်ကို စုန်ဆင်းပြီး ဖောင်ပြေမြစ်ကြောင်းထဲသို့ ရောက်လာခဲ့ချေပြီ။ ကျွန်တော် မြစ်ကြီး၏ လက်ဝဲ၊ လက်ယာကို လှမ်းကြည့်လိုက်မိသည်။ လက်ယာဘက်မှာ ဇီးကိုင်းကျွန်းလယ်တွင်း၊ လက်ဝဲဘက်မှာ ဖောင်ပြေကျွန်းလယ်ကွင်းပြင်ကြီးတို့ကို ဒီရေရောက် တောတန်းကြီးများနောက်ကွယ်တွင်ရှိကြောင်း ကျိုးတိုးကျဲတဲ ဒီရောက်တောများကြားက လှမ်းမြင်ရသည်။ ကျွန်တော်တို့မှာ ငပသုန်ကျွန်းထိဆင်းရမှာဖြစ်လို့ လက်ယာဘက်ကမ်းကို ဖြတ်၍မရ။ လက်ဝဲဘက်ဆိုလျှင် ပင်လယ်ပြင်ကျယ်ကြီးထဲ ရောက်သွားမည်ဖြစ်၍ လက်ယာဘက်ကမ်းကို အရလုပြီး လှော်ရသည်။

ရေကလည်း ရေကျကောင်းနေဆဲမို့ လှေပြေးအားနောက်က ကမ်းစပ်သစ်ပင်များ တရိပ်ရိပ်ကျန်ခဲ့ကြသည်။ ဇီးကိုင်းကျွန်း၊ ငလျင်လှုပ်ကျွန်း၊ စပါးထားကျွန်းတို့ကို တစ်ကျွန်းပြီးတစ်ကျွန်းကျော်ဖြတ်ပြီး လှော်ခတ်လာကြသည်။ ကျွန်တော်တို့နှစ်ယောက် ခင်မောင်ပေးလိုက်သော ကောက်ညှင်းပေါင်းကိုစားပြီး ရေသောက်ချလိုက်ကြသည်။ ဗိုက်တင်းသွားပြီဖြစ်၍ နေသာထိုင်သာရှိသွားကြသည်။

"ငါ့တူ မင်း ညောင်းရင် ရပ်ရင်ရပ်ထားနော်။ ဦးလှော်မယ်"

"ဦးတို့ ငပသုန်ကျွန်းကို ရောက်တော့မှာလား"

"လှမ်းတော့လှမ်းသေးတယ်ဟ။ ဒီနေ့က အရှေ့လေမလာတော့ ရွက်မတိုက်ရတာကြောင့် ခရီးကတွင်သင့်သလောက်မတွင်ဘူး။ မနားတမ်းလှော်ရတော့ လူလဲပင်ပန်းတာပေါ့ကွာ"

လှေဦးပိုင်းက လှော်သည့် ရွှေစောလှမှာ အသက် ၁၃ နှစ်ခန့်သာရှိသေး၍ ခက်တက်ခက်လို့လည်း အဆင်မပြေနိုင်။ လှော်တက်ကလေးဖြင့်သာ နိုင်သလောက်လှော်ရ၍ အားရပါးရတော့မရှိလှပေ။ ကမ်းစပ်နှင့်ဆိုလျှင် ရေစီးအားပိုကောင်းသည်ဟု ကျွန်တော်ခံယူမိသဖြင့် ကမ်းစပ်နဲ့ခပ်နီးနီးကပဲ လှော်ဆင်းလိုက်သည်။ ရွှေစောလှကလေးကလည်း သူ့မှာ လှော်ပေးရန်တာဝန်ရှိသည်ဟု ခံယူထားလေသလားမသိ။ ကျွန်တော်လှော်သလို သူလည်းလှော်သည်။ ကျွန်တော်ကမ်းခြေဘက်သို့ လှမ်းအကြည့်မှာ ကမ်းစပ် သစ်ချုံနောက်ကွယ်က လူနှစ်ယောက် ပြေးထွက်လာသည်။

"ဟိတ်ကောင်လေးတွေ မင်းတို့ဘယ်ကလဲ"

သူတို့နှစ်ယောက်စလုံးမှာ ဓားလွတ်ကိုင်ထားကြသည်။ ဒုက္ခတော့တွေ့ကြပြီဆိုသည့်သဘော ကျွန်တော့်ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားသည်။ ရွှေစောလှကလေးက ဘယ်လိုလုပ်ကြမလဲဆိုသည့် သဘောဖြင့် နောက်ဘက်သို့လှည့်ပြီး ကျွန်တော့်ကို လှမ်းကြည့်သည်။

"သရက်တောင်ကပဲဗျ"

"ကဲ မင်းတို့ ကမ်းကပ်ခဲ့ကြ"

ကျွန်တော်တို့ကို ကမ်းကပ်ဖို့ အမိန့်ပေးနေလေပြီကော။ ကျွန်တော်စဉ်းစားလိုက်သည်။ တစ်ခါတလေမျှမမြင်ဖူးသော သူစိမ်းယောကျ်ားကြီးနှစ်ယောက်က လူသူမနီးသည့် တောကြီးထဲကထွက်လာပြီး ဓားလွတ်ကိုင်လျက် ကမ်းသို့တက်ခဲ့ပါဟုပြောခြင်းမှာ မည်သည့်နည်းနဲ့မျှ မေတ္တာရှိခေါ်ခြင်းမဖြစ်နိုင်။ ခေတ်ကာလအခြေအနေကလည်း နယ်မြေတစ်ခုလုံး ဗ. က. ပ တို့ကြီးစိုးနယ်မြေဖြစ်သည်။ သည်အခြေအနေမျိုးတွင် ကျွန်တော်တို့ ကမ်းသို့ကပ်ပေးရန်ဆိုသည်မှာ လုံးဝမဖြစ်နိုင်။

"ဟေ့ကောင်တွေ မင်းတို့ ကမ်းကပ်ခဲ့ကြ"

ကမ်းစပ်က လူနှစ်ယောက် ခပ်မာန်မာန်အော်သံကြားလိုက်ရပြန်သည်။

"ကမ်းကပ်လို့မဖြစ်ဘူးဗျ။ ကျွန်တော်တို့ ရေမှီဖို့လိုတယ်"

ကျွန်တော်တို့နှစ်ယောက် ကြောက်ကြောက်ဖြင့် လှေကို ဖိလှော်လိုက်ကြသည်။

"ဟေ့ကောင်တွေ ပြောတာမရဘူးလား။ ရပ်ဆို ရပ်ပေးနော်"

"ဟေ့ သိန်းမောင် လာကွာ လာ ဒီကောင်တွေ ပြောလို့မရဘူး"

သူတို့နှစ်ယောက် ကျွန်တော်တို့လှေပြေးသလိုပဲ ကမ်းစပ်က ပြေးလိုက်လာကြသည်။ မြစ်ပြင်ထဲမှာကော ကမ်းစပ်မှာပါ အခြားလူသူလေးပါးရယ်လို့ တစ်ယောက်တလေမျှပင်မတွေ့ရ။ ပြေးသူနှင့်လိုက်သူ ဆန့်ကျင်ဘက် သက်ရှိလူသား လေးယောက်မျှသာ။ ကျွန်တော့်မှာ ရင်ထဲစိုးထိတ်စွာလှော်ရင်း ကမ်းစပ်က ဓားလွတ်ကိုင် လူနှစ်ယောက်ကိုလည်း လှမ်းလှမ်းကြည့်သည်။

ဟော သူတို့နှစ်ယောက် တောချုံစေးပျစ်ကြီး ဆီးတားထားမှုကြောင့် ရှေ့သို့ မရောက်နိုင်တော့ဘဲ ကျန်ခဲ့ကြလေပြီ။ ကျွန်တော်တို့လှေမှာ ပြေးမြဲပြေးနေခြင်းကြောင့် တောချုံကြီးနောက်ကွယ်တွင် ကျန်ခဲ့သော ဓားလွတ်ကိုင်နှစ်ယောက်ကို လုံးဝဆိုလုံးဝမမြင်လိုက်ရတော့ချေ။ သို့သော် ကျွန်တော်တို့နှစ်ယောက်ကား ကြောက်အားမပြေသေး။ ဆက်ကာဆက်ကာ လှော်နေကြဆဲ။ နံနက် ၁၁ နာရီလောက်တွင် ကျွန်တော်တို့ နောင်တော်ကြီးပင်လယ်ဝသို့ ရောက်ခဲ့ကြလေပြီ။ ကျွန်တော်တို့ကား လက်ဝဲဘက်သို့ လှည့်ဆင်းလျှင် ပင်လယ်ပြင်ကြီးသို့ ရောက်သွားခဲ့ပေလိမ့်မည်။ သို့ဖြစ်၍ ကျွန်တော်သည် လက်ယာဘက်ကမ်းခြေသို့ ကပ်လျက်ပဲ လှော်ဆင်းလိုက်သည်။ ဘဲစင်ခိုစင်ကျွန်းပြီးလျှင် မြစ်ပြင်ကျယ်ထဲက ဝါးကောက်ချိုင်ကျွန်းအနီးသို့ ရောက်သွားခဲ့ပေသည်။

နေ့လယ်တိုင်ခဲ့ပြီဖြစ်၍ ပင်လယ်ဒီရေသည် တဝေါဝေါတက်လာခဲ့ပေပြီ။ ကျွန်တော်တို့ မည်သို့သောနည်းနဲ့မျှ ရှေ့တိုးလှော်ခတ်၍မရတော့ချေ။ ရှေ့မှာ ထုံးကျီမြစ်ဝကျယ်ကြီး ဆီးနေပေပြီ။

"ဒီမှာ ငါ့တူလေး တို့ရှေ့ဆက်သွားလို့မရတော့ဘူး။ ပင်လယ်ဒီရေတွေတက်လာပြီ"

"ငပသုန်ကျွန်းရောက်ဖို့ လှမ်းသေးလား"

"လိုသေးတာပေါ့။ ဟိုးမှာ ရှေ့တည့်တည့်ကို လှမ်းကြည့်လိုက် မှိုင်းမှိုင်းပျပျမြင်နေရတဲ့ တောင်တန်းကို တွေ့တယ် မဟုတ်လား"

"တွေ့တယ်"

"အဲဒီတောင်တန်းဟာ တို့သွားရမဲ့ ငပသုန်ကျွန်းပဲ။ ရှေ့ကမြစ်ပြင်ကျယ်ကို ဖြတ်ကျော်လှော်ခတ်ပြီးမှ ရောက်မှာ။ အခု ရေတက်နေပြီဆိုတော့ မလွယ်ဘူး"

"အဲလိုဆို ဘယ်လိုလုပ်ကြမလဲဗျာ"

"ဘယ်လိုလုပ်ကြမလဲဆိုရင် ဒီဝါးကောက်ချိုင်ကျွန်းမှာပဲနားပြီး ညကျမှ လှော်ဆင်းရမှာပေါ့ကွာ"

"ဒါဆို ကျွန်တော်တို့ ထမင်းဘယ်မှာစားရမလဲ"

"အေးပေါ့ကွယ် ဒီနေ့တော့ ကျိတ်ခံရမှာပေါ့။ ညရွာရောက်မှ စားကြတာပေါ့"

ရွှေစောလှကလေး မျက်နှာညှိုးသွားသည်။ ကျွန်တော်သည် လှေကို လက်ယာဘက်သို့ လှည့်ပေးလိုက်ပြီး ဝါးကောက်ချိုင်တောင်ခြေသို့ ဦးတည်လှော်ပေးလိုက်သည်။ တောင်ခြေသို့အရောက်မှာ လှေကိုကြိုးချည်ပြီး ကမ်းစပ်သို့ တက်လိုက်ကြသည်။

ဝါးကောက်ချိုင်တောင်ခြေမှာ မြစ်ပြင်ကျယ်ထဲ၌ ထီးတည်းတည်ရှိနေသော ကျွန်းကလေးဖြစ်သည်။ လူသူလေးပါး တစ်ယောက်တလေမျှပင်မရှိ။ အဆုံးမှာ ပိုက်တဲကလေး တစ်လုံးတလေမျှပင်မရှိ။ ကျွန်တော်သည် ရွှေစောလှကလေးကို တောင်ခြေသစ်ပင်ရိပ်အောက်မှာထားခဲ့ပြီး စားစရာတစ်ခုတလေများရလေမလားဟု တောင်ခြေသို့လျှောက်ပတ်ကြည့်လိုက်သည်။ တောင်ခြေတစ်ပတ်သာပြည့်သွားသည်။ မည်သည့်စားပင်သီးပင်မျှမတွေ့။ ဆီးပင်ကလေးနှစ်ပင်ကိုတော့ ကသီလင်တတွေ့လိုက်ရသည်။ သို့သော် အသီးဟူ၍လည်း တစ်လုံးတစ်လေမျှပင်မရှိ။

ကျွန်တော် တောင်ခြေလမ်းအတိုင်း ပြန်လှည့်လာခဲ့ရာ ရွှေစောလှကလေးကို သစ်ပင်းရင်းတွင် ပုဆိုးကလေးခြုံကာ ဒူးတုပ်အိပ်လျက်တွေ့လိုက်ရသည်။

"ရွှေစောလှရေ"

ကျွန်တော်လှမ်းခေါ်လိုက်တော့ ရွှေစောလှကလေးမထူး။ ကျွန်တော် စိုးရိမ်စိတ်နဲ့ပဲ သူ့အနားသို့ ခပ်သွက်သွက်လျှောက်သွားလိုက်သည်။ ရွှေစောလှကလေး ငိုနေသည်။ ကျွန်တော် ရင်ထိတ်သွား၏။ ကျွန်တော် နဖူး၊ ပါး၊ နားကို စမ်းကြည့်လိုက်သည်။ ကိုယ်ခြစ်ခြစ်တောက်ပူနေသည်။ ရွှေစောလှကလေးဖျားပြီ။ ကျွန်တော် ဆောက်တည်ရာမရတော့။ ကိုယ်အားမမျှလုပ်အားပြပြီး မရပ်မနားလှေလှော်လာခဲ့သောဒဏ်၊ လမ်းတစ်ဝက်တွင် ဓားလွတ်ကိုင်လူနှစ်ဦး၏ ခြိမ်းခြောက်မှုကြောင့် ရရှိခဲ့သောအကြောက်တရား၊ နေပူပြင်းပြင်းနေ့လယ်ခင်း၏ မာန်တင်းသော ရာသီဒဏ်တို့ကြောင့် အသက်နုနယ်ကလေးငယ်လေး အဖျားရောဂါရခဲ့လေပြီ။ လူသူမနီးသည့် မြစ်ပြင်ကျယ်ကြီးထဲက တောင်ပူစာကျွန်းကလေးမှာ ကျွန်တော်မည်သို့လုပ်ရပါ့။

"မငိုပါနဲ့ကလေးရယ်။ မင်းငိုတော့ ဦး မချိဘူးကွယ်။ ညကျလို့ လှော်ဆင်းလိုက်ရင် ရွာရောက်မယ်။ ရွာရောက်တော့ ဆေးဆရာပင့်ပြီး ဆေးသောက်လိုက်ရင် သားရောဂါ ပျောက်သွားမှာပဲ"

ကျွန်တော် ရွှေစောလှကလေးကို ချော့မော့ပြောဆိုပြီး သူ့ပါးပြင်ပေါ်က မျက်ရည်စကလေးများကို လက်ဖြင့်ပွတ်သုတ် နားထင်နားရင်းတို့ကို အသာအယာလေးနှိပ်ပေးပြီး တတ်နိုင်သလောက်ပြုစုပေးသည်။ ခရီးက ခါတိုင်းဆို နေ့ချင်းရောက်သည့်ခရီးဖြစ်၍ သောက်ရေအပြင် ဘာမျှမပါရှိခဲ့။

မှတ်မှတ်ရရပြောရလျှင် လဆန်း ၁၂ ရက်နေ့ဖြစ်၍ ဒီရေအတက်အကျသဘောကို ဆန်းစစ်ကြည့်လျှင် မနက်ပြည့်၊ ညနေပြည့်ကာလပင်ဖြစ်သည်။ သို့ဖြစ်၍ သက်ကြီးခေါင်းချချိန်ဆို ဒီရေကျပြီ။ ကျွန်တော် ရွှေစောလှကလေးကိုပွေ့ချီပြီး လှေပေါ်သို့ ချလိုက်သည်။ အိပ်ရာနေရာဟူ၍လည်းမပါသဖြင့် လှေစပ်နံ

စာမျက်နှာ ၂၅ သို့ ➤

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၉၂၀၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၉၂၀၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံဧက ၃၅၂၂၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၉၂၀၅ ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ ပဲစင်းငုံ ဧက ၃၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၉၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပဲစင်းငုံစိုက်ပျိုးကြသောတောင်သူများကို ရွက်ဖျန်းမြေဩဇာဝယ်ယူမှု သက်သာလျော့ကျနိုင်စေရန်အတွက် ယူရီးယားနှင့်လက်ချား ပေါင်းစပ်သုံးစွဲသည့်နည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ယူရီးယားနှင့် လက်ချားသုံးစွဲနည်းကြောင့် စိုက်ပျိုးစရိတ်သက်သာပြီး အပင်များ ပိုးမွှားကင်းစင်ကာ အပင်ဖြစ်ထွန်းမှုပိုမိုကောင်းမွန်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။ (၂၀၆)

# လင်းခေးမြို့နယ် နမ့်ဆိုင်းကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**လင်းခေး ဩဂုတ် ၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)အကောင်အထည်ဖော်ဆောင်ရွက်မည့် နမ့်ဆိုင်းကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၃ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့်လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာကဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူနှင့်တာဝန်ရှိသူများက ကျေးရွာသူ၊ ကျေးရွာသားများ၏သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ကိုးဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

နမ့်ဆိုင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပံ့ငွေကျပ်သိန်း ၁၅၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းမြင့်မိုရ်**

## စာနာစိတ်ထား နှလုံးသား

\- ဖြူစင်ပါ နှလုံးသား
အမုန်းတရား ကင်းစင်စေ၊
တတ်စွမ်းသလို ကူညီမှု
ပြုပါမိတ်ဆွေ၊
တစ်ဖက်သား အပြုံးတွေ
ပေးဝေလို့ လက်ကမ်း၊
စာနာကာ စိတ်ကလေးနဲ့
နွေးထွေးကြိုလှမ်း။

\- ရှင်သန်စေ ဘဝလမ်း
ရိုးသားလွှမ်း နေထိုင်ကာ၊
မေတ္တာကို အခြေပြု
တွေးရှုရမှာ၊
တန်ဖိုးရှိ စိတ်ဓာတ်ဟာ
မွန်မြတ်စွာ ရောင်ပြန်ဟပ်၊
လူဖြစ်ချိန် ဤဘဝသည်
လှပနေတတ်။

\- ပြုံးမျက်နှာ ချိုသာနှော
လှူမနှော လှပမည်၊
အကျိုးဆောင် အများတွက်
ဆောင်ရွက်လှမ်းချီ၊
စိတ်ကောင်းလေး ထားရမည်
ကျက်သရေတည် မင်္ဂလာရှိ၊
လူဆိုတာ စာနာတရား
ထားသင့်ပါ၏။ ။

**ဖြိုးထက်(ရေစကြို)**

➤ စာမျက်နှာ ၂၄ မှအဆက်

ကိုမှီပြီး ဖြစ်သလိုပဲထားလိုက်သည်။ ကျွန်တော့်အိတ်ထဲတွင် ပုဆိုးအပိုတစ်ထည်ပါသဖြင့် သူ့ကို ခြုံပေးထားလိုက်သည်။

ညဘက်တွင် ဒီရေအကျနဲ့ပဲ ကျွန်တော် ထုံးကျီမြစ်ဝကျယ်ကိုဖြတ်ပြီး လှော်ဆင်းလိုက်သည်။ ညအချိန်ဖြစ်နေ၍ လေကငြိမ်သလိုဖြစ်နေကာ လှိုင်းမရှိပေ။ မိုးလင်းခါနီးလောက်တွင် ကျွန်တော့်အဖေနှင့် ညီမလေး၊ ညီလေးများရှိရာ ပေသုန်ကျွန်းသို့ ရောက်ခဲ့ပါလေသည်။

ကျွန်တော်သည် ၁၉၆၇ ခုနှစ်တွင် တန်းမြင့်ကျောင်းထွက်လက်မှတ်ရစာမေးပွဲကျရှုံးနိမ့်ခြင်းသည် ကျွန်တော့်အတွက် ကြီးစွာသောရှုံးနိမ့်ခြင်းဟု အသိထဲရှိနေသည်။ သို့ဖြစ်၍ စာမေးပွဲဖြေဆိုအောင်မြင်နိုင်ရေးအတွက် ဘဝခရီးကြမ်းကိုဖြတ်သန်းပြီး ခက်ခဲပင်ပန်းစွာကြိုးစားခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် အခြေခံပညာအထက်တန်းစာမေးပွဲကို(အပြင်ဖြေ)ဖြင့် ဝင်ရောက်ဖြေဆိုခဲ့ရာ(က)အဆင့်ဖြင့် ကျွန်တော်အောင်မြင်ခဲ့သည်။ ၁၉၇၉ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်မှာပဲ ရခိုင်ပြည်နယ် မြေပုံမြို့နယ်၌ ဆွဲခန့်မူလတန်းပြဆရာအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်းခံခဲ့ရသည်။

၁၉၈၁ ခုနှစ်တွင် အခြေခံပညာမူလတန်းဆင့်၌ အင်္ဂလိပ်စာသင်ကြားရေးကို မြန်မာတစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများအားလုံးသင်ကြားကြရသည်။ ဤတွင် အခြေခံပညာမူလတန်းကျောင်း သရက်တောင်ရွာ မြေပုံမြို့နယ်၌ တာဝန်ထမ်းဆောင်နေသောကျွန်တော့်ကို ကျောင်းဆရာဟူ၍ တစ်ဦးတစ်ယောက်မျှပင်မရှိသော အခြေခံပညာမူလတန်းကျောင်း ငန်းတောင်ရွာ မြေပုံမြို့နယ်သို့ ပြောင်းရွှေ့တာဝန်ပေးအပ်လိုက်သည်။ ငန်းတောင်ရွာတွင် အခြေခံပညာမူလတန်းကျောင်းအဆောက်အအုံဟူ၍လည်း မရှိသေးပေ။ ဘုန်းတော်ကြီးကျောင်းမှာပဲ စာသင်စာပြုလုပ်ရသည်။ သူငယ်တန်းမှ စတုတ္ထတန်းထိ ကျောင်းသား၊ ကျောင်းသူ ဦးရေ ၁၀၀ ကျော်ရှိသည်။ ဆရာက တစ်ဦးတည်း။ စာသင်ခန်း ငါးခန်းကို တစ်ခန်းဝင်တစ်ခန်းထွက်နဲ့ နားရသည်ဟူ၍မရှိ။

ကျွန်တော်သည် သရက်တောင်ရွာမှ ငန်းတောင်ရွာသို့ လှေကလေးလှော်ပြီး ကျောင်းတက်ကျောင်းဆင်းပြုလုပ်သည်။ ရေစုန်ရေသင့်ဆိုလျှင် တစ်နာရီလှော်ရသည်။ ရေဆန်ဆိုလျှင် နှစ်နာရီလှော်ရသည်။ ကျောင်းဆရာ အလွှန့်အလွှန်ဖြစ်ချင်နေသောကျွန်တော် မောသည်ပန်းသည်ဟု သဘောမထား။ လှေကလေးကိုလှော်၍ ကျောင်းတက်သည်။ ကျေးလက်ရင်ခွင်ကြားက တောင်သူလယ်သမားသားသမီးများကို စာပေများ တတ်စေချင်၍ စာသင်ပြသည်။ ကျောင်းတက်နေ့တိုင်း နံနက်အိပ်ရာထပြီး လှေလှော်ဆင်းကာ ငန်းတောင်ရွာသို့ ကျောင်းချိန်အမီ အရောက်သွားခဲ့သည်။ နံနက်စာကို ရွာဆရာတော် ဘဒ္ဒန္တဇနိန္ဒ၏ ဆွမ်းတော်ကျကို ကျွန်တော်စားသည်။ ညနေ ၄ နာရီကျောင်းလွှတ်ပြီးလျှင် ကျွန်တော် လှေလှော်ပြီး သရက်တောင်ရွာသို့ ကျောင်းပြန်ခဲ့သည်။

အေးမြသောရိပ်ဆာယာများဖြင့် သဘာဝကျကျရှိနေသော ဘုန်းတော်ကြီးကျောင်းတွင် စာသင်စာပြုလုပ်နေတုန်း အိမ်သာဆင်းရန် တိုင်ကြားသော ကျောင်းသားကလေးပြန်အလာတွင် အမှာစကားတစ်ခုပါလာခဲ့သည်။

"ဆရာရေ ကျောင်းအောက်မှာ ဆရာနဲ့တွေ့ချင်လို့တဲ့ ရွာသားနှစ်ယောက် ရောက်နေကြတယ်"

"သွားခေါ် လိုက်ပါ"

ကျောင်းသားကလေးသည် ခပ်သွက်သွက်ဆင်းသွားပြီး သိပ်မကြာ ရွာသားနှစ်ယောက်နှင့်အတူ ရောက်လာကြသည်။

ကျွန်တော် ထိုလူနှစ်ဦးကိုမြင်လိုက်ရချိန်တွင် ဝေဒနာတစ်ခုကို ခံစားရသလိုပဲ တဒင်္ဂတွေဝေသွားသည်။ အိပ်မက်လိုလိုဖြစ်နေခဲ့သည်။ ဝေခွဲမရ။ သူတို့နှစ်ယောက်ကို ကျွန်တော်ကြည့်လိုက်တော့ ခပ်ရှုံ့ရှုံ့သဘောမျိုး မြင်တွေ့လိုက်ရသည်။ သူတို့ကျွန်တော့်ကိုကြည့်ပြီး ရယ်သလိုပြုကြသည်။ ကျွန်တော်ကလဲ ပြုံးရယ်ပြခြင်းသင်္ကေတနှင့် အသိအမှတ်ပြုပေးလိုက်သည်။

"ကျွန်တော်တို့ ဆရာ့ကို ရှင်းပြမလို့ လာခဲ့ကြတာပါ"

"ဟုတ်ကဲ့ ပြောပါ"

"ဒီလိုပါ ဆရာ၊ ဟိုးလွန်ခဲ့တဲ့ ရှစ်နှစ်လောက်ကပေါ့ဗျာ။ ဆရာနဲ့ ကောင်လေးတစ်ယောက် ဖောင်ပြေမြစ်ကြောင်းအတိုင်း လှေလှော်ဆင်းလာကြတုန်း ဇီးချောင်းကျွန်းကနေ လှမ်းခေါ် လိုက်တာ ကျွန်တော်တို့ ပါပဲဆရာ"

ကျွန်တော့်မှာ ယခုမှပဲ ဓားလွတ်ကိုင်ပြီး ပြေးလိုက်လာကြသည့် လူနှစ်ဦးကို မြင်ယောင်လာသည်။

"ဟုတ်ပါတယ်ဆရာ။ အခု တတိယတန်းမှာရှိတဲ့ ရွှေမောင်ဆိုတာ ကျွန်တော့်သားလေးပဲ"

"ဟင်"

ကျွန်တော် အံ့ဩသလိုဖြစ်သွားခဲ့သည်။

"ကျွန်တော့် နာမည် ကိုလှသာပါ"

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်ဆရာ။ ကျွန်တော့်နာမည် သိန်းမောင်ပါ။ ဆရာတို့ လှေလှော်လာကြတုန်းက အဲဒီဇီးချောင်းကျွန်းအနီးက ဖောင်ပြေမြစ်ပြင်မှာ ကျွန်တော်တို့ ကျွမ်းပြန်ပိုက်ခံလို့ ရှိခဲ့ကြပါတယ်ဆရာ"

သည်တော့မှ ကျွန်တော့်မှာ သူတို့နှစ်ဦး ကျွန်တော်တို့လှေကိုပြေးလိုက်လာကြတုန်း ရှေ့လူက နောက်လူကို "သိန်းမောင်ရေလာခဲ့"ဟုခေါ်တာ သွားသတိရလိုက်သည်။

"အခု ဒီကျောင်းမှာ ဒုတိယတန်းက မဖြူဖြူဆိုတာ ကျွန်တော့်သမီးလေးပဲ"

"ဟောဗျာ"

"အဲဒီတုန်းက ဆရာတို့ကို ရေမမီနိုင်တော့ဘူး။ ရှေ့ဆက်သွားရင် အန္တရာယ်ရှိနိုင်တယ်။ နားနားနေနေ အဲဒီမှာရပ်ပြီး ည ဒီရေကျမှဆက်သွားကြဖို့ ပြောမလို့ပဲဆရာ။ ဆရာတို့က ကလေးတွေဆိုတော့ ဘယ်လိုသဘောပေါက်သွားကြတယ်မသိဘူး အတင်းလှော်ပြေးသွားကြတာပဲ"

"အစ်ကိုတို့ကလဲ အဲဒီတုန်းက ခေတ်ကြီးကလဲ မကောင်းဘူးလေဗျာ"

"အစ်ကိုတို့ကိုပြောပြမယ်။ အဲဒီနေ့က ပင်လယ်ဒီရေ ပြန်တက်လာတော့ ကျွန်တော်တို့ ဘယ်မှမရောက်ကြတော့ဘူး။ ဝါးကောက်ချိုင်ကျွန်းမှာ နားပြီး ညသန်းခေါင်ကျော် ပင်လယ်ဒီရေပြန်ကျမှ လှော်ဆင်းရတာဗျာ။ ကျွန်တော်ခေါ် လာခဲ့တဲ့ ကောင်လေးမှာလဲ ကြောက်ဖျားလန့်ဖျားဖျားသွားသလားမသိဘူး။ ရွာရောက်တော့ တော်တော်ဆေးကုယူရသေးတာ။ အခုထိ ကျွန်တော်တွေးမကုန်ဘူးဗျာ။ အဲဗျာ ခင်ဗျားတို့ အခုလိုလာပြောကြတာ ကျွန်တော်ကျေနပ်ပါတယ်ဗျာ။ ကိုယ့်နယ်သားတွေ၊ ကိုယ့်ဆွေမျိုးတွေပဲ ကျွန်တော့်ကိုလဲ ခေါ်ပါ၊ ပြောပါ၊ နှုတ်ဆက်ပါ။ ကျွန်တော်ကတော့ဗျာ ဘယ်နေရာပဲရောက်ရောက် ကျောင်းဆရာဖြစ်ရတဲ့ဘဝကို တအားကျေနပ်တယ်ဗျာ။ ဒီကျောင်းဆရာဖြစ်ဖို့အတွက် ကျောင်းကထွက်ပြီးမှာ နှစ်ပေါင်း ၁၂ နှစ်တိုင်တိုင်ကြိုးစားခဲ့ရတာဗျာ။ ကျွန်တော့်ဘဝမှာ ကျောင်းဆရာဖြစ်ရတာကို ဘယ်အရာနဲ့မှမလဲနိုင်ဘူးဗျ"

ကျွန်တော် လက်ဝါးပြင်ကလေးကိုဖြန့်ပြီး သူတို့ဆီ လှမ်းပေးလိုက်ရာ သူတို့နှစ်ဦး တစ်ယောက်တစ်လှည့်စီ ကျွန်တော့်လက်ကို လက်နှစ်ဖက်ဖြင့် ပူးကိုင်ပြီး ခါရမ်းနှုတ်ဆက်လိုက်ကြသည်။

# တစ်နည်းထက်ပိုသော ဝင်ငွေရရှိရေး

ထက်အောင်လှူ(နံ့သာမြေ)

လူ့လောက၌ အဆင်မပြေသောလူတန်းစားနှင့် အဆင်ပြေသောလူတန်းစားဟူ၍ လူတန်းစားနှစ်ရပ်ရှိသည်။ အဆင်ပြေသောလူတန်းစားတို့သည် စားနိုင်သောက်နိုင်၊ လှူနိုင်တန်းနိုင်ကြပြီး လူနေမှုအဆင့်အတန်းမြင့်မား၍ လောကစည်းစိမ်ရရှိကြသည်။ ရှေးအတိတ်ကံ ပစ္စုပ္ပန်အကြောင်းအမျိုးမျိုးရှိသည့်အနက်မှ လောကီလုံ့လနှင့် အခြေခံဗဟုသုတတို့မနည်းကြကြောင်းတွေ့ရှိကြရပါပေ၏။ ဝင်ငွေရှိသူတိုင်းမအောင်မြင်သည့်တိုင်၊ အောင်မြင်ကြသူတိုင်းသည် တစ်နည်းထက်ပိုသော ဝင်ငွေရှိကြပါပေ၏။ ဘဝတက်လမ်းအတွက် အောင်မြင်မှုသရဖူဆောင်းနိုင်ရန်အတွက် စာဖတ်ခြင်းသည် အခြေခံအုတ်မြစ်ဖြစ်သကဲ့သို့ တစ်နည်းထက်ပိုသော ဝင်ငွေရှိရေးသည်လည်း အဓိကမဏ္ဍိုင်ဖြစ်ပေသည်။

ဘဝဟူသည် ဖြစ်သလိုမနေသင့်ပေ။ အကယ်၍ ဖြစ်သလိုနေခဲ့ပါမူ မိမိဘဝကိုဖြိုသလို ဖြစ်ပေလိမ့်မည်။ လူလောကသဘာဝတရားအရ လောကီအကျိုးစီးပွားအဆင်ပြေစေရန် စီးပွားရှာရာတွင် လမ်းဟောင်းအတိုင်းသာသွားပါလျှင် အရင်ကတွေ့ဖူးကြုံဖူးသော အတွေ့အမြင်တို့သာ တွေ့မြင်ခံစားကြရပေမည်။ ထို့ကြောင့် လမ်းဟောင်းအတိုင်းမသွားဘဲ လမ်းသစ်ဖောက်ကာသွားလာပါမူ လမ်းသစ်၏အတွေ့အကြုံအသစ်၊ ကြည်နူးခံစားမှုအသစ်တို့ တွေ့ကြုံရသည်မှာ ဓမ္မတာပင်။ ထို့ကြောင့် မိမိတို့စားဝတ်နေရေးအခက်အခဲအကျပ်အတည်းမှ ကျော်ဖြတ်ရန်မှ လမ်းသစ်ဖောက်ခြင်းအဖြစ် တစ်နည်းထက်ပိုသော ဝင်ငွေရရှိရေးကို လုပ်ဆောင်ကြရပါမည်။ တစ်နည်းထက်ပိုသော ဝင်ငွေရရှိနိုင်ရေးအတွက် အခြေခံအားဖြင့် အောက်ပါအချက်ငါးချက်တွေ့ရှိရပါသည်။

၁။ အပြုစိတ်နှင့် အားမလျော့ခြင်း

၂။ ကုန်ဈေးနှုန်းနှင့်ဝင်ငွေ ဆန်းစစ်ခြင်း

၃။ အချိန်ကိုအကျိုးရှိရှိအသုံးချခြင်း

၄။ စိတ်ရှည်သည်းခံခြင်း

၅။ တစ်နည်းထက်ပိုသော ဝင်ငွေရှာဖွေခြင်းတို့ ဖြစ်ပေသည်။

**အပြုစိတ်နှင့် အားမလျော့ခြင်း**

ပထမဦးစွာ မိမိသန္တာန်၌အရာရာကို အပျက်သဘောဖြင့် စိတ်ဓာတ်ကျနေမှုကို ရှောင်ကြဉ်ကြရပေမည်။ မိမိ၏စိတ်တန်ခိုးစွမ်းအားရှိမှုကို မမေ့လျော့ကာ သတိပြုရှင်သန်ပြီး အပြုသဘောဆောင်ကာ ရှင်သန်ကြရပေမည်။ လောကဓံရှစ်ပါးတွင် အဆိုးလေးပါး၊ အကောင်းလေးပါးဒွန်တွဲလျက်ရှိ၍ သန်းခေါင်အားကြီးညဥ့်နက်ခြင်းသည်ပင်လျှင် လင်းပသောအရုဏ်ဦးနှင့်နီးကပ်နေတတ်ပေသည်။ အကယ်၍ မိမိသည် သန့်ရှင်းရေးဝန်ထမ်းပင်ဖြစ်လင့်ကစား အကောင်းဆုံးကြိုးစားရပေမည်ဖြစ်၏။ အရာရာသည် မိမိ၏ရှုမြင်မှုအပေါ်၌သာ မူတည်တတ်ပေသည်။ မိမိရှုမြင်သည့်အတိုင်း ဖြစ်ရပါပေသည်။ မိမိသည် တော်သူဖြစ်ရန် လုံ့လအားနှင့် ကြိုးစားပါက တော်သောသူဖြစ်မည်။ မိမိကိုယ်ကို ညံ့သူဟု သတ်မှတ်ထားလျှင် ညံ့မည်မှာမလွဲပါပေ။ အောင်စိတ်နှင့်ကြိုးစားလျှင် အောင်မြင်မှုရရှိကြသကဲ့သို့ သိမ်ငယ်စိတ်၊ အားလျော့စိတ်ကြောင့် ကျဆုံးသူများ ဒုနှင့်ဒေးရှိပါပေ၏။ ဆရာကြီးပီမိုးနင်း၏ ဥပမာ၌ ဖဲကစားသောရှေ့နေသည် ပတ်ဝန်းကျင်နှင့် မိမိပါ အမြဲရှုံးသောရှုထောင့်ကြောင့် အမြဲရှုံးသကဲ့သို့ နိုင်မည်ဟု ခံယူမှုရှုထောင့်ကြောင့် နိုင်ခဲ့သည်ဟု ဆိုသည်။ ထို့ကြောင့် အပြုစိတ်ဆောင်ရေးသည် လူ့စိတ္တ၌မရှိမဖြစ် အရေးကြီးလှပါပေသည်။

**အချိန်ကိုအကျိုးရှိရှိအသုံးချခြင်း**

ကျွန်တော်တို့သည် အခြေခံသဘာဝတရားအရ အများနည်းတူ ၂၄ နာရီအညီအမျှ ရရှိထားကြပါပေသည်။ ဆရာကြီးဦးအောင်သင်းကမူ "မင်းကိုမင်းလုပ်အား ဘယ်လောက်သွင်းသလဲ သွင်းသလောက်တန်ဖိုးရှိမယ်"ဟု ခဏခဏဆုံးမပါပေသည်။ ဘဝဟူသည်ပင် အချိန်များနှင့် ဖွဲ့စည်းထားပါ၍ အချိန်ကို အလေးနက်ထား စီမံခန့်ခွဲသင့်ပါပေသည်။ မိမိ၏

> ❖ ဘဝဟူသည် ဖြစ်သလိုမနေသင့်ပေ။ အကယ်၍ ဖြစ်သလိုနေခဲ့ပါမူ မိမိဘဝကိုဖြိုသလို ဖြစ်ပေလိမ့်မည်။ လူလောကသဘာဝတရားအရ လောကီအကျိုးစီးပွားအဆင်ပြေစေရန် စီးပွားရှာရာတွင် လမ်းဟောင်းအတိုင်းသာသွားပါလျှင် အရင်ကတွေ့ဖူးကြုံဖူးသော အတွေ့အမြင်တို့သာ တွေ့မြင်ခံစားကြရပေမည်။ ထို့ကြောင့် လမ်းဟောင်းအတိုင်းမသွားဘဲ လမ်းသစ်ဖောက်ကာသွားလာပါမူ လမ်းသစ်၏အတွေ့အကြုံအသစ်၊ ကြည်နူးခံစားမှုအသစ်တို့တွေ့ကြုံရသည်မှာ ဓမ္မတာပင်။ ထို့ကြောင့် မိမိတို့ စားဝတ်နေရေးအခက်အခဲအကျပ်အတည်းမှ ကျော်ဖြတ်ရန်မှ လမ်းသစ်ဖောက်ခြင်းအဖြစ် တစ်နည်းထက်ပိုသော ဝင်ငွေရရှိရေးကို လုပ်ဆောင်ကြရပါမည်။ ❖

အချိန်၊ မိမိ၏ဘဝကို အကြံတုံးဉာဏ်တုံး မထားပါဘဲ လုံ့လကို အရင်းပြု၍ အခက်အခဲများကြားမှ ရုန်းထွက်ကာ ကြီးမြင့်သောဘဝသို့ရောက်ရှိနိုင်ရန် အချိန်ကို အဖြုန်းမရှိ အကျိုးရှိအောင် စွမ်းဆောင်ကြရပေမည်။

**စိတ်ရှည်သည်းခံခြင်း**

"ပြဿနာတိုင်းတွင်အဖြေရှိသည်"ဟုအဆိုရှိသည်။ ထို့ကြောင့် ထိုမှန်ကန်သောအဖြေကိုရှာကြရပေမည်။ စိတ်ရှည်သည်းခံခြင်းမရှိပါဘဲ ဖြတ်လမ်းနည်းဖြင့် လတ်တလောအဆင်ပြေမှုကိုဦးစားပေးကာ လောဘ၊ ဒေါသတို့၏စေခိုင်းသမျှ မလုပ်မိရန်မှာလည်း လွန်စွာအရေးကြီးသည်။ လောကဓံသဘောအရ လူမှုနယ်ပယ်၌ အဆင်မပြေမှုတချို့ရှိပါသော်လည်း ပြဿနာကို တစ်ဆင့်ချင်းဖြတ်ကျော်ကြရပေမည်။

**တစ်နည်းထက်ပိုသော ဝင်ငွေရှာဖွေခြင်း**

လူအများစုသည် တစ်နည်းထက်ပိုသော ဝင်ငွေရရှိရေးအာရုံပြုလျက် မိမိတို့မကျွမ်းကျင်သော၊ အလုပ်စိမ်းသောနယ်ပယ်သို့ဝင်ရန် အွန်လိုင်း၌ မေးခွန်းတချို့တွေ့ရသည်။ ငွေ ၁၀ သိန်းနှင့် အအေးဆိုင်လေး ဖွင့်လို့ရပါသလား၊ ငွေ ၁၅ သိန်းနှင့် ထမင်းဆိုင်လေး ဖွင့်လို့ရပါသလား၊ ငွေသိန်း ၂၀ နှင့် လျှပ်စစ်ဆိုင်လေး ဖွင့်လို့ရပါသလား အစရှိသဖြင့်တွေ့ကြရပေသည်။ အမှန်မှာမူ သတိမမူဂရုမပြုမိသော်လည်း သတိမူကမြူပင်မြင်နိုင်စွမ်းရှိပါပေသည်။ မိမိတို့သည် တစ်နည်းထက်ပိုသော ဝင်ငွေရရှိရေးအတွက် မည်သို့ရှာဖွေမည်နည်းဟု ကိုယ့်ကိုယ်ကိုယ်မေးကြရပေမည်။ မျက်စိကိုဖွင့်နားကိုစွင့်လျက် ကြည့်တတ်၊ မြင်တတ်ကြရပေမည်။ အလုပ်အကိုင်အခွင့်အလမ်းတို့သည် လမ်းစရှာနေသူတို့အတွက် အမြဲပေါ်တတ်ပေသည်။ မိမိတို့ကျွမ်းကျင်သောနယ်ပယ်၌ ဖြစ်တန်စွမ်းရှိသော အလုပ်အမျိုးအစားကို သတိချပ်လျက် ပြုလုပ်ရန်ကြိုးစားကြရပေမည်။ ရန်ကုန်သမိုင်းမြို့ဟောင်းထဲ၌ တစ်နည်းထက်ပိုသော ဝင်ငွေရှာနေပုံများကို များစွာတွေ့ရပေသည်။

လျှပ်စစ်သင်တန်းဖွင့်ထားသော ဆရာတစ်ယောက်သည် ခေတ်စနစ်အကြောင်းတရားအရ ဝင်ငွေနည်းကာ တစ်နည်းထက်ပိုသောဝင်ငွေရရန် အဖြေရှာရာ၌ ဆရာ၏အမျိုးသမီးဖြစ်သူက ထမင်းဆိုင်လေး တွဲဖွင့်ခြင်းကို တွေ့ရှိသွားပါပေသည်။ သင်တန်းလာသော ကျောင်းသားများကိုရောင်းခြင်း၊ လမ်းသွားလမ်းလာများကို ရောင်းခြင်းဖြင့် တစ်စတစ်စဝင်ငွေလမ်းကြောင်းတစ်ခု တိုးလာပါပေသည်။ ထို့ကြောင့် ခက်ခဲရာမှ အဆင်ပြေ၊ အဆင်ပြေရာမှ ကြီးပွားမှုအဆင့်ထိရောက်ရှိသည်ကို တွေ့ရသည်။

နောက်တစ်ဆိုင်အနေဖြင့် အလှပြင်ဆိုင်မှဆရာမတစ်ယောက်သည် ပတ်ဝန်းကျင်ကို မျက်စိဖွင့်၊ နားစွင့်လျက် တစ်နည်းထက်ပိုရန် လမ်းကြောင်းရှာပါပေသည်။ အလုပ်အကိုင်အခွင့်အလမ်းတို့သည် လမ်းစရှာနေသူတို့အတွက် အမြဲပေါ်တတ်ပါပေ၏။ ထိုဆရာမသည် ဆိုင်ရှေ့၌ပင် အိုးမကွာအိမ်မကွာ အအေးဆိုင်လေးတွဲဖွင့်ခြင်းဖြင့် ဝင်ငွေလမ်းကြောင်းတစ်ခု တိုးပါပေသည်။ လက်ရှိလမ်းကြောင်းကိုမဖျက်ရပါဘဲ အဆင်ပြေသည်။

ရပ်ကွက်ထဲမှ ဆေးဆိုင်တစ်ဆိုင်သည်ပင် ဆေးများရောင်းကောင်းပါသော်လည်း တစ်နည်းထက်ပိုသော ဝင်ငွေရရှိရေးကိုဦးတည်လျက် ထိုဆိုင်၌ပင် ဆေးဆိုင်နှင့်တွဲ၍ လျှပ်စစ်ပစ္စည်းဆိုင်တွဲဖွင့်ပေသည်။ အရောင်းအဝယ်အဆင်ပြေလျက် ကြီးမြင့်မှုအဆင့်သို့ရောက်ရှိကြပါပေသည်။ ထို့အတူ လျှပ်စစ်ဝန်ထမ်းလူငယ်တစ်ဦးသည်လည်း အားလပ်ချိန်၊ အားလပ်ရက်တို့၌ ဝန်ထမ်းအလုပ်အပြင် ပန်ကာ၊ လျှပ်စစ်ထမင်းပေါင်းအိုး၊ လျှပ်စစ်ရေနွေးအိုးတို့ပြုပြင်ရေးလုပ်ငန်းပါတွဲလုပ်သောကြောင့် အပိုဝင်ငွေရရှိကာ အဆင်ပြေမှုအဆင့်ရောက်ရှိပါပေသည်။

ဝင်ငွေလမ်းကြောင်းရရှိနိုင်ရေးအတွက် သိခြင်းနှင့်မသိခြင်းသည် အလွှာပါးပါးလေးသာ ခြားတတ်ပါ၍ မိမိအတွက်သင့်တော်သော အလုပ်တစ်ခုကိုလုပ်နိုင်ရန် မျက်စိဖွင့်၊ နားစွင့်လျက် ကြိုးစားအဖြေရှာကြရမည်။ မိမိတို့ရှင်သန်ခိုက် အချိန်လေး၌ အစွမ်းအစမဲ့သူ၊ အကြံတုံးဉာဏ်တုံးသူမဖြစ်ရေးအတွက် လမ်းကြောင်းရှာဖွေကြရမည်။ အကြံတုံးဉာဏ်တုံးပါမူ ဝင်ငွေလမ်းကြောင်းမရှိပါ၍ အခက်အခဲဒုက္ခအပြင် မိတ်ဆွေတို့ကို မပေးနိုင်မကမ်းနိုင်၊ မပံ့ပိုးနိုင်လျှင်စိတ်မကောင်းဖြစ်ရသည်။ ဝင်ငွေမရှိလျှင် မိတ်ဆွေနည်းပါးကာ လူနေမှုအဆင့်အတန်းလည်းမမြင့်နိုင်ပါပေ။ ထို့ကြောင့် လူဖြစ်ရကျိုးမနပ်ဟု ကိုယ့်ကိုယ်ကိုယ်အားမရကာ စိတ်ဓာတ်ကျအားငယ်ရသူ ဖြစ်တတ်သည်။

မိမိတို့၌ ဝင်ငွေရှိပါလျှင် ဝင်ငွေမရှိသူနှင့်ပြောင်းပြန်ဖြစ်၍ ကလျာဏမိတ္တတို့ကို လှူဒါန်းပေးကမ်းနိုင်ပေသည်။ ပေးကမ်းမှုသည် လာဘ်တစ်ပါးဖြစ်၍ ပတ်ဝန်းကျင်၌ နေပျော်စရာဖြစ်ကာ လူရာဝင်ပါပေသည်။ ထို့အတူ လူနေမှုအဆင့်အတန်းမြင့်၍ လူဖြစ်ရကျိုးနပ်ပါပေသည်။ မြတ်ဗုဒ္ဓဟောကြားတော်မူသော ဥဋ္ဌာနသမ္ပဒါ၊ အာရက္ခသမ္ပဒါ၊ သမဇီဝိတသမ္ပဒါ၊ ကလျာဏမိတ္တသမ္ပဒါဟူသော သမ္ပဒါလေးရပ်နှင့်လည်း ညီညွတ်ကြမှသာ ဘဝတွင်အောင်မြင်မှုသုခကို ခံစားရပေမည်။ တစ်နည်းအားဖြင့် "ရအောင်ရှာ၊ လုံအောင်ထိန်း၊ မျှအောင်သုံး၊ မိတ်ဆွေကောင်းနှင့်ပေါင်း" ဟူသော သမ္ပဒါလေးရပ်စာစုနှင့်အညီ ကျွန်တော်တို့ ကြိုးစားရန်လိုအပ်ပါပေသည်။ မိမိတို့ဘဝလမ်းအတွက် ထကြွလုံ့လဝီရိယနှင့် အားထုတ်ရပါပေမည်။ သို့မှသာ စီးပွားလူမှုအစုစုနှင့် လောကုတ်၊ လောကီအတွက် ကောင်းသောအကျိုးရလဒ်များ ဖြစ်ထွန်းပါပေမည်။

အချုပ်ဆိုရပါလျှင် ဝင်ငွေရရှိရန်အတွက် အလုပ်ကို တကယ်လုပ်ရန် ဆရာကြီးမင်းသုဝဏ်ကလည်း "ညည်း၍မပြီး၊ ညူမပြီးဘူး၊ အပြီးတကာ၊ လုပ်နိုင်ပါမှ၊ တော်ရာရောက်လိမ့်နောင်အဖို့"ဟု မြန်မာတို့အတွက် ကဗျာ၌ မီးမောင်းထိုးပြထားပါပေသည်။ ဘဝ၏ အခက်အခဲအကျပ်အတည်းများ ကျော်လွှားနိုင်ရေးအတွက် ညည်းညူမနေဘဲ အလုပ်ကိုပြီးမြောက်အောင်လုပ်မှသာ အတွေးသစ်၊ အမြင်သစ်တို့ရရှိပြီး အတွေ့အကြုံ၊ အတွေးအကြံတို့ ရရှိမည်ဖြစ်သည်။ မိမိတို့ဘဝ၌ ပြည့်စုံကြွယ်ဝရန်၊ ကိုယ့်အခွင့်အရေးကိုယ်မြင်ကာ ဘဝကို ချမ်းသာသုခဂုဏ်ရည်အလှတို့ ဖမ်းဆုပ်ဖန်တီး တည်ဆောက်နိုင်ကြစေရန် တစ်နည်းထက်ပိုသော ဝင်ငွေရရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **ဟောပြောပွဲများ (အောင်သင်း)**
- **ဓမ္မပဒ**
- **မြန်မာကဗျာ (မင်းသုဝဏ်)**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# ကျိုက်လတ်မြို့နယ်တွင် ဒေသထွက်သခွားသီးများ အရောင်းအဝယ်ကောင်းမွန်နေ



**ကျိုက်လတ် ဩဂုတ် ၄**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် ဒေသထွက်သခွားသီးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျိုက်လတ်မြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယုက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်တွင် ဒေသထွက်သခွားသီးများ ကုန်စိမ်းဈေးကွက်တွင် ဇူလိုင်လ နောက်ဆုံးပတ်မှစ၍ ယနေ့ထိ အရောင်းအဝယ်ပြုလုပ်လျက်ရှိပြီး လက်ရှိ တစ်ရက်လျှင် သခွားသီးအလုံးရေ ၁၆၀၀၀ မှ ၂၅၀၀၀ ထိ ဝယ်ယူမှုအားကောင်းမွန်လာပြီး အရောင်းအဝယ်ကောင်းလာကြောင်း၊ အဆိုပါ သခွားသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဒီဘက်ကနေထွက်တဲ့ သခွားသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူမှုများနေတာပါ။ လက်ရှိမှာ တစ်ရက်ကို သခွားသီးအလုံးရေ ၂၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ သခွားသီးက ကျိုက်လတ်မြို့နယ်က ဒေသထွက်ကုန်တစ်ခုပါ။ အခု အရောင်းအဝယ်ကောင်းနေတဲ့ သခွားသီးတွေက အရည်သွေးကလဲကောင်းပါတယ်။ အခြားဒေသတွေကနေ ကျိုက်လတ်မြို့နယ်က သခွားသီးတွေကို ဝယ်ယူမှုများပြားနေပါတယ်။ အခုလို ဒေသထွက် သခွားသီးတွေ ဝယ်ယူမှုများပြားလာတော့ ဟင်းသီးဟင်းရွက်စိုက်ပျိုးတဲ့ တောင်သူတွေ အလုပ်အကိုင်ပိုမိုအဆင်ပြေလာပါတယ်" ဟု ကျိုက်လတ်မြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယုက ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် လက်ရှိ သခွားသီးများအပါအဝင် ဒေသထွက် ရာသီကုန် ဟင်းသီးဟင်းရွက်များပေါ်နေသည့်အချိန်ဖြစ်ကြောင်း၊ အဆိုပါ သခွားသီးများ ဝယ်ယူမှုများပြားလာပြီး အရောင်းသွက်လာသည့်အတွက် ထပ်မံတိုးချဲ့စိုက်ပျိုးရန်ပြင်ဆင်နေကြောင်း၊ ဒေသထွက်ကုန်များသာရောင်းချရသည့်အတွက် သယ်ယူစရိတ် ကုန်ကျမှုသက်သာခြင်း၊ လတ်ဆတ်သည့်သီးနှံများကိုသာ အရောင်းအဝယ်ပြုလုပ်ရခြင်းကြောင့် များစွာအကျိုးကျေးဇူးရရှိနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မြောင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၄၄၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**စစ်ကိုင်း ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၄၄၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၅၂၉ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစ၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၄၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မြောင်မြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ နေကြာ ၅၂၉ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၄၄၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက မြေပဲ၊ နှမ်းတွေထက်များပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြောင်မြို့နယ်တွင် နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် မြောင်မြို့နယ်တွင် နေကြာသီးနှံစိုက်ပျိုးမည့်တောင်သူများကို မျိုးစေ့များထောက်ပံ့ပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများ ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေးစီမံထားခြင်း၊ ထွက်ရှိလာသောနေကြာမျိုးများကို တောင်သူမှတောင်သူ ဖလှယ်သည့်နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# မြောက်ကိုရီးယားရေကြီးရေလျှံမှုအတွက် အကူအညီများပေးအပ်ရန် ရုရှားနိုင်ငံက ကမ်းလှမ်းခဲ့



**ပြုံယမ်း ဩဂုတ် ၄**

မြောက်ကိုရီးယားနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားလျက်ရှိရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်ရန် ရုရှားသမ္မတ ဗလာဒီမာပူတင်က ကမ်းလှမ်းခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

မြောက်ကိုရီးယားနိုင်ငံနှင့် ရုရှားနှစ်နိုင်ငံဆက်ဆံရေး ပိုမိုနီးကပ်လာခဲ့ပြီးနောက် ရေကြီးရေလျှံမှုများဖြစ်ပွားလျက်ရှိသော မြောက်ကိုရီးယားနိုင်ငံအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများပေးအပ်နိုင်ရေးအတွက် ရုရှားသမ္မတ ဗလာဒီမာပူတင်က ဩဂုတ် ၃ ရက်က မြောက်ကိုရီးယားခေါင်းဆောင်ထံ ပေးအပ်ခဲ့သော သဝဏ်လွှာတွင် တရားဝင်ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

ရုရှားသမ္မတ၏ မက်ဆေ့ချ်သည် စာနာစိတ်အရင်းခံဖြင့် ရေဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများမှ ပြန်လည်ထူထောင်ရေးအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ချက်ချင်းပေးအပ်ရန် ဆန္ဒရှိနေကြောင်းကို ပြသခဲ့ကြောင်း မြောက်ကိုရီးယားအာဏာပိုင်များက သတင်းထုတ်ပြန်ခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ရုရှားနိုင်ငံ၏ ကမ်းလှမ်းမှုကို ကျေးဇူးတင်ရှိကြောင်း၊ ၎င်းတို့၏အစိုးရသည် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်သောကြောင့် အကူအညီလိုအပ်ပါက တောင်းခံသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မကြာသေးမီရက်များအတွင်း မြောက်ကိုရီးယားနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နိုင်ငံမြောက်ပိုင်း ဒေသများ၌ အိမ်ခြေ ၄၀၀၀ ကျော် ရေနစ်မြုပ်ခဲ့ပြီး လူဦးရေ ၅၀၀၀ ခန့် ရေကြီးရေလျှံမှုအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရကြောင်း၊ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်အနေဖြင့် ရေကြီးရေလျှံမှုဖြစ်ပွားရာ ဒေသများသို့ ကိုယ်တိုင်သွားရောက်ခဲ့ပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : AZH**

# ဖိလစ်ပိုင်နိုင်ငံ မင်ဒါနာအိုစီရင်စုတွင် ပြင်းအား ၆ ဒသမ ၈ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်

**မနီလာ ဩဂုတ် ၄**

ဖိလစ်ပိုင်နိုင်ငံ မင်ဒါနာအိုစီရင်စုတွင် ဩဂုတ် ၃ ရက်က ပြင်းအား ၆ ဒသမ ၈ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့ခြင်းကြောင့် လူနေအိမ်တချို့နှင့် အခြေခံ အဆောက်အအုံတချို့ အသေးစားပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း ဖိလစ်ပိုင်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့ သတင်းများအရ သိရသည်။

ငလျင်သည် မင်ဒါနာအိုစီရင်စုရှိ ဘာစီလိုနာကျေးလက်ဒေသအနီးတွင် လှုပ်ခတ်သွားခဲ့ခြင်းဖြစ်ပြီး ငလျင်လှိုင်းကြောင့် ပျက်စီးမှုများရှိခဲ့သော်လည်း ကြီးကြီးမားမား ပျက်စီးမှုမရှိခဲ့ကြောင်း၊ ငလျင်လှုပ်ခတ်ချိန်မှာ ၁၀ စက္ကန့်နှင့် ၁၅ စက္ကန့်ကြားထိ ကြာမြင့်ခဲ့ပြီး ဒေသခံပြည်သူများ အမိုးအကာလွတ်သော နေရာသို့ အရေးပေါ် ရှောင်တိမ်းခဲ့ရကြောင်း၊ ငလျင်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူ မရှိခဲ့ကြောင်းလည်း ဖိလစ်ပိုင်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

"မြေငလျင်လှုပ်ခတ်မှုကြောင့် အခြေခံအဆောက်အအုံနဲ့ လူနေအိမ်တချို့ အသေးစားပျက်စီးမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ကြီးကြီးမားမား ပျက်စီးတာမျိုးတော့ မဟုတ်ပါဘူး။ ထိခိုက်ဒဏ်ရာရရှိသူလဲ မရှိခဲ့ပါဘူး။ နေအိမ်အတွင်းက ပစ္စည်းတွေအနည်းငယ်ပျက်စီးမှုတွေသာ ရှိခဲ့တယ်လို့ နယ်မြေခံအာဏာပိုင်အဖွဲ့အစည်းက သတင်းပေးပို့လာပါတယ်။ ဆူနာမီလှိုင်းလဲ ဖြစ်ပေါ်လာဖွယ်မရှိပါဘူး။ မြေငလျင်စောင့်ကြည့် တိုင်းတာရေးကိရိယာတွေတပ်ဆင်ထားတဲ့နေရာမဟုတ်တဲ့အတွက် ပြည်သူတွေကို အချိန်မီ



သတိပေးချက် ထုတ်ပြန်ပေးနိုင်ခဲ့တာမရှိပါဘူး"ဟု မင်ဒါနာအိုစီရင်စု သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ အွန်ဆင်းက ပြောကြားသွားခဲ့သည်။

ငလျင်နောက်ဆက်တွဲဖြစ်သည့် ဆူနာမီလှိုင်းလည်း ဖြစ်ပေါ်လာဖွယ်မရှိကြောင်း အမေရိကန်နိုင်ငံ အခြေစိုက် မြေငလျင်စောင့်ကြည့်တိုင်းတာရေးစင်တာက ထုတ်ပြန်သွားခဲ့သည်။

**Ref : Xinhua News**
**Trs : Sai Sat**

# ဒက်ဘီအပူပိုင်းမုန်တိုင်းသည် ဟာရီကိန်းမုန်တိုင်းအသွင် ကူးပြောင်းဖွယ်ရှိနေ

**ဝါရှင်တန် ဩဂုတ် ၄**

ကျူးဘားနိုင်ငံမှတစ်ဆင့်မက္ကဆီကိုပင်လယ်ကွေ့ကို ဖြတ်သန်းတိုက်ခတ်နေသည့် ဒက်ဘီဟုအမည်ပေးထားသော အပူပိုင်းမုန်တိုင်းသည် အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်သို့ ဦးတည်တိုက်ခတ်နေပြီး ၎င်းမုန်တိုင်းသည် ဟာရီကိန်းမုန်တိုင်းအသွင် ကူးပြောင်းဖွယ်ရှိနေကြောင်း အမေရိကန်ဟာရီကိန်း မုန်တိုင်းစင်တာက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့ သတင်းများအရ သိရသည်။

လက်ရှိ ဒက်ဘီမုန်တိုင်းကြောင့် လေတိုက်နှုန်းမှာ တစ်နာရီ မိုင် ၄၀ နှုန်းဖြင့် တိုက်ခတ်နေပြီး ပြင်းအားမှာ ဆက်လက်မြင့်တက်လာဖွယ်ရှိနေကြောင်း၊ မုန်တိုင်းသည် ဖလော်ရီဒါပြည်နယ်ဘက်ကို ဦးတည်နေကာ ဖလော်ရီဒါပြည်နယ်ဖြင့် မိုင် ၁၀၀ အကွာသို့ ရောက်ရှိတိုက်ခတ်လျက်ရှိကြောင်း၊ မုန်တိုင်းသည် ဖလော်ရီဒါပြည်နယ်အပြင် ဘဟားမားကျွန်းနိုင်ငံဘက်ကိုလည်း ဦးတည်တိုက်ခတ်သွားဖွယ် ရှိနေကြောင်း၊ ဒက်ဘီမုန်တိုင်းသည် ဟာရီကိန်းမုန်တိုင်းအသွင် ကူးပြောင်းတိုက်ခတ်ပါက အန္တရာယ်ရှိနိုင်ပြီး မုန်တိုင်းကြောင့် ရေကြီးရေလျှံမှုများလည်း ဖြစ်ပေါ်လာနိုင်ကြောင်း အမေရိကန် ဟာရီကိန်းစင်တာက သတိပေးချက်ထုတ်ပြန်ခဲ့သည်။

"ဒက်ဘီလို့အမည်ပေးထားတဲ့ အပူပိုင်းမုန်တိုင်းဟာ မက္ကဆီကိုပင်လယ်ကွေ့ကို ဖြတ်သန်းလာပြီဖြစ်ပါတယ်။ တစ်နာရီ ၁၄ မိုင်နှုန်းနဲ့ ရွေ့လျားလာတာဖြစ်ပါတယ်။ မုန်တိုင်းဟာ ဖလော်ရီဒါပြည်နယ်ဘက်ကို ဦးတည်နေပါတယ်။ မုန်တိုင်းဟာ ဟာရီကိန်းမုန်တိုင်းအသွင်ကို ကူးပြောင်းသွားနိုင်ပြီး လာမဲ့ ၃၆ နာရီ ဒါမှမဟုတ် ၄၈ နာရီအတွင်း ဖလော်ရီဒါပြည်နယ်ထဲကို ရောက်ရှိလာဖွယ်ရှိနေပါတယ်" ဟု အမေရိကန် ဟာရီကိန်းစင်တာမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

မုန်တိုင်းကြောင့် မိုးရေချိန်မှာ ၁၈ လက်မထိ မြင့်တက်သွားနိုင်ကြောင်းလည်း အမေရိကန် အမျိုးသား မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်သွားခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

# အီတလီနိုင်ငံ ဆာဒီနီယားကျွန်းတွင် အပူချိန် ဆက်လက်မြင့်တက်နိုင်

**ရောမ ဩဂုတ် ၄**

အီတလီနိုင်ငံ ဆာဒီနီယားကျွန်းတွင် အပူချိန်မြင့်တက်ပြီး မိုးခေါင်ရေရှားမှုနှင့် သောက်သုံးရေပြတ်လပ်မှုတို့ကြောင့် ဇူလိုင် ၃၀ ရက်က မိုးခေါင်ရေရှားမှုအရေးပေါ်အခြေအနေ ကြေညာခဲ့ပြီးနောက် လာမည့်ရက်ပိုင်းအတွင်း အပူချိန်ဆက်လက်မြင့်တက်နိုင်ကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက ထုတ်ပြန်ခဲ့သည်ဟု ဩဂုတ် ၃ ရက် သတင်းများအရ သိရသည်။

အီတလီနိုင်ငံ ဆာဒီနီယားကျွန်းတွင် မိုးခေါင်ရေရှားမှုနှင့်သောက်သုံးရေ ပြတ်လပ်မှုတို့ကြောင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ဥက္ကဋ္ဌဖြစ်သူ အလက်ဇန္ဒရားတော်ဒီဦးဆောင်၍ သက်ဆိုင်ရာ အာဏာပိုင်များက အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ကာ အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ကြောင်း သိရသည်။

ဒေသတွင်းအပူချိန်မြင့်တက်မှုကြောင့် ခရီးသွားလုပ်ငန်းများ ထိခိုက်မှုများ ဖြစ်ပေါ်လျက်ရှိပြီး မိုးမရွာသည်မှာ ရက်သတ္တပတ်များစွာကြာမြင့်နေပြီဖြစ်ကာ လာမည့်ရက်များအတွင်းအပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်ကျော်ထိ ဆက်လက်မြင့်တက်နိုင်ကြောင်း မိုးလေဝသဌာနက ထုတ်ပြန်သွားခဲ့သည်။

ဆက်လက်ဖြစ်ပွားနေသော ရေအကျပ်အတည်း၏ အကျိုးသက်ရောက်မှုများကို ထိန်းညှိရန်နှင့် ဘေးအန္တရာယ်လျော့ပါးရေးအစီအမံများကို အကောင်အထည်ဖော်ရန် အရေးတကြီးလိုအပ်လျက်ရှိကြောင်း အလက်ဇန္ဒရားတော်ဒီက သတိပေး ပြောကြားခဲ့သည်။

အီတလီ အထက်လွှတ်တော်အမတ် မာကိုမီလိုနီက အရေးပေါ်အခြေအနေအတွက် ထူးခြားသောအစီအမံများ ချမှတ်ရန်လိုအပ်ကြောင်း၊ မိုးခေါင်ရေရှားမှုကို ရေတိုဖြေရှင်းရန်သာမက အီတလီကျွန်းများပေါ်တွင် မိုးခေါင်ရေရှားမှုတိုက်ဖျက်ရေး ရေရှည်ဖြေရှင်းရေးမဟာဗျူဟာများ ချမှတ်လုပ်ဆောင်ရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : AZH**

# တရုတ်နိုင်ငံ စီချွမ်းပြည်နယ်တွင် ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုကြောင့် လူနှစ်ဦးသေဆုံးပြီး ၁၇ ဦး ပျောက်ဆုံးနေ

**ပေကျင်း ဩဂုတ် ၄**

တရုတ်နိုင်ငံ အနောက်တောင်ဘက်ပိုင်း စီချွမ်းပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းကာ ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုများကြောင့် လူနေအိမ်တချို့နှင့် အခြေခံအဆောက်အအုံတချို့ ပျက်စီးခဲ့ပြီး လူနှစ်ဦးသေဆုံးကာ ၁၇ ဦး ပျောက်ဆုံးနေကြောင်း တရုတ်နိုင်ငံ အရေးပေါ်စီမံခန့်ခွဲရေးဝန်ကြီးဌာန က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မြေပြိုကျမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ရှစ်ဦးရှိခဲ့ပြီး ၎င်းဒဏ်ရာရရှိသူများကို ဆေးကုသမှုများ ပြုလုပ်ပေးလျက်ရှိကာ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူများကိုလည်း ကယ်ဆယ်ရေးစခန်းများတွင် နေရာချပေးထားကြောင်း၊ ပျက်စီးဆုံးရှုံးမှုနှုန်း မြင့်မားခဲ့ခြင်းကြောင့် တရုတ်နိုင်ငံ အရေးပေါ်စီမံခန့်ခွဲရေးဝန်ကြီးဌာနက ကယ်ဆယ်ရေးဝန်ထမ်း ၂၆၈ ဦးနှင့် ကယ်ဆယ်ရေးလုပ်ငန်းအထောက်အကူပြုယာဉ် ၆၅ စီးကို စေလွှတ်ပေးခဲ့ကြောင်း သိရသည်။

"ရေကြီးရေလျှံမှုကြောင့် ကန်ဒင်မြို့နဲ့ လူဒင်ကောင်တီတို့မှာ နေအိမ်တချို့နဲ့ အခြေခံအဆောက်အအုံတချို့ပျက်စီးဆုံးရှုံးမှုတွေဖြစ်ပေါ်နေပါတယ်။ လူနှစ်ယောက်သေဆုံးခဲ့ပြီး ရှစ်ယောက်ဒဏ်ရာရရှိခဲ့သလို ပျောက်ဆုံးနေသူ ၁၇ ယောက် ရှိနေပါတယ်။ ကယ်ဆယ်ရေးဝန်ထမ်းတွေနဲ့ ကယ်ဆယ်ရေးအထောက်အကူပြု ပစ္စည်းတွေ၊ ယာဉ်တွေတော့ ပေးပို့စေလွှတ်ထားပြီးဖြစ်သလို ကယ်ဆယ်ရေးလုပ်ငန်းတွေလဲ ဆောင်ရွက်ပေးနေပါတယ်"ဟု စီချွမ်းပြည်နယ်အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရန်အတွက် China Anneng Construction Group Co.,Ltd ကလည်း ကယ်ဆယ်ရေးအထောက်အကူပြုပစ္စည်း ၃၅ မျိုးနှင့် ကယ်ဆယ်ရေးဝန်ထမ်းအဖြစ် ကုမ္ပဏီဝန်ထမ်း ၅၅ ဦးကို စေလွှတ်ကူညီပေးခဲ့ကြောင်း သိရသည်။

မြေပြိုကျမှုကြောင့် တံတားတချို့လည်း ပျက်စီးသွားခဲ့သည့်အတွက် ကယ်ဆယ်ရေးဝန်ထမ်းများအနေဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကန့်သတ်ချက်များရှိနေပြီး လေကြောင်းအကူအညီကိုပါ ရယူသွားဖွယ်ရှိနေကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**

# တစ်ပါးသွားအကကောင်းတဲ့ မင်းသားစိန်ကတုံး

**မောင်သင်းထုံ(ကျောက်မဲ)**



ဇာတ်သဘင်လောကမှာ မင်းသားစိန်ကတုံးဟာ သူ့ခေတ်သူ့အခါက အောင်မြင်တဲ့မင်းသားဖြစ်ပါတယ်။ ဆိုင်းသမားလောက ကနေ မင်းသားဖြစ်လာတဲ့ စိန်ကတုံးဟာ ငယ်ရွယ်စဉ်ကျောင်းသားဘဝကပင် ပလွေ၊ ပတ္တလား၊ ဒိုးပတ်၊ အိုးစည်၊ ဗုံရှည်တို့ကို တီးမှုတ်တတ်တယ်တဲ့။ စိန်ကတုံးကို အဖ ဦးကျော်ဦး၊ အမိ ဒေါ်ဒေါ်သစ်တို့က ၁၂၇၇ ခုနှစ် ဝါခေါင်လဆန်း ၁၃ ရက် ညောင်တုန်းမြို့မှာ မွေးဖွားခဲ့တယ်။

စိန်ကတုံး အကကောင်းတာတစ်ခုကတော့ ‘ကလေးက’ပါပဲ။ ကြည့်ရတာ စိန်ကတုံးကတာက ကလေးကတာနဲ့အတော်တူသတဲ့။ နောက်တစ်မျိုးက စိန်ကတုံးခေါ်းကိုင်ပြီး ကြိမ်းမောင်းတဲ့အကဟန်တစ်မျိုးတဲ့။ အဲဒါကတော့ ဝိဋူဘဇာတ်ထဲမှာကတာပါ။

‘ငါလဲငါပ၊ ဂုဏ်တဝနဲ့၊ ရာဇမင်းခေါင် ပတ္တမြားကျောက်၊ မီးတောက်၍ လောင်သည့်နှယ်၊ ရှောင်ပြီဘုသည်ကခါ လာလေရော့ရန်ကြမ်း စစ်ဆင်လို့ ဖမ်းတော့မယ်၊ ရွှေနန်းမအသုံးတော်ခံက၊ ကိုင်း အမြှောက်သံလိမ့်’အဲဒီလိုကြီး စိန်ကတုံးက ခေါ်းကြိမ်းကြိမ်းပြီး ဆိုင်းချက်နဲ့အညီထွက်တာကို ပရိသတ်က သိပ်ကြိုက်ကြတာ။

စိန်ကတုံးဟာ ယောကျ်ားမင်းသမီး အောင်ဗလနဲ့လဲ တွဲကသေးတယ်။ အဲဒီတုန်းက အောင်ဗလမှာ မင်းသားမဲ့နေတော့ စိန်ကတုံးကိုခေါ်လိုက်တာ။ စိန်ကတုံးက အောင်ဗလကို ‘ညီလေး’လို့ခေါ်တယ်။ ခုနစ်နှစ်တောင်မှကြီးတာကိုး။ သူတို့ခေတ်မှာတုန်းက မင်းသားလို့သာပြောတာ၊ မကတတ်တဲ့မင်းသားတွေက ရှိတော့ တွေ့တွေ့ချင်း အောင်ဗလက မေးတာပါတဲ့ ဆိုနေ “ကတတ်ရဲ့လားလို့လေ”

အဲဒီတော့ စိန်ကတုံးက “ကတဲ့အခါကျ မြင်မှာပေါ့” လို့ ပြန်ပြောသတဲ့။ နှစ်ယောက်သားထွက်ကဖို့ အောင်ဗလကသာ ပြင်ဆင်ဖြီးလိမ်းနေတာ ‘စိန်ကတုံးကတော့ ပွဲထွက်ခါနီးထိ ဘာမှမပြင်သေးဘူးဆိုပါကလား’ နောက်တော့မှား စိန်ကတုံးက အနားကပ်ခါမှကောက်ပြင်လိုက်တာ မြန်ချက်၊ အောင်ဗလနဲ့အတူ အလှပြင်လို့ပြီးတာတဲ့။ ကဲ။

ကကြတော့လဲ စိန်ကတုံးဆိုတာက အကကောင်း၊ ကြည့်လို့လှ၊ အက ကလဲဆန်းတော့ အကကောင်းတဲ့ အောင်ဗလဆိုတာ သဘောကျတာပေါ့။ ဒီတော့လား တစ်လှည့်စီကရမှာ။ အောင်ဗလက သူ့အလှည့်တောင် မယူတော့။ စိန်ကတုံးကိုပဲ အလှည့်ပေး ကစေတော့တာတဲ့။ အမှတ်တရကတော့ အဲဒီသူတို့နှစ်ယောက်ဟာ ‘ရှော်တန်းရုံ’က စတွဲခဲ့ကြတယ်ဆိုပဲ။ အကျိုးဆက်ကတော့ စိန်ကတုံးဟာ အောင်ဗလနဲ့တွဲမှ နာမည်ပိုကျော်လာတော့တာပါပဲ။

စိန်ကတုံးဟာ ဇာတ်သဘင်လောကမှာ ဖိုးစိန်ကို ယှဉ်လာနိုင်တာက အကြောင်းရှိပါတယ်။ အဲဒါကတော့ ဗလာဆိုင်းမရှိချိန်မှာ စိန်ဗေဒါက စိန်ကတုံးရဲ့ဇာတ်မှာ လိုက်တီးပေးလို့ပါပဲ။ တချို့အရပ်ဒေသတွေမှာက ဆိုင်းကို ဝါသနာဇွဲနဲ့နားထောင်လေ့ရှိတတ်ကြပါတယ်။ စိန်ဗေဒါကတော့ ဇာတ်မင်းသားတွေထဲမှာ စိန်ကတုံးကိုတော့ ချစ်သတဲ့။ ဘာပြုလို့ချစ်တာလဲဆိုတော့ သူနဲ့ စိန်ကတုံးတို့ဟာ နေရာတော်တော်များများမှာ ခံယူချက်တွေ တူကြလို့ပါပဲတဲ့။

စိန်ကတုံးဆိုတာက ဆိုင်းဆရာသားကနေ မင်းသားတက်ဖြစ်လာတော့ ပတ်တီး၊ ကြေးတီးလဲတတ်သတဲ့။ စိန်ကတုံးဟာ ကြေးနဲ့ပတ်သက်တာတွေမကဘဲ စန္ဒရားအပါအဝင် တူရိယာအတော်များများကိုလဲ တီးတတ်သူပါ။ ဒီတော့ စိန်ကတုံးဟာ မန္တလေးရောက်ရင် အလကားမနေပါဘူး။ စိန်ဗေဒါဆီမှာ သီချင်းတက်တယ်။ သီချင်းကြီး၊ သီချင်းခံတွေကိုလဲ စိန်ကတုံးက အတော်လိုက်စားတယ်။ သီချင်းကြီးတွေကိုလဲ ဆိုပြနိုင်တဲ့သူတဲ့။

စိန်ကတုံးက အသံမရှိပေမဲ့ အဆိုလဲသင်တာပဲ။ အတီးလဲသင်တာပဲတဲ့။ တစ်နှစ်မှာတော့ စိန်ကတုံးဟာ စိန်ဗေဒါဆီမှာ ပတ်ပျိုးတစ်ပုဒ်သင်သတဲ့။ နောက်ဇာတ်ကဖို့စာချုပ်လဲချုပ်ထားတာရှိသတဲ့။ စိန်ဗေဒါဆီက ပတ်ပျိုးသင်ပြီးလို့ ပြန်မလို့ သဘော်ဆိပ်ကိုဆင်းပြီးမှ ည ၉ နာရီလောက်ကျတော့ တစ်ခေါက်ပြန်ရောက်လာပြန်တယ်။ ဘာပြုလို့လဲဆိုတော့ သူသင်သွားတဲ့ ပတ်ပျိုးထဲက အပိုဒ်ကလေးတစ်ပိုဒ်မေ့နေလို့ ပြန်လာမေးတာတဲ့။ ဒီတော့လဲ စိန်ဗေဒါက ပြန်တီးပြလိုက်ရတာပေါ့။ တကယ်ဆိုရင် နောက်လဲ စိန်ဗေဒါနဲ့က ပြန်တွေ့ကြအုံးမှာကိုပဲ မစောင့်နိုင်ဘဲ ပညာအပေါ်လေးစားတတ်တဲ့စိန်ကတုံးကိုတော့ စိန်ဗေဒါက သိပ်လေးစားသွားသတဲ့။

စိန်ကတုံးဟာ စိန်ဗေဒါနဲ့တွဲလိုက်တော့မှ နာမည်တွေတက်လာလိုက်တာ။ တစ်ခါမှာတော့ ပြည်မှာ ပွဲကကြတဲ့အခါ စိန်ကတုံးဇာတ်နဲ့ ဖိုးစိန်ရဲ့ဇာတ်ရုံတို့ယှဉ်ပြီးမှ ကလျက်သားကြုံရသတဲ့။ အဲဒီအခါမှာဆို ဖိုးစိန်က ညစ်ပြီး စိန်ကတုံးနဲ့စိန်ဗေဒါတို့ကို စောင်းမြောင်းပြီးမှ မခံချိမခံသာတွေ လှမ်းပြောတာတဲ့။ စိန်ကတုံးက မခံသာလို့ တုံ့ပြန်မယ်ဆိုတော့ စိန်ဗေဒါက တားသတဲ့။ အဲဒီလိုနည်းနဲ့ စိန်ဗေဒါက စိန်ကတုံးကောင်းတာတွေကို ပေါ်လွင်အောင် ဆောင်ရွက်ပေးခဲ့ဖူးတယ်ဆိုပဲ။

ဆိုင်းနဲ့ဇာတ် တွဲဖက်ကြတဲ့အထဲမှာ စိန်ကတုံးဇာတ်နဲ့ စိန်ဗေဒါတို့ဆိုင်းတွဲဖက်မှုဟာ အတော့်ကိုအဆင့်အတန်းမြင့်တဲ့တွဲဖက်မှုဆိုပဲ။ အဲဒီတုန်းက စိန်ကတုံးဟာ စိန်ဗေဒါအဖွဲ့ကို တစ်လ ငွေကျပ် ၁၀၀၀ ထိ အမြင့်ဆုံးဆုပေးခဲ့တယ်။ နောက်ပြီးတော့ ပွဲခင်းထဲမှာ ဇာတ်ရုံအပြင် ဆိုင်းသမားတွေပါ အိပ်စက်နားနေဖို့ သီးခြားအဆောင်ဆောက်ပေးတာတဲ့။ နို့မဟုတ်ရင် ဆိုင်းသမားတွေဆိုတာ ကိုယ့်ဆိုင်းနားတင် ဖြစ်သလိုအိပ်စက်ရတော့ ဒုက္ခရောက်တာပေါ့။ စိန်ကတုံးကတော့ ကိုယ့်ရဲ့သဘင်ပညာရှင်ဘက်တော်သားတွေအရေးကို အမြဲဂရုပြုတတ်တဲ့သူပါတဲ့။

စိန်ကတုံးက နှစ်ပါးသွားကတော့မယ်ဆိုရင် သူကိုယ်တိုင်ရေးစပ်ထားတဲ့ ပလ္လင်ရှစ်ခန်းသီချင်းတို့၊ စစ်ကိုင်း ၉ချောင်သီချင်းတို့၊ ညီတော်မင်းနန္ဒချွတ်ခန်းသီချင်းတို့၊ လူပျိုကြီးသီချင်းတို့ကိုဆိုပြီးမှ ကတာပါ။ ဖိုးစိန်ကတော့ ချစ်ရေးကြိုက်ရေးသီချင်းတွေဆိုပြီးမှ ကတဲ့သူပါ။

မင်းသမီး‘ချော့’ခန်းမှာတော့ စိန်ကတုံးက ဆရာရွှန်းကြီးအချော့တို့၊ ကိုဘိုးကွန့်အချော့တို့၊ ရှေးက မြေဝိုင်းဇာတ်မှာနာမည်ကြီးခဲ့တဲ့ ကိုကျီးဖြူအချော့တွေနဲ့ ချော့တတ်တယ်။ စိန်ကတုံးက ပညာသည်တွေရဲ့ပညာကို အင်မတန်ဆည်းပူးတဲ့သူပါ။ စိန်ကတုံးဟာ အဲဒီလို ရှေးခေတ်နှစ်ပါးသွားအကတွေ ဖော်ထုတ်နိုင်အောင်လဲ လေ့လာအားကောင်းခဲ့တဲ့သူပါ။

စိန်ကတုံးဆိုတာက ဆိုင်းသမားလောက ကနေမှ မင်းသားဖြစ်လာခဲ့တော့ တစ်ခါတလေ ပွဲမထွက်ခင် ညှော်ခံတီးလုံးတွေတီးရင် ခေါင်းမှာ တဘက်ကြီးပေါင်းပြီးမှ စိန်ကတုံးက ဆိုင်းဝင်တီးချင်တီးနေသေးတာတဲ့။ အဲဒါကို မင်းသားမှန်းမသိတဲ့သူတွေက “ဗျို့ ဦးကြီး ရုံဝင်လက်မှတ်ဝယ်တာက ဘယ်နားလဲဗျ” လို့ မေးချင်လာမေးကြသေးတာတဲ့။ ကဲ။

တစ်ခါတစ်လေကျတော့ စိန်ကတုံးဟာ ကနေရင်း နှစ်ပါးခွင်မှာ သူဆိုင်းတီးကွက်ကို ထည့်တာကဒီလိုတဲ့။ ဥပမာ ဩဘာစိန်နဲ့တွဲကနေရင်းက “ဟော့ဒီမှာမင်းသမီး၊ မင်းက ငါပညာပြည့်ဝတဲ့မင်းသမီးဆိုပြီး မာနမကြီးချင်ပါနဲ့ကွာ။ ငါနဲ့ပြိုင်ကြမလား။ ငါကဆိုင်းတီးမယ်၊ မင်းက က။ ဘယ်နှယ့်လဲ ပြိုင်ရဲသလာ”ပေါ့။ ဩဘာစိန်ကလဲ “စမ်းကြည့်လေ ပြိုင်ကြတာပေါ့”ဆိုပြီး နှစ်ပါးခွင်မှာ ပြိုင်ကြတာတဲ့။ စိန်ကတုံးက အတီးမှာလဲ ကျွမ်းကျင်တော့ လက်စွမ်းပြတီးတာ ဩဘာစိန်ကလဲ ကပေါ့။ ဒါပေမဲ့ သီချင်းချရမဲ့နေရာကျတော့ စိန်ကတုံးက ပညာပြပြီး သီချင်းကိုမချဘဲ ဆက်ဆက်ပြီးတီးနေလိုက်တာ သုံးလေးပိုဒ်တောင်တဲ့။ နောက်ဆုံးမတော့ ဩဘာစိန်တစ်ယောက် မောပြီးမှ ဝမ်းလျှားမှောက်ချရတော့တာပါပဲတဲ့။ စိန်ကတုံးဆိုတာက အဲဒီလိုမင်းသားပါ။

ဖိုးစိန်နဲ့ တခြားမင်းသားတွေက မင်းသမီးအများကြီးတွေနဲ့ ဇာတ်စင်ပေါ်မှာ လူပြက်တွေအများကြီးရံပြီးမှ နှစ်ပါးသွားကို တခမ်းတနား အသားယူ ကပြကြပေမဲ့ စိန်ကတုံးတို့များ ထွင်ချက်ကတော့ ‘တစ်ပါးသွား’ ဆိုပြီး အော်ပရာတွေကပါရော့လား။ ပန်းရောင်ပဒုမ္မာဆိုတဲ့ အစီအစဉ်မှာ မင်းသားလုပ်တဲ့လူက ကြာဖူးထဲကထွက်လာပြီးမှ ခေါ်မီးစလွယ်နဲ့ကတဲ့ အကဟာ ကျက်သရေရှိပြီး လှတယ်လို့ပြောကြပါတယ်။ သူက လက်နဲ့လှအောင်ကနိုင်တဲ့မင်းသားဆိုတော့ တစ်ပါးသွားအကမှာ လက်တစ်ဖက်တည်းကိုပဲ လျှပ်စစ်မီးပွင့်လေးတွေဆင် ဇာတ်စင်တစ်ခုလုံး အမှောင်ချပြီးမှ တစ်ပါးသွားအက ကသွားလိုက်တာများ ပရိသတ်တွေဆိုတာ အံ့ဩလို့မဆုံးကြတော့ဘူးတဲ့။

စိန်ကတုံးက နှစ်ပါးသွားကပြီးလို့ စခန်းချတော့မယ်ဆိုရင် တခမ်းတနားချတတ်တယ်။ ပွဲကြည့်ပရိသတ်တွေကတော့ စိန်ကတုံး အမြဲစခန်းသိမ်းတတ်တဲ့ စခန်းသိမ်းယိုးဒယားကို သိပ်ကြိုက်ကြတာ။ ‘ပန်းသလားမေပျို နန်းရွှေကိုယ်’ စခန်းသိမ်း တံတျာတေကြိုကို မဟာဂီတလိုက်စားတဲ့သူတွေက သိပ်ချီးကျူးကြတယ်ပြောပါတယ်။ တစ်ခါတလေတော့ စိန်ကတုံးဟာ စခန်းချကို သီချင်းနဲ့တင်မကပါဘူး။ လူပါဇာတ်ခင်းပြီး စခန်းချလို့ ဖိုးစိန်ကတောင်မှ လိုက်တုပရသေးတယ်လို့ ကြားဖူးပါတယ်။ တစ်ပါးသွားအကကောင်းတဲ့မင်းသား စိန်ကတုံးဟာ ၁၂၉၂ ခုနှစ် ပြာသိုလပြည့်ကျော် ၂ ရက် ပွဲလှည့်စဉ် မုံရွာမြို့မှာပင် ကွယ်လွန်ခဲ့ပြီး သူချစ်တဲ့ ပရိသတ်ကို ထားခဲ့ရပါတော့တယ်။

**ကိုးကား**

– **လူထုဒေါ်အမာ၏ အောင်ဗလစိန်ကတုံး**

❖ စိန်ကတုံးဆိုတာက ဆိုင်းဆရာသားကနေ မင်းသားတက်ဖြစ်လာတော့ ပတ်တီး၊ ကြေးတီးလဲတတ်သတဲ့။ စိန်ကတုံးဟာ ကြေးနဲ့ပတ်သက်တာတွေမကဘဲ စန္ဒရားအပါအဝင် တူရိယာအတော်များများကိုလဲ တီးတတ်သူပါ။ ဒီတော့ စိန်ကတုံးဟာ မန္တလေးရောက်ရင် အလကားမနေပါဘူး။ စိန်ဗေဒါဆီမှာ သီချင်းတက်တယ်။ သီချင်းကြီး၊ သီချင်းခံတွေကိုလဲ စိန်ကတုံးက အတော်လိုက်စားတယ်။ သီချင်းကြီးတွေကိုလဲ ဆိုပြနိုင်တဲ့သူတဲ့။ စိန်ကတုံးက အသံမရှိပေမဲ့ အဆိုလဲသင်တာပဲ။ အတီးလဲသင်တာပဲတဲ့။ ❖

## ရေဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၀၀၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ရေဦး ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၀၀၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ရေဦးမြို့နယ်တွင် ပဲတီစိမ်း ၁၀၇၈ ကေစိုက်ပျိုးရန် လျာထားပြီး မေလမှစ၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၀၉ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ ပဲတီစိမ်း ၁၀၇၈ ကေ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၀၀၉ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီးတိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်း ကောင်းမွန်ဖို့နဲ့ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ အသိပညာပေးတာတွေရှိပါတယ်”ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ယခုနှစ် ရေဦးမြို့နယ်တွင် ပဲတီစိမ်း စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲတီစိမ်းအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းများ စသည်တို့ကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်အမျိုးသမီးဗိုလ်လောင်း လျှောက်လွှာများအား ၁၇-၆-၂၀၂၄ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၁၅-၈-၂၀၂၄** ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့ လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည် တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး (ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ**

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဗ္ဗာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

# ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၉၃၈၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ငပုတော ဩဂုတ် ၄**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၉၃၈၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၇၀၇၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ စပါး ၁၉၃၈၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ဟိုင်းကြီးကျွန်းမြို့မှာ မိုးသီးနှံတွေ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ လုပ်နေပါတယ်။ စိုက်ပျိုးမဲ့စပါးတွေကို ဆောလျင်စွာစိုက်ပျိုးနိုင်ဖို့၊ လျာထားဧကပြည့်မီစေဖို့နဲ့ အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ လုပ်ငန်းတွေကို ကြိုတင်ဆောင်ရွက်ပေးထားပါတယ်။ မိုးသီးနှံတွေ အထွက်နှုန်းကောင်းစေဖို့နဲ့ ပိုးမွှားအန္တရာယ် ကျရောက်မဖျက်ဆီးစေဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့တောင်သူတွေ ပူးပေါင်းပြီး ဆောင်ရွက်ထားပါတယ်”ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

မိုးသီးနှံများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများပူးပေါင်း၍ စိုက်ပျိုးရေးအတွက်အရေးပါသည့် ဆည်မြောင်းများပြုပြင်ခြင်း၊ တာတမံများကျိုးပေါက်ခြင်းမရှိစေရန် တာပေါင်မြှင့်တင်ခြင်း၊ ရေသွယ်ဆည်မြောင်းများကို မြေသားနှိုက်ခြင်း၊ ရေစိမ့်ပေါက်၊ ရေထွက်ပေါက်များ ရှာဖွေခြင်း စသည့်လုပ်ငန်းများကို မိုးသီးနှံများမစိုက်ပျိုးမီ ကြိုတင်စီမံဆောင်ရွက်ပေးထားကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# မြို့သစ်မြို့နယ် မြင်းစုကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြို့သစ် ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် လိုအပ်သောငွေကြေးအရင်းအနှီးများရရှိစေရန်ရည်ရွယ်၍ မြင်းစုကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ရန်ပုံငွေ ထုတ်ချေးပေးခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းအကြောင်းအရာများ၊ စီမံကိန်းမှ ရရှိလာမည့်အကျိုးကျေးဇူးများ၊ အတိုးဆပ်ကာလ၊ အရင်းဆပ်ကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာမတည်ရန်ပုံငွေကျပ် ၂၃ ဒသမ ၁ သန်းကို မြင်းစုကျေးရွာ မတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် VRFP စီမံကိန်းကော်မတီဝင်များက မြင်းစုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၃ ဦးကို ငွေကျပ် ၂၃ ဒသမ ၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြင်းစုကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး အဆိုပါစီမံကိန်းမတည်ရန်ပုံငွေများဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ တစ်ပိုင်တစ်နိုင် အသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အတွက် ကျေးလက်နေပြည်သူများ၏ မိသားစုဝင်ငွေတိုးပွားလာမည်ဖြစ်ကြောင်း သိရသည်။ **အိပိုးပိုး**




အင်းဝဘဏ်လီမိတက် ဘဏ်ခွဲပေါင်း (၇၇)ခု နှင့် နိုင်ငံခြားငွေ လဲလှယ်ရောင်းဝယ်ရေးကောင်တာ ( MONEY CHANGE COUNTER )(၀၃) ခုတို့တွင် လူကြီးမင်း၏ ငွေကြေးဆိုင်ရာ ကိစ္စရပ်များအား အင်းဝဘဏ်လီမိတက်ဘဏ်ခွဲများတွင် လွယ်ကူလျင်မြန်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။


## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ဒေါ်နှင်းရင်ခြံလမ်း၊ အမှတ်(က/၂၅)(၅)ထပ်တိုက်၏ ဒုတိယထပ် မျက်နှာမူရာတိုက်နှင့် မျက်နှာချင်းဆိုင် ညာဘက်ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား ၁၅ × အနံ ၄၀ ပေ)ရှိတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးမြင့်ကျော် (၁၂/အစန(နိုင်)၀၉၀၈၈၅)မှ ၎င်းအမည်ပေါက်ဂရန်မြေဖြစ်ပြီး မိမိသာလျှင် တရားဝင်လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချခွင့်ရှိကြောင်း အပေးအကမ်း၊ အပေါင်အနှံ၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်မိတ်ဆွေ ဒေါ်ခိုင်မိုးဝါ (၁၂/အစန(နိုင်)၁၇၃၃၂၆)ထံသို့ ရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသ(စရန်ငွေ)ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဒေါ်မီမီထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၈၂၅၇)**
**အင်းစိန်စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။**
**ဖုန်း-၀၉-၈၈၀၆၄၈၈၈၀**

## ပျောက်ဆုံးကြောင်း

ကလေးဝမြို့နယ်၊ မစိန်ကျေးရွာနေ ဦးအေးမင်းအောင် (ဘ) ဦးအေးကို (၅/ကလဝ(နိုင်)၀၃၀၇၂၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-081556) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၅၃၅၁၄၁၆၄

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**
**လိုအပ်သည်ဟု ခံစားနေရပါက**
**သတင်းအချက်အလက်မျှဝေရာစင်တာသို့**
**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

"အဂတိပယ်ခွာ ပြည်သာယာ"
**Remove Corruption, Promote Prosperity**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သိက္ခာ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
**Email Address – accm@accm.gov.mm**
**Website Address – http://www.accm.gov.mm**

- မိမိတို့အနေဖြင့် နိုင်ငံခြားငွေရရှိရေး ပြည်ပသို့ ပို့ကုန်(Export) တိုးမြှင့်နိုင်ရန်လို...
- ထိုသို့ ဆောင်ရွက်နိုင်ရန် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်...
- Border Trade ကို အားပေးဆောင်ရွက်သကဲ့သို့ Normal Trade များ တိုးတက်ရေးအတွက်လည်း ဆောင်ရွက်ကြရန်လို...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၇/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မကျိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

### မှတ်သားဖွယ်ရာ မိုးရေချိန်များ

၄-၈-၂၀၂၄

| | | | | |
|---|---|---|---|---|
| ကျောက်ဖြူ | ၃ | ဒသမ | ၇၉ | လက်မ |
| ဘားအံ | ၃ | ဒသမ | ၅၄ | လက်မ |
| နေပြည်တော် | ၃ | ဒသမ | ၁၅ | လက်မ |
| ဗိ | ၂ | ဒသမ | ၈၀ | လက်မ |
| ဓနုဖြူ | ၂ | ဒသမ | ၆၄ | လက်မ |
| သထုံ | ၂ | ဒသမ | ၂၄ | လက်မ |

အိုလံပစ်အားကစားပွဲတော် အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲတွင် တရုတ်တင်းနစ်မယ် ကျန်းကွင်းဝမ် ရွှေတံဆိပ်ဆွတ်ခူး

စာမျက်နှာ - ၈

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာငွေကျပ် ၅၇၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

စာမျက်နှာ - ၂၁

မြောက်ကိုရီးယား ရေကြီးရေလျှံမှုအတွက် အကူအညီများပေးအပ်ရန် ရုရှားနိုင်ငံက ကမ်းလှမ်းခဲ့

စာမျက်နှာ - ၂၈



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

# တရားမဝင်သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊လုပ်ငန်းသုံးပစ္စည်းများနှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁ ရက်တွင် ပြည်ခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၁၅ ဒသမ ၇၅၆ တန်နှင့် သစ်မာ သုည ဒသမ ၁၉၀ တန်ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၃၄၈၀၀ ကိုလည်းကောင်း၊ဩဂုတ် ၂ ရက်တွင် ပဲခူးခရိုင်နှင့် တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၃ ဒသမ ၇၁၂ တန်၊

**စာမျက်နှာ ၂၂ ကော်လံ ၁** ☆

ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

ရွှေမန်းသူ

အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း

ပါရမီလက်မှတ်အရောင်းဌာန

ရွှေမန်းသူ ၀၉၂၅၄၇၈၁၀၆၀၊ ၀၉၂၆၁၄၀၀၈၄၄

ရွှေမြိုင်သူ ၀၉၂၆၁၄၀၀၈၅၅

ရှမ်းမလေး ရန်ကုန်မြို့တွင်း G & G Store ဆိုင်များ

ဗုသိမ်သူ Online Easy Ticket, Go - Auto Ticket

ရန်ကုန် —
- နေပြည်တော်
- တောင်ကြီး
- မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
- ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ
- ပုဂံ (ညောင်ဦး) - ပခုက္ကူ
- မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
- မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမီ
- တောင်ငူ - ဆွာ - ရေနီ
- ပုသိမ်




ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု